www.burmeseclassic.com

# အလင်းသစ်

# ဖြတ်မရတဲ့ကြိုး



(အချစ်လုံးချင်းဝတ္ထု၊ သစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ ဩဂုတ်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုးတော်လမ်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုးတော်လမ်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး – ၁၂၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅.၈၃
အလင်းသစ်
ဖြတ်မရတဲ့ကြိုး / အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) ဖြတ်မရတဲ့ကြိုး


# အလင်းသစ်

# ဖြတ်မရတဲ့ကြိုး

(ငွေရတုအထိမ်းအမှတ်)

www.burmeseclassic.com

www.burmeseclassic.com



ချစ်သောပရိသတ်ကြီးများရှင် . . .

ဤဇာတ်လမ်းသည် (၂၅) အုပ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ရေးသားသောစာအုပ်မို့ ထူးထူးခြားခြား "မိုးစက်ပွင့်" နာမည်ကို ဇာတ်ကောင်အဖြစ် ထည့်ရေးထားပါသောကြောင့် ပရိသတ်များရှင်ထဲမှာ . . .

တကယ့်အဖြစ်အပျက်လားလို့ တွေးစရာ၊ ထင်စရာတွေဖြစ်လာမှာစိုးတာကြောင့် ဇာတ်လမ်းကို ဇာတ်လမ်းအဖြစ်နှင့်သာ ခံစားဖတ်ရှုပေးပါရန် ကြိုတင်တောင်းပန် မေတ္တာရပ်ခံပါသည်။

<u>မှတ်ချက်</u>

စိတ်ကူးယဉ်ဇာတ်လမ်းသာ ဖြစ်ပါသည်။

အလင်းသစ်

www.burmeseclassic.com

www.burmeseclassic.com





အနန္တော အနန္တငါးပါးကို ဦးထိပ်ထား၍
ကျေးဇူးတင်ထိုက်သူအားလုံးကို
အထူးကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ လမ်းခွဲနိုင်းမလို့လား မိုး။ မောင် ဒီလိုမလုပ်နိုင်ဘူး နော်။ မိုးကို မောင်ချစ်တယ်။ ချစ်လွန်းလို့လည်း အရာရာကို ခွင့်လွှတ်နားလည်ပေးနိုင်အောင် မောင် ကြိုးစားခဲ့တာ။ မောင် ဒီထက်ပိုပြီး နားလည်မပေးနိုင်တော့ဘူး မိုး။ ဘာလဲ သူက မိုး မခေါ်ရင် သေသွားမှာတဲ့လား။ အခုဖြစ်တာရော မိုးနဲ့ ဘာဆိုင်လို့လဲ။ သူချစ်သူတစ်ယောက်လုံး သူ့ဘေးနားမှာ ရှိနေတာပဲ။ မိုးရှိနေမှ လိုအပ်လားပြောပါဦး။ မင်းတို့ကို မောင် ဘယ်လိုနားလည်ပေးရမှာလဲ။

**မြတ်သောမောင်**



နံပါတ်တွေချိတ်နေရအောင် မိုးရင်ဘတ်က ဘယ်သူက ဥက္ကဋ္ဌ၊ ဘယ်သူက အတွင်းရေးမှူးဆို ခွဲခြားခန့်အပ်ထားတဲ့ လူကြီးအစည်းအဝေးရုံးခန်း မဟုတ်ဘူး မောင်။ ဘောကွင်းထဲက ဘောတစ်သင်းလို နံပါတ်တိုင်းက အရေးကြီးတယ်၊ နံပါတ်တိုင်းက အဓိကကျတယ် မောင်ရဲ့၊

**မိုးမှလဲ (ခ) မိုးစက်ပွင့်**

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကို သိပ်ချစ်လို့ပါဆိုတဲ့ ဆင်ခြေကို မင်းမပေးနဲ့ မြူ။ တကယ်ချစ်ရင် မင်း ငါ့စိတ်ကို နားလည်ရမှာ။ ခု မင်းက သံသယနဲ့။ "တို့" ရဲ့ မြူ့စင်တဲ့မေတ္တာတရားကို စော်ကားနေတာ။ မင်းမသိရင် မှတ်ထား မြူ။

၁၅၀၀ သောအချစ်က ဒီတစ်ယောက်မကောင်းရင် နောက်တစ်ယောက်ပြောင်းဖို့ အစားထိုးလို့ရတယ်။ ၅၂၈ မေတ္တာက ခုတ်လို့လည်း မပြတ်၊ ချိုးလို့လည်း မကြေတဲ့ရေ။ အစားထိုးလို့မရဘူးဆိုတာ မင်း နားလည်ထားစမ်းပါ။

**ဘုန်းမြတ်သော်ဝင် (ခ) မိုးစက်မောင်**



အခု ကိုကိုက မြူ့ကို ဖြတ်လိုက်ပြီလေ။ မမကြောင့် ပြဿနာ ဖြစ်ကြတာပေါ့။ မမကျေနပ်တယ် မဟုတ်လား။ ဒီပွဲမှာ မမကနိုင်တဲ့သူ၊ မြူက အရှုံးသမားလေ။ ပြောတော့လည်း မြူမြူစင်စင် မောင်နှမသံယောဇဉ်နဲ့ ချစ်ကြတာပါတဲ့။ ချစ်သူကိုတော့ ဥပေက္ခာပြုပြီး မမအနားမှာပဲ အချိန်ပြည့်ရှိနေတတ်တာ မြူစင်တာလား။

ပုခက်ထဲက ကလေးကို ပြောပြတောင်သိတယ်။ ကိုယ့်ကို မခင်တွယ်တော့ဘူးဆိုမှတော့ ကိုယ်ကလည်း တွယ်ငင်စရာ အကြောင်း မရှိတော့ဘူးပေါ့။

**မမြင့်မြတ်မြူ**

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟော့ကောင်"

"အမေ့"

"ဟား ဟား ဟား ဟား"

ဆိုဖာပေါ်မှာထိုင်ပြီး ဝတ္ထုတစ်အုပ်နှင့် ငြိမ့်နေတဲ့ ဘုန်းမြတ်သော်ဇင်တစ်ယောက် ပခုံးကိုပုတ်ပြီး ခပ်ကျယ်ကျယ်ခေါ်လိုက်တာကြောင့် လန့်သွားတာ ဖြစ်လေ၏။ လန့်မှာပေါ့ စိတ်က စာအုပ်ထဲမှာပဲ အာရုံနှစ်နေတော့ သူငယ်ချင်းတွေ ဝင်လာတာကို မသိလိုက်ဘူးလေ။ သူက ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါသူ။ အလုပ်မရှိ အကိုင်မရှိ မဟုတ်ပေမယ့် –



www.burmeseclassic.com

www.burmeseclassic.com



အားရင်အားတဲ့အချိန်လေးလုပြီး စာဖတ်တော့တာပါပဲ။ သူက ဘာကိုစုံလေ။ မိတလုပ်ငန်းတွေကို ကူညီသလို သူငယ်ချင်းတွေနဲ့ လည်း အသွားအလာမပျက် စာလည်းဖတ်ဖြစ်အောင်ဖတ်တော့ စကားပြောပြီဆို စကားလုံးတွေကပြောင်မြောက်တာနဲ့အမျှ သူငယ်ချင်း တွေက စုကြသည့်မှာ မင်းက သိပ်စကားကြီး စကားကျယ်ပြောတတ်တဲ့ ကောင်တဲ့။

သူ့အထင်တော့ –

စာဖတ်တဲ့သူနှင့် စာမဖတ်တဲ့သူ အတွေးအခေါ် အယူအဆ အသိတရားနဲ့ ဗဟုသုတရှိတာချင်း ကွာတယ်လို့ထင်မိ၏။ အင်တာနက် ခေတ်မှာ စာဖတ်တဲ့သူက မရှိသလောက် ရှားသွားပြီပေမယ့် ဘုန်းမြတ်သော်ဇင်ကတော့ စာပေကို ချစ်မြတ်နိုးနေတုန်းပါပဲ။ လူဆိုတာ သူ့မိတ်နှင့် သူပဲလေ။

"ဘာရယ်တာလဲ၊ ရယ်စရာလားကွ"

"ရယ်စရာပေါ့ကွ၊ မင်းပုံစံကိုလည်း ပြန်ကြည့်ဦး"

"ငါက ဘာဖြစ်နေလို့လဲ"

"ယောက်ျားဖြစ်ပြီး လန့်လို့လေ။ မကြောက်ပါနဲ့ မမြဝင်းရယ် မိုးပေါ်ထောင်ပစ်တာပါ"

"လန့်မှာပေါ့ . . . မင်းတို့က ရုတ်တရက်ကြီး ဝင်လာတာကို"





"ရုတ်တရက် မဟုတ်ပါဘူးကွာ။ မင်းကိုက ပတ်ဝန်းကျင်ကို ဂရုမစိုက်တာ။ စာအုပ်ဖတ်နေလို့ကတော့ မင်းခေါင်းကို ဝင်ဖြတ်သွားတောင် သိမှာမဟုတ်ဘူး"

"ဖတ်ရမယ်လေ အလိမ္မာ စာမှာရှိတဲ့"

"လာပြီ"

စကားကြီး စကားကျယ် ပြောတယ်လို့ ဖွင့်မပြောပေမယ့် ပြောလိုက်သလိုပါပဲ။ စည်သူဝင်းက သူ့လက်ထဲမှာကိုင်ထားတဲ့ စာအုပ်မျက်နှာဖုံးကို လိုက်ငုံ့ကြည့်ပြီး –

"ထင်တဲ့အတိုင်းပဲလေ"

"ဘာလဲ"

ကောင်းမြတ်သူက ပြန်မေးလေတော့ –

"စာရေးဆရာက မိုးစက်ပွင့်ပဲမို့လို့ပေါ့။ ဒီကောင်က အဲဒီစာရေးဆရာမစာအုပ်တွေကို အဖတ်များလို့ပြောတာ"

"ကြိုက်တာကိုးကွ"

"အဲလောက်တောင်ကြိုက်သလား"

"ကြိုက်တာပေါ့ စာရေးဆရာတစ်ယောက်ကို အရေးအသားတစ်မျိုးစီနဲ့ ကောင်းကြတာချည်းပဲ။ ဖတ်တဲ့သူကလည်း ကိုယ်ကြိုက်တာ ကြိုက်ကြောင်းပေါ့။ လူတစ်ယောက် အကြိုက်တစ်မျိုးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ပိုကိုပိုပါတယ်ကွာ . . . အဟီး"

စပ်ဖြီဖြီ ရယ်သံကြီးကြောင့် ဖင်လေး မော့ကြည့်လိုက်ပြီး–

"ဘာအဟီးလဲ"

"အဲဒီစာရေးဆရာမ မိုးစက်ပွင့်က အပျိုလား အအိုလား သိချင်လို့ပါ။ ပြီးတော့ ဖုန်းနံပါတ်လေးသိခွင့်ရရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိသွားလို့ပါ"

အဲဒါတော့ ဖင်လေး တကယ်လိုချင်တာပါ။ ထုတ်ဝေသူကို ဖုန်းဆက်မေးကြည့်တော့ စာရေးဆရာတွေနဲ့ ဖုန်းနံပါတ်ကို သူတို့ပေးခွင့်မရှိလို့ပါတဲ့။ မိတ်ဆက်စာရေးတော့လည်း ပြန်စာတော့လာပါရဲ့ ဖုန်းနံပါတ် တောင်းတာ ထည့်မပေးပေ။ ဓာတ်ပုံတောင်းတာတော့ ထည့်ပေးပါတယ်။ ကိုယ့်မှာ ကိုယ်လေးစားရတဲ့ ဆရာမပုံလေးမို့ သိမ်းရတာ တရိုတသေ။

ဖုန်းနံပါတ်မပေးတာတော့ –

ကိုယ်လည်း နားလည်ပေးနိုင်ပါသည်။ သူတို့မှာလည်း သူတို့အခက်အခဲနဲ့သူတို့ ရှိနေမှာပေါ့လေ။ ကိုယ့်လိုလူမျိုးတွေ ဘယ်နှစ်ယောက် ရှိနေမယ်မှန်းမှ မသိတာ။ ဖုန်းနံပါတ်တောင်းတိုင်းပေးနေရင် သူတို့ ဘယ်အလုပ်ဖြစ်ပါ့မလဲနော်။ ဒါကြောင့် ဖြစ်မှာပါလို့ နားလည်ခြင်းများနှင့်သာ။





"ငါ တောင်းကြည့်ပါတယ် ရမှမရတာ"

"ဒါဆို မာနကြီးတာထင်တယ်"

"အဲလိုတော့ ပြောလို့မရဘူးလေ။ မာနကြီးရင် ပြန်စာ ဘယ်ရေးပါ့မလဲကွ။ ဖုန်းနံပါတ်မပေးတာက သူတို့လည်း သူတို့ အခက်အခဲနဲ့ သူတို့ ရှိနေမှာပေါ့။ ဒါကို တို့က နားလည်ပေးရမှာပေါ့"

"ကဲ . . . ဟုတ်ပါပြီ သဲရယ် . . . တကတဲ အထိကိုမခံပါသား"

ကောင်းမြတ်သူက စလေ၏။ စလည်းစ ရာပဲလေ။ ကိုယ်လေးစားတဲ့သူကို ဘယ်သူက အထိခံချင်ပါ့မလဲ။ ပြီးတော့ သဲလို့ ခေါ်တာကိုပဲ မကြိုက်စွာ မျက်လုံးထောင့်ကပ်ကြည့်လေ၏။ ဒါ အခုမှ တောမဟုတ်ဘူးလေ။ ပြောစရာဖြစ်အောင် လူက ဖြူနွဲ့နွဲ့ရယ်။ ဆံပင်ပုံက ဂျပ်ဟိုလို အရှည်နဲ့မှာ ဂျပ်ဟိုနဲ့မတူပေမယ့် တစ်မျိုးကြည့်ကောင်းကာ နိုးမချော ချောသူဟာ ဘုန်းမြတ်သော်ဖင်ဆိုတဲ့ ဖင်လေးပါပဲ။

လူတွေကတော့ အမျိုးမျိုး ဝေဖန်ကြသည်လေ။

ဆံပင်နည်းနည်းတိုတုန်းကတော့ အောင်ရဲလင်းနဲ့တူသည်တဲ့။ နည်းနည်းလေးရှည်လာတော့ စိုးသူငယ်ငယ်ကပုံနှင့် တူပြန်သတဲ့လေ။ ဟော အခု တော်တော်လေးရှည်လာတော့ R ဇာနည်နဲ့တူသည်တဲ့။ သူရုပ်က ဆံပင်ပုံနဲ့လိုက်ပြီး ပြောင်းလဲနေသလားတော့မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာ ဘယ်သူနဲ့မှမတူဘဲ ဇင်လေးက ဇင်လေး ကိုယ်ပိုင်အလှနှင့်ပဲ အမြဲတမ်း စမတ်ကျပြီး ချောမောနေသူပါ။ သူက ပျော်ပျော်နေတတ်သူဖြစ်ပြီး –

“မင်းကောင်မလေးနဲ့ အဆင်မပြေပြန်ဘူးဆို”

“အင်း”

“မင်းဟာကလည်း တစ်ယောက်ပြီးတစ်ယောက်။ ဘယ် တစ်ယောက်နဲ့မှ မြဲမှာလဲ ပြောပါဦး။ ရည်းစားကို သက်တမ်းရှေ့ ထားမလို့လား”

“အဆင်မပြေဘူးဆိုတာ စိတ်ကောက်နေလို့ ခဏပါ။ သူ့ကို တော့ ငါ လက်တွဲဖို့ ရည်ရွယ်ထားပါတယ်။ ဖူးစာပါရင်ပေါ့။ ငါ့ ရည်းစားများတာ မပြောနဲ့လေကွာ။ ငါက ချစ်လှချေရဲ့ ကြိုက်လှချေရဲ့ ဆိုပြီး အသည်းအသန်လိုက်တာ ဘယ်နှစ်ယောက်ရှိလို့လဲ။ သူတို့က လမ်းခင်းပေးလို့ ငါက လျှောက်တာပဲဥစ္စာ”

“တို့နဲ့များ ကုသိုလ်ကံချင်းကကွာပဲ”

“အေးလေ ... တို့ရုပ်တွေလည်း မချောပါဘူးကွာ။ ဒါတောင် မင်းလောက် မများနိုင်ဘူးဖြစ်နေတာ”

စည်သူနဲ့ ကောင်းမြတ်ပြောသမျှ နားထောင်ပြီး ဇင်လေး ရယ်ပဲနေတော့သည်။ ပြီး စာအုပ်ကိုပဲ ပြန်ဖတ်လေလျှင် –





“အဲဒီစာအုပ်ကို ခဏဖယ်ထားစမ်းပါ”

ကောင်းမြတ်က စာအုပ်ကို ဆွဲယူလေတော့ –

“ဘာလုပ်တာလဲကွ ... စာအုပ်က ကောင်းခန်းရောက်နေ တာကို”

“ကျွတ် ... ကွာ”

“ဘာလဲ”

“စာအုပ်ကို ပစ်မချနဲ့ ဖြည်းဖြည်းချ”

“အဲလို အကဲပိုတာတွေပဲ ကြည့်လို့မရတာ”

ကောင်းမြတ်ပြောတဲ့အတိုင်းပဲ စာအုပ်ကို ဖြည်းဖြည်းချလေ၏။ ဇင်လေးက အဲဒီလိုစာအုပ်ကို ရိုသေသူလေ။ စာအုပ်ကို ဖြစ်က တတ်ဆန်း ပစ်ချခြင်းဟာ အဲဒီစာအုပ်ကိုရေးတဲ့ စာရေးဆရာကို စော်ကားတာနှင့်အတူတူပဲလို့ သူက ခံယူထားသူလေ။ ပြီးတော့ ရင်ထဲ မှာ ခံစားရတာသည်။

စာအုပ်ကို ပစ်ချလိုက်တဲ့အခါ အဲဒီစာရေးဆရာရဲ့အသားတွေ ပင် နာကျင်သွားသလိုလို။ ဒါကြောင့် သူလည်း စာအုပ်ကို ဘယ်တော့ မှ ပစ်မချပေ။

“ကဲ ... ပြော မင်းတို့ ဘာလာလုပ်တာလဲ။ ဘာလာရှုပ်တာ လဲလို့ မေးရင် ပိုမှန်လိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မယ်"

"မဟုတ်လို့လား"

"မရှုပ်ပါဘူးကွာ . . . မင်းကိုက အလုပ်မဟုတ် ကြီးကျယ်နေတာပါ။ မတွေ့တာကြာပြီလားလို့ သတိရလို့လာတာဟော့ သိပြီလား"

ဇင်လေး မဲ့ခနဲဖြစ်သွားလေ၏။ မတွေ့ကြတာမှ သုံးရက်ပဲရှိသေးတယ်လေ။ ဒါကို မတွေ့ရတာကြာပြီဆိုလို့ပါ။

"သဲ"

"လာပြန်ပြီ ဒီသဲ"

"မောင်ခေါ်တာ မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ဒါဆို ပြောင်းခေါ်မယ်၊ ဘီလပ်မြေလို့"

စည်သူဝင်းအပြောကြောင့် ကောင်းမြတ်သူပါရယ်လေသည်။ သူတို့က ဒီလိုပဲလေ။ သူတို့အဖွဲ့ထဲမှာ ဇင်လေးက ဖြူဖြူနဲ့နွဲ့နွဲ့မို့ စနောက်ပြီး ဒီလိုပဲခေါ်နေကြတာပါ။ အချို့ကြတော့လာသေးတယ်။ ချစ်တို့၊ ချစ်လေးတို့လေ။ ဒီကောင်တွေပဲ သူ့ကိုအမျိုးမျိုး ခေါ်နေကြတာပါ။

"ကဲ . . . ချစ်"

"___"





"တို့က သင်္ဂြိုဟ်ရေးပေါက်စွာနဲ့ ချစ်ကို ကျွေးချင် မွေးချင်လို့ အပြင်သွားရအောင်ကွာနော်"

"ကျွေးချင်တာကဟုတ်ပါပြီ၊ မွေးချင်လို့တော့မရဘူးနော်။ မင်းမွေးလို့ရလို့လား . . . ဟဲ ဟဲ"

"ကဲ . . . ရစ်မနေနဲ့ ထ"

ကောင်းမြတ်က ဇင်လေးကို လက်မောင်းကိုင်ကာ ဆွဲထူပြီး ခေါ်နေတော့ ဇင်လေး စာအုပ်ကို သံယောဇဉ်မပြတ်စွာ ကြည့်လိုက်သေးသည်။ ဇာတ်လမ်းက ဇာတ်ရှိန်တက်နေမှ လာရှုပ်နေကြတာ မကျေနပ်ပေမယ့် သူငယ်ချင်းတွေကို ဥပေက္ခာမပြုနိုင်စွာ။

"ဂယ်ပဲကွာ ကျုတ်"

"မလိုက်ဘူးလား"

"လိုက်မယ် . . . လိုက်မယ်"

"အဲဒါနဲ့ မူနေသေးတယ်"

ကဲ . . . ကျန်ခဲ့ဦးတော့ စာအုပ်ကလေးရေ။ ခုတော့ သူငယ်ချင်းတွေနဲ့ လိုက်သွားလိုက်ဦးမယ်နော်။ အခု ဗိုက်သွားဖြည့်မှာမို့ ပြန်လာရင်တော့ ထိုင်ရာမထကို ဖတ်ပစ်လိုက်မယ် . . . ဟွန်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

စားပွဲပေါ်မှာချထားတဲ့ ဖုန်းက အသံမြည်လာသဖြင့် ဖင်လေး ကောက်ကိုင်လိုက်တော့ ပေါ်လာတဲ့နာမည်က မြူပါ။ မြူဆိုတာ တွဲဖူးတဲ့ ရည်းစားတွေထဲကမှ လက်တွဲမယ်လို့ ရည်ရွယ်ရွေးချယ်ထားတဲ့ ချစ်သူ မေမြင့်မြတ်မြူပါ။

သူ ...

ဖုန်းလုံးလေးကို လက်ညှိုးနှင့်မဆွဲခင်မှာပဲ စည်သူက မေးဆတ်ကာ –

"ဘယ်သူလဲ"

"မြူ"





ဒါပဲ ဖြေပြီး ဖုန်းလုံးလေးကို လက်ညှိုးနှင့်ဆွဲရွှေ့ကာ နားမှာ ကပ်လိုက်၏။ ဒါကို ကောင်းမြတ်က –

"တို့ပါ ကြားရအောင် စပီကာဖွင့်လိုက်စမ်းပါ"

"ဖွင့်စရာလား"

"ဟောကောင်"

ဖင်လေး သူငယ်ချင်းတွေကို လက်ကာပြလိုက်ပြီး –

"ဟယ်လို"

ဒီဘက်ကအသံပေးလိုက်တာနှင့် တစ်ဖက်မှ မြူ့အသံက ထွက်လာသည်လေ။

"ကိုကို"

"အင်း ... ပြောလေ"

"နေနိုင်လိုက်တာ ကိုကိုရယ်။ ဖုန်းလည်းမဆက် မက်ဆေ့ချ်လည်း မပို့နဲ့ တကယ်ရက်စက်တယ်။ မြူကတော့ လွမ်းလို့ သေတော့မယ်သိလား"

"ဟုတ်လား"

"ဘာဟုတ်လားလဲ။ ကိုကိုနော် သိရဲ့သားနဲ့"

"မသိဘူးလေ၊ မြူက စိတ်ကောက်နေတာကိုး"

"အခု ပြေသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အောင့်သွှစ်သွှစ်အသံလေးကြောင့် ဖင်လေး လွန်ခနဲ ပြုံးလိုက်မိသည်။ ဒီလိုပဲဖြစ်ရမယ်လေ၊ အရင်ရည်းစားတွေနဲ့ တုန်းက ကိုယ်က မချော့တတ်ခဲ့သလို ခုလည်း မချော့တတ် ချော့တတ်နဲ့ ချော့ရတာ ခဏခဏလေ။ ဒီလောက်စိတ်ရှည်ပေးတာက တကယ် ချစ်မိလို့ပဲပေါ့။

ဒါကြောင့်ပဲ –

လက်တွဲဖို့ရည်ရွယ်တာပေါ့။ သူ အပျော်ရည်းစားထားရတာ ကို စိတ်ကုန်လာပြီလေ။ ဒါကြောင့် –

"တကယ်စိတ်ကောက်ပြေသွားပြီပေါ့"

"အင်း"

"ဒါဆို မနက်ဖြန်တွေ့ကြမယ်လေ"

"ဟာ … မင်းကလည်း မနက်ဖြန်ပဲ ရွှေနေရသေးတယ်၊ ဒီနေ့ ချိန်းတွေ့တော့ ဘယ်သူက သတ်ပစ်မှာမို့လို့လဲ"

"ဟော့ကောင်"

ဖင်လေး ဖုန်းကို ဝေးဝေးခွာလိုက်ပြီး လက်ဝါးနှင့်လည်း အုပ်ထားကာ –

"ဒီနေ့က စာဖတ်ရဦးမှာကွာ"

"မင်းစာအုပ်က ချစ်သူထက်ပဲ အရေးကြီးသလားကွ"





"ကြီးတာပေါ့ကွ။ အခုတောင် မင်းကို အတင်းခေါ်လို့ ငါ လိုက်လာတာ စိတ်ကပါတာ မဟုတ်ဘူး"

"အံမယ် … ပိုက်ဆံအကုန်ခံပြီး ဒကာခံရမယ့်သူကတောင် တရားခံဖြစ်ဦးမလိုပါပဲလား။ ကဲပါ … ဟိုကိုပြောလိုက်ဦး"

"အဲ"

စည်သူပြောမှ ဖုန်းကိုပြန်ပြီးသတိရကာ နားမှကပ်လိုက်မိတာ တမန်းကတမ်းပါ။ ဒီတစ်ခါ စိတ်ထပ်ကောက်ရရင် ကောက်ရတာနဲ့ ချစ်ခန်းရောက်မှာမဟုတ်တော့ဘူးလေ။ ဒါကြောင့် –

"ဟယ်လို … ဖြူ"

"ကိုကို အဲဒါ ဘာလုပ်နေတာလဲ၊ ဒီမှာတော့ ဖုန်းနားမှာကပ်ပြီး စောင့်နေရတာ အရူးကျနေတာပဲ၊ ပြော ဘယ်သူတွေနဲ့ ဘာတွေ ပြောနေတာလဲ"

"ဒီမှာ သူငယ်ချင်းတွေ နှောင့်ယှက်နေလို့ ဖြူရဲ့။ စောစောက ကိုကိုပြောတာ ဘယ်လိုလဲ ပြန်ပြောဦးလေ"

"ဟင် … ဘာလဲ"

"မနက်ဖြန် တွေ့ကြမယ်လို့ ပြောတာ"

"အင်း မနက်ဖြန် နေ့လယ်စာအတူတူစားကြမယ်လေ၊ ကိုကို အင်းလျားကန်ဘောင်က စောင့်နေ၊ ဖြူ ဆယ့်တစ်နာရီ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ် ဘယ်လိုလဲ"

"အိုကေလေ . . . ကိုကိုစောင့်နေမယ်နော်"

"အင်း . . . ဒါဆို ဖြူ ဖုန်းချလိုက်တော့မယ်နော်"

"အိုကေ . . . ဘိုင်"

ဖင်လေး ဖုန်းချလိုက်တော့ စည်သူနဲ့ကောင်းမြတ်က ကြည့်နေကြတာ မကြည်ကြည့်တွေ။ ချစ်သူထက် စာအုပ်ဖတ်ဖို့ကို ပိုပြီးအလေးထားနေလို့ပါ။ သူတို့ စာအုပ်ဖတ်တော့ ဖတ်ပါတယ်၊ တစ်ခါတလေမှလေ။ ဒီကောင်ကတော့ ပိုကိုပိုတာ။

✿ ✿ ✿



## အခန်း (၃)

အမေ

လဲရင်ထူပေးလက်ကလေးဆွဲပြီး

ဦးမွှမ်းပေးခဲ့တာမမေ့နိုင်ဘူးအမေ။

အမေ

ကျောင်းသွားကျောင်းပြန်အချိန်မှန်စွာ

လွယ်အိတ်ကလေးလွယ်၊ကြိုပို့လုပ်ခဲ့တာ

မမေ့ရဘူးအမေ။

အမေ

ညအိပ်ရာဝင်ပုံပြင်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တေးဆိုတစ်သွယ်ချော့သိပ်ခဲ့တာတွေ

သတိရမိတယ်အမေ။

အမေ

ခေါင်းလေးဖိးပေးရင်းဇွဲသပ်ပေးလေးချစ်လိုက်တာလို့

အပြုံးလေးနဲ့ပြောခဲ့တာတွေ

လွမ်းလိုက်တာအမေ။

အမေ

ချော့တစ်ခါချော့တစ်လှည့်နဲ့

ဆုံးမစကားဆိုခဲ့တာတွေ

သတိရမိတယ်မေမေရယ်။

မေမေ့ကို သတိရလို့ စပ်လိုက်မိတဲ့ကဗျာလေး ဆုံးသွားပေမယ့် ရင်ထဲမှာက ဆိုနင့်ကြေကွဲမှုတွေက မဆုံးနိုင်။ သတိရလိုက်တာ မေမေရယ်။

နှစ်တွေကြာခဲ့ပြီပေမယ့် တိုက်ဆိုင်မှုတွေရှိတိုင်း အမေ့အပေါ် မသိတတ်ခဲ့တာတွေ ကျေးဇူးမဆပ်နိုင်တာတွေအတွက် နောင်တပေါ် ချော်လဲနေရတဲ့အဖြစ်ကနေ ရုန်းထဖို့ မကြိုးစားတော့ပါဘူး။ နောင်ဘဝဆိုတာရှိခဲ့ရင် အမေ့ကျေးဇူးတွေကို ပြန်ဆပ်ခွင့်ကြုံပါရစေ မေမေရယ်။





မိဘဆိုတာ အစားထိုးလို့ မရတဲ့ပုဂ္ဂိုလ်တွေပဲလေ။ သူများတွေ မေမေခေါ်သံ ကြားရင်ပဲ စိတ်ထဲမှာ မနာလိုမိသလိုလို။ ဒါ လူတစ်ယောက် ကုသိုလ်တစ်မျိုးပဲလေ။ မိဘနဲ့ပတ်သက်လာရင် ကိုယ်က ကုသိုလ်ကံမကောင်းတဲ့သူ။

ဒါပေမဲ့ ကိုယ့်ထက်ဆိုးတဲ့ မိဘမဲ့ဂေဟာက ကလေးတွေနှင့် နှိုင်းကြည့်ရင်တော့ ကိုယ်ကမှ ကုသိုလ်ကံကောင်းသေးသည်ပေါ့လေ။

ဟူး ...။

သက်ပြင်းချပြီး ကဗျာရေးမိတဲ့စာအုပ်ကို သိမ်းလိုက်ကာ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်မိ၏။ ဒီနေ့ပဲ စာအုပ်အသစ်တစ်အုပ် ပြီးစပြီးရေးတော့မှာလေ။ ဒါကြောင့် ဇာတ်ကောင်နာမည်တွေ ရေးသားဖို့ပါ။ ဇာတ်လမ်းက စဉ်းစားပြီးပြီလေ။ နာမည်တွေအတွက် စဉ်းစားနေစဉ်မှာပဲ။

"သမီး"

"ရှင်"

"ဒေါက်"

မေမေ့ခေါ်သံကြောင့် မိုးပုလဲ လှည့်အကြည့် ဘောလ်ပင်နိုက အောက်သို့ ပြုတ်ကျသွားလေသည်တွင် ဦးမိုးလွင်က ကျော့ကောက်လာပြီး ဘောပင်နိုက်ကို ကောက်ပေးလေပြီး –



www.burmeseclassic.com

www.burmeseclassic.com

"စာဆက်ရေးမလို့လား"

"ဟုတ် . . . ဖေဖေ"

"မနေ့ကမှ တစ်အုပ်ဇာတ်သိမ်းပြီးတယ်။ ဒီနေ့ ဆက်ရေး မလို့လား။ မနားတော့ဘူးလား သမီးရဲ့။ သမီး အရမ်းပင်ပန်းနေပြီ ခါတိုင်းဆို လေးငါးရက်နားပြီး စာဖတ် အပြင်ထွက်လုပ်သေးတာလေ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ရတယ်တဲ့ နားနားနေနေ လုပ် ပေါ့ကွယ်။ တော်ကြာ ကျန်းမာရေးထိခိုက်နေပါ့မယ်"

"ရပါတယ် ဖေဖေ။ သမီး ဆက်ရေးချင်စိတ်ပေါက်လာလို့ ဆက်ရေးတာပါ။ ခရီးသွားတုန်းက တစ်လလောက် မရေးဖြစ်တော့ အကြွေးတင်နေတယ်။ အဲဒါကြောင့်ပါ"

ဦးမိုးလွင် သက်ပြင်းသာချလိုက်မိတော့၏။ သမီး ခေါင်းမာတော့ ပြောလို့ရမှာမဟုတ်ပေ။ သူက အလုပ်ကို တန်ဖိုးထား သူ။ လုပ်စရာရှိရင် အချိန်ဆွဲနေတတ်သူမဟုတ်ဘူးလေ။ ချက်ချင်း ထလုပ်တတ်သူပီပီ အခု သူဝါသနာပါတဲ့အလုပ်ဆိုတော့ ပိုဆိုးတာပေါ့။

တစ်ခါတလေ ထမင်းမေ့ ဟင်းမေ့ကိုပဲ ဖြစ်နေတတ်တာ မိဘကတော့ ဝင်ငွေထွက်ငွေအကြောင်း စိတ်မဝင်စားနိုင်။ ကိုယ့်သမီး ကျန်းမာရေးထိခိုက်မှာကိုပဲ စိုးတာလေ။ ပြောမရမှန်းသိပေမယ့်-

"သမီး"





"ရှင်"

"လူတစ်ယောက်ရဲ့ဘဝမှာ ကျန်းမာမှ ချမ်းသာတယ်ဆိုတာ သမီးသိတယ်နော်။ သမီးက စာရေးဆရာမတစ်ယောက်ပဲဟာ ပိုသိမှာ ပါ"

"ဟုတ်ကဲ့ . . . သမီးသိပါတယ် ဖေဖေ"

"အေး . . . သိရင် နားနားနေနေ ရေးပါကွယ်"

"ဟုတ်"

မိဘက ပြောရင် စိတ်မချမ်းသာအောင် ဟန့်အင်းမလုပ်ချင် တဲ့ မိုးပုလဲ ခုလည်း ခေါင်းညိတ်လိုက်ပြန်ပြီ။ ခံမပြော နားမထောင် လည်းမဟုတ်။ စာရေးဖို့နဲ့ ပတ်သက်လာရင် သူမက ခေါင်းထဲမှာ အမြဲတမ်း အတွေးတွေ စီထည့်ထားသူမို့ အတွေးမပျောက်ခင် ရေး လိုက်ချင်တာလေ။

ဒါကြောင့် နားမထောင်သလိုဖြစ်တဲ့အခါတွေလည်း ရှိတာ ပေါ့။ ဦးမိုးလွင်၏အကြည့်က စာရွက်ဖြူလေးပေါ် ရောက်သွားပြီး-

"နာမည်တွေ စဉ်းစားနေတာလား"

"ဟုတ်တယ် ဖေဖေ။ စဉ်းစားမရသေးလို့၊ ရေးတာတွေက များနေပြီဆိုတော့လေ၊ နာမည်က စဉ်းစားရတာ ခက်နေပြီ။ သူများ အထဲမှာပါတဲ့ နာမည်တွေကျတော့ မရေးချင်ဘူး။ ကိုယ့်စာအုပ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ နာမည်တွေထပ်ကုန်မှာစိုးလို့လေ”

“ဟုတ်လား . . . ဒါဆို ဖေဖေ နာမည်ရွေးပေးမယ်လေ။ သမီးကြိုက်ရင်တော့ သုံးပေါ့”

“ပြောကြည့်ပါဦး ဖေဖေရဲ့”

“မင်းသားနာမည်ကို ဖေဖေစိတ်ကူးမိတာ ပြောမယ်နော်”

“ဟုတ်”

မိုးပုလဲ မျက်နှာလေးမော့ပြီး ဖေဖေ ဘာပြောလာမလဲ စောင့်နေမိ၏။ ဖေဖေက တစ်ခါမှတော့ အကြံပေး ဉာဏ်ပေး မလုပ်ဖူးပေ။ စာလည်း သိပ်မဖတ်ဖြစ်ပါဘူး။ ဒါပေမဲ့ ဖေဖေပြောလိုက်တဲ့စကားလုံးတိုင်းက မှတ်သားလောက်စရာတွေ အများကြီးပါပဲ။ မိုးပုလဲ စာရေးဆရာမဖြစ်လာခြင်းတွင် မိသားစုထဲမှာ အနုပညာမျိုးရိုးဗီဇ ပါသနာပါသူတစ်ယောက်မှ မရှိပေ။

အနုပညာကို ခံစားတော့ ခံစားတတ်ကြသည်ပေါ့လေ။ ဒါပေမဲ့ ကိုယ်တိုင်လုပ်ကြည့်ဖို့ မကြိုးစားကြတာပါ။

“သံမဏိလို့ နာမည်ပေးကြည့်ပါလားသမီးရဲ့။ အဲဒီနာမည်က ရိုးမလိုနဲ့ဆန်းတာ။ ဖေဖေတော့ သဘောကျတယ်။ ဒါ စိတ်ဓာတ်ခိုင်မာခြင်းနဲ့ သက်ဆိုင်တယ်လေ”

သွားလေးပေါ်အောင် မိုးပုလဲ ရယ်လိုက်မိပြီး –





“good ဖေဖေ good။ အဲဒီနာမည် အရမ်းကောင်းတယ်။ သမီးသဘောကျတယ်။ နာမည်ဆိုတာ ဇာတ်ကောင်ရဲ့စရိုက်နဲ့ လိုက်ဖက်မှကောင်းတာ။ အခု ဖေဖေပြောတဲ့နာမည်က သမီးဇာတ်ကောင်ရဲ့ စရိုက်နဲ့ အရမ်းလိုက်ဖက်တယ်”

“ဒါဆို ဖေဖေတော်တာပေါ့”

မိုးပုလဲ ရယ်ရင်း လက်မလေးထောင်ပြလိုက်လေ၏။ ဒါကို ဦးမိုးလွင်ကလည်း ပြန်ထောင်ပြလေသည်။ တစ်ခါတလေ သားအဖကြားမှာ အဲဒီလို မထင်မှတ်တဲ့အကြံပေးမှုလေးတွေရှိနိုင်ပါ။ အကြံပေးတာတော့ မဟုတ်ဘူးလေ။ ဒါပေမဲ့ ပြောကြည့်ရင်း အကြံပေးသလိုဖြစ်သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖင်လေးဖြူနဲ့ ချိန်းထားတာကြောင့် အင်းယားကန်ဘောင်က ထိုင်ခုံပေါ်မှာ ထိုင်စောင့်ရင်း ရေပြင်ကိုသာ ငေးမောကြည့်နေမိသည်။ အင်းလျားကန်ရေပြင်ကို ဝတ္ထုတွေထဲမှာတော့ စာရေးဆရာတွေက အမျိုးမျိုး ဖွဲ့နွဲ့ပြီး ရေးကြတာပဲလေ။ အပြင်မှာကြတော့လည်း ရောက်နေကျမို့လို့ထင်ပါရဲ့ ဘာမှမထူးဆန်းတော့ပါဘူး။

အင်းယားကန်ရေပြင်က ချစ်သူအချို့ကို သာယာချိမြိန်မှုတွေ ပေးသလို အချို့ချစ်သူတွေအတွက်ကျတော့ အလွမ်းတွေကို သယ်ဆောင်လာတတ်သည်လေ။ သူ ဖြူလာမယ့်လမ်းဘက်သို့ ပြန်မျှော်ငေးကြည့်မိတော့ လာနေပါပြီ။ ဖြူလေ။





"ကိုကို"

"ဖြူ"

"ဖြူက ကိုကိုလာမှ လာပါ့မလားလို့ စိတ်ပူလိုက်ရတာ"

ဖြူကပြောရင်း သူ့ဘေးမှာ ဝင်ထိုင်လေလျှင် ဖင်လေး ဖြူ့ ...လေးကို ဖက်လိုက်မိ၏။

"ချစ်သူက ချိန်းတဲ့ဟာ ဘာလို့မလာရမှာလဲ ဖြူရဲ့"

"မသိဘူးလေ၊ ကိုကိုက ဖြူကိုများ မချစ်တော့ဘူးလားလို့"

"ဩော် . . . ချစ်တာပေါ့ ဖြူရယ်။ ချစ်လို့မှ လက်တွဲဖို့တောင် ရည်ရွယ်ထားတဲ့ဟာကို"

"တကယ်ပေါ့"

"တစ်ထောင်"

"ဘာလဲ မုန့်ဖိုးပေးရမှာလား"

"ဖြူနော် မစနဲ့ သိလား"

"စတော့ ဘာဖြစ်လဲ"

"အသည်းယားရင် ဖက်နမ်းပစ်လိုက်မှာ"

"ဖက်မနမ်းပါနဲ့ ဝက္ကူကိုနမ်း"

ပါးစပ်ကသာပြောတာ တကယ်တမ်းမှာ ဖင်လေးက ဖြူကို ...ချစ်ပေ။ ဖြူကသာ အသည်းယားပြီး ဖင်လေးပါးပြင်ကို ဖျစ်ညှစ်ခြင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မော့နမ်းလေတော့ ဖင်လေးစချင်တာနှင့် –

"ဟင်းနော်"

"ဘာလဲ"

"သူ့ဗိုး"

"မကြိုက်ဘူးလား"

"ကြိုက်တာပေါ့လို့ ဒါပေမဲ့ ရှက်တယ်ဖြူရဲ့"

"အံမယ် . . . ရှက်တဲ့မျက်နှာက"

"ထပ်နမ်းလေ"

"ဟွန်း . . . ကိုကို တော်တော်နစ်နာနေဦးမယ်နော်"

ဖြူက မျက်စောင်းလေးဝင့်ကာပြောလေတော့ ဖင်လေး[illegible] ရယ်နေရှာသည်။ သူက အမြဲတမ်း ပျော်ပျော်နေတတ်သူမို့ စိတ်ည[illegible] စရာရှိလည်း ခဏနှင့်သာ ပြေပျောက်သွားတတ်သူ။ အဲဒီလို စကား[illegible] နောက်ကာ ပျော်ပျော်နေတတ်တာနှင့် ဝတ်တာစားတာ စမတ်ကျ[illegible] ကပဲ မိန်းကလေးတွေကို စိတ်ဝင်စားမှု ဖြစ်စေတာလားတော့ မသိ[illegible]

"ကိုကိုကလေ တကယ်မှန်းဖို့ကောင်းတယ် သိလား"

"ဟင် . . . ဘာ့ဖြစ်လို့လဲ ဖြူရဲ့"

"ဘာဖြစ်ရမှာလဲ ဖြူ စိတ်ကောက်တာကို ချော့လည်း မ[illegible] ဘူး။ ဒီကပဲ မနေနိုင်လို့ စိတ်ပြေပြီး ဖုန်းဆက်ရတာ ဘယ်လော[illegible]





[illegible]ောက်လဲ"

"ကိုကိုမှ မချော့တတ်တာဖြူရဲ့။ ချစ်သူချင်းပဲကွာ တကယ် ချစ်တယ်ဆိုရင် သူသာတယ် ကိုယ်နာတယ်တွေ မတွက်ရဘူးတဲ့"

"ဟွန်း . . . တော်တော်အပြောကောင်းတယ်"

ချစ်သူတို့သဘာဝမှာ တစ်ယောက် စိတ်ကောက်ရင် တစ် ယောက်က အလျှော့ပေးပြီး ချော့ရတာပဲလေ။ ဖင်လေးချစ်သူ စိတ် [illegible]ောက်တဲ့အခါ ချော့တတ်အောင်ကျင့်ဦးမှပါ။ မဟုတ်ရင် မချော့တတ် [illegible]ာအတွက်ပဲ တစ်ဖက်ကထင်စရာ မြင်စရာတွေ ရှိနေဦးမှာလေ။

ကိုယ်က လက်တွဲမယ်လို့ ရည်ရွယ်ထားပြီးမှတော့ ကိုယ် ပြောလိုက်မိတဲ့ စကားလိုပဲ သာတာ နာတာတွေ ထည့်တွက်နေလို့မှ [illegible]ရဘဲလေ။

"ကိုကို"

"ဟင်"

"ကိုကို ဖြူ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟင်"

"ပြော် . . . တကယ်ချစ်တာပါ ဖြူရဲ့။ ဘာလို့ အဲဒီမေးခွန်း [illegible] မေးရတာလဲ"

"သိဘူးလေ . . . ကိုကိုက ရည်းစားများတော့ ဖြူ့ကို အနိုင် [illegible]ွေလိုပဲလားလို့ မေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့"

"ဟင်"

"လက်တွဲဖို့ရည်ရွယ်ထားပါတယ်ဆိုမှတော့ တကယ်ချစ်လို့ပေါ့"

"သေချာလား"

"ဆယ်ခါသေချာတယ်"

ဖြူ့ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားလေ၏။ ကိုယ့်ကို လက်တွဲဖို့ ရည်ရွယ်ထားတယ်ဆိုတော့လေ။ ဒါပေမဲ့ ...

"အရင်ရည်းစားတွေတုန်းကရော ကိုကို အဲလိုပြောခဲ့ဖူးလား"

"ဟင့်အင်း မပြောဖူးပါဘူး။ ကိုကိုက ဟန်ဆောင်လိမ်ညာခြင်းတွေနဲ့ ဘယ်သူ့ကိုမှ မလှည့်စားခဲ့ဖူးဘူး။ သူတို့က စလို့ ကိုယ်က ကြိုက်တယ်။ ပြီးရင် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ ကွဲသွားကြတာ၊ အဲဒါနဲ့ပဲ ရည်းစားမများချင်ဘဲ များနေရတာပေါ့"

"ဟုတ်လား"

"အင်း"

"ခစ် ခစ်"

ဖြူက သူ့ခါးကိုဖက်ပြီး ရယ်လေသည်။ ခုလိုအချိန်မျိုး





မှာတော့ အင်းယားကန်ရေပြင်ကြီးက တကယ်လှပနေတာပါလေ။ ချစ်သူတွေဆိုတော့ ချစ်စကားတွေပြောလို့မကုန်နိုင်။ ထိုင်ခုံလေးမှာ ထိုင်ပြီး ကြည်နူးမှုလေးတွေနှင့် ကျီစယ်ကြသလို တိုက်ခတ်လာသော လေပြေလေညင်းတို့ကလည်း ဆံစတွေကို တို့ထိဆော့ကစားနေလျက်ပါ။

"ကဲ ... ကိုကို"

"ဟင်"

"ဖြူဗိုက်ဆာနေပြီ တစ်ခုခုသွားစားရအောင်လေ"

"အင်း ... သွားလေ"

တစ်ယောက်က ထရပ်လိုက်တာနှင့် တစ်ယောက်ကပါ ထရပ်ပြီး ထွက်လာခဲ့ကြတော့၏။ စားသောက်ဆိုင်ကိုရောက်တော့ စားရင်း သောက်ရင်း ပြောတဲ့ ချစ်စကားတွေကလည်း တီတီတာတာ။ ချစ်သူဆိုတာ တစ်ဦးတစ်ဖက်တည်းက ချစ်ရုံနဲ့တော့ သာယာကြည်နူးမှုတွေ ရနိုင်ဘူးလေ။

နှစ်ဦးနှစ်ဖက်ချစ်ကြမှသာ သာယာချိုမြိန်ခြင်းဆိုတာ ဖြစ်တည်လာတာလေ။ အခုအနေတော့ သူတို့နှစ်ဦးအချစ်က သာယာချိုမြိန်မှုတွေ အတိနှင့်ပါ။

"ဟောတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာဖြစ်လို့လဲ မိုးရဲ့"

"ငါ့ဖုန်း ဘယ်မှာကျန်ခဲ့ပါလိမ့်"

"ဟယ် . . . ဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ဘယ်နေရာမှာ ကျန်ခဲ့ပါလိမ့်"

"သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး"

"အဲလောက်ဆို ငါ စဉ်းစားလို့မရတော့ဘူးဟ၊ အဝင်အထွက်တွေက များတော့ ဘယ်နေရာမှာ ကျန်ခဲ့မှန်းကိုမသိတော့ဘူး။ ကျွတ် . . . ဒုက္ခပါပဲ"

နှစ်ယောက်သား တွေဝေစွာ တိတ်ဆိတ်သွားကြပြီးမှ –

"ကဲ . . . ပျောက်ပြီးမှတော့ စိတ်မကောင်းဖြစ်မနေပါနဲ့ မိုးရယ်။ နင့်အတွက် ဒီဖုန်းတစ်လုံးပျောက်ရုံနဲ့ ဘာမှမဖြစ်ဘူး။ စိတ်ရှုပ်ခံမနေနဲ့တော့"

"ဖုန်းကို ငါက နှမြောလို့မဟုတ်ပါဘူး မွှေးရယ်၊ ဖုန်းထဲမှာ မှတ်ထားတဲ့ ဖုန်းနံပါတ်တွေက အရေးကြီးတာလေ။ ငါက ဖုန်းနံပါတ်တွေကို ဘယ်သူ့ဖုန်းနံပါတ်မှ အလွတ်ကျက်ထားတာ မဟုတ်ဘူး မွှေးရဲ့ အဲ ဖုန်းကို ခေါ်ကြည့်ရအောင် နင့်ဖုန်း ခဏလောက်ပေးပါ လား"

"အဲ"

"ဟင် . . . ဘာလဲ"





"ငါ့ဖုန်းက ဘက်ထရီခေါင်းနေလို့ဟ"

"လုံးဝသုံးလို့မရတော့ဘူးလား"

"လုံးဝကို သုံးလို့မရတော့လို့ စက်ပိတ်ထားရတာ"

"ကျွတ်"

ကြားနေရတဲ့အသံတွေက နားမချမ်းသာစရာပါ။ လှည့်ကြည့်တော့ မမနှစ်ယောက်ခေါင်းကုတ်နေတာကိုလည်း မြင်ရ၏။ ဖင်လေးခေါ်မဆိုင်ပဲ စိတ်မကောင်းဖြစ်သွားရသည်လေ။ ဖင်လေးက သူများဒုက္ခရောက်နေရင်ဖြစ်ဖြစ် အမြင်မတော်တာတွေ့ရင်ဖြစ်ဖြစ် မနေစိမ့်နိုင်စွာ ကူညီချင်သူ။

ဒါကြောင့် လက်က ကိုယ့်ဖုန်းဆီသို့ရောက်သွားပြီး ထရပ်လိုက်စဉ် ဖြူက သူ့ကိုမော့ကြည့်ပြီး –

"ကိုကို ဘယ်သွားမလို့လဲ"

"ခဏလေးပါ"

ပြောပြီး တစ်ဖက်ဝိုင်းသို့ လျှောက်လာခဲ့ပြီးလေသည်။

"မမ"

"ဟင်"

သူခေါ်လိုက်တော့ နှစ်ယောက်ပြိုင်တူမော့ကြည့်လေလျှင် သူ့ဖုန်းကို ကမ်းပေးလိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဖုန်းနဲ့ ဆက်ကြည့်လိုက်လေ။ မမတို့ပြောတာတွေ ကျွန်တော် အကုန်ကြားပါတယ်။ ဖုန်းတစ်ကော ပေးဆက်ရုံနဲ့တော့ ကျွန်တော် မွဲမသွားပါဘူး။ ယူဆက်လိုက်ပါ"

ကောင်လေးက ကမ်းပေးနေပေမယ့် မိုး မယူပေ။ ကိုယ်ယူဆက်လိုက်တာနဲ့ ဖုန်းနံပါတ်က ကျန်ခဲ့မှာလည်း။ ကိုယ့်ဖုန်းကပြန်ရမယ်ဆိုရင်လို့တွေးပြီး စိတ်ပူမိသွားတာပါ။ ဒါကြောင့် မွေးကိုကြည့်လိုက်တော့ –

"ယူဆက်လိုက်လေ မိုးရဲ့၊ နင်ပဲ ဖုန်းနံပါတ်တွေက အရေးကြီးတယ်ဆို"

"အင်း"

"အင်းဆို . . . ယူဆက်လိုက်"

မိုး သက်ပြင်းလေးချပြီးမှ မယူချင်ယူချင်ပုံစံမျိုးနှင့် လှမ်းယူလိုက်သည်။ မဖြစ် ဖြစ်သလို လုပ်ရတော့မှာပဲလေ။ သူက စေတနာနဲ့လာပေးတာကိုပဲ ကိုယ်က ငြင်းလိုက်ရင် အားနာစရာ။ ဒါကြောင့်ကိုယ့်ဖုန်းနံပါတ်လေးကို နှိပ်လိုက်တော့ ဖုန်းဝင်တဲ့သီချင်းသံလေးထွက်လာပြီးနောက် –

"___"

"ဩော် အခုပြောနေတဲ့ဖုန်းက ဘယ်မှာလဲမသိဘူးနော်။





ကျွန်မက အဲဒီဖုန်းရဲ့ပိုင်ရှင်ပါရှင်။ အခု ဘယ်မှာကျန်ခဲ့မှန်းမသိလို့ဆက်ကြည့်တာပါ"

"___"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်။ ကျွန်မခုပဲ လာခဲ့ပါ့မယ်"

"____"

"ဟုတ်ကဲ့ . . . တကယ်ကို ကျေးဇူးတင်ပါတယ်ရှင်"

"____"

"ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်နော်"

ခုမှပဲ မိုးမျက်နှာလေး ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားကာ ဖုန်းကိုပြန်ပေးရင်း –

"ကျေးဇူးတင်ပါတယ် မောင်လေးရယ် . . . တကယ်ပါ။ အစ်မဖုန်းက အကျီဝင်ဝယ်ရင်း အဲဒီဆိုင်မှာ ကျန်ခဲ့တာလေ။ အခုသူတို့ သိမ်းထားတယ် လာယူပါတဲ့"

"ကျေးဇူးတင်စရာမလိုပါဘူး မမရဲ့။ ကျွန်တော်က အမြင်မတော် အကြားမတော်ရင် ကူညီရမှ ကျေနပ်တာလေ။ အကျင့်ပါနေတာပေါ့"

"ဒါ . . . ကောင်းတဲ့အကျင့်တစ်ခုပါကွယ်။ မမ ေ[illegible]င်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကို လေးစားပါတယ်"

ဖင်လေး ရယ်နေလိုက်မိချိန်မှာပဲ မမက ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်စဉ် ပိုက်ဆံအိတ်နဲ့ဖုံးထားတဲ့ ဝတ္ထုစာအုပ်ကလေး ဘွားခနဲ ပေါ်လာတာကိုပဲ ကြည့်လိုက်မိတော့ –

"ဟာ ... မိုးစက်ပွင့်စာအုပ်ပါလား"

"ဟင်"

"ဒါ ... ဒီလထုတ် ထင်တယ်နော်"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"ကျွန်တော်က ဆရာမမိုးစက်ပွင့်ရဲ့ အမာခံပရိသတ်မမရဲ့ ပြီးခဲ့တဲ့လကထွက်တဲ့ စာအုပ်တောင် မနေ့ကမှ ဖတ်ဖြစ်တယ်။ အလုပ် မအားလို့လေ။ အခု ဒီလထုတ်ဆိုတော့ ဖတ်ချင်လိုက်တာဗျာ"

မိုးနဲ့မွေး အကြည့်ချင်းဆုံသွားကြလေ၏။ မွေးကပဲ –

"ငါက ဘယ်အချိန်ပဲပေးပေး ရပါတယ်။ သူ့ကိုပဲ ပေးလိုက် ပါ"

မိုး ခေါင်းညိတ်လိုက်ပြီး စာအုပ်ကိုလည်း ကောက်ကိုင်ကာ

"ဒါဆို လက်ဆောင်အဖြစ် ယူထားလိုက်လေ"

"ဟာ ... တကယ်လား မမ"

"အင်း"





"ဝမ်းသာလိုက်တာ မမရယ်။ ကျွန်တော် မမကို ကျေးဇူး တင်လိုက်တာဗျာ"

"ရပါတယ်၊ မမတို့ကို ပြန်ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ မမ"

ထပြန်လာခဲ့သည့် မိုးရင်ထဲမှာ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကြီး ဝမ်းသာနေပါသည်။ ဒီလို ပရိသတ်မျိုးကိုယ့်မှာ ဘယ်နှစ်ယောက် ရှိနေလဲ သိချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟာ"

ဖင်လေး စာအုပ်ကိုဖတ်မည်ဟု အခန်း (၁) ကို လှန်ကြည့်လိုက်စဉ်မှာ အခန်း (၁) ရဲ့အပေါ်စာလွတ်နေတဲ့နေရာမှာ မွေးအတွက် အမှတ်တရ ချစ်တဲ့သူငယ်ချင်းဆိုပြီး မိုးစက်ပွင့်လို့ လက်မှတ်ထိုးထားတာ တွေ့တော့ ရင်ထဲမှာ ဘယ်လိုဝမ်းသာသွားမိမှန်း မသိတော့ပါ။ ဒါ ဆရာမကိုယ်တိုင် လက်မှတ်ထိုးပြီး သူငယ်ချင်းကို လက်ဆောင်ပေးထားတဲ့ စာအုပ်လေးပဲ။

ဟိုမမနှစ်ယောက်ထဲက ဘယ်မမက မွေးပါလိမ့်။ အင်း ဘယ်သူပဲဖြစ်ဖြစ် ဟိုဖုန်းပိုင်ရှင်မမကို မေးလိုက်ရင် သိမှာပါ။ အဲဒီ





[...]န်းနံ့ပါတ် သူ့ ဖျက်မှမဖျက်ရသေးတာပဲဟာ။ ဆရာမရဲ့ လက်မှတ်[...]သား မြင်ခွင့်ရလိုက်လို့ ဝမ်းသာအားရ "ဟာ" လို့ အော်လိုက်မိတာကို [...] အစ်ကိုဖြစ်သူ ဘုန်းမြတ်ထက်က လှည့်ကြည့်ကာ -

"ဘာဖြစ်တာလဲ အဲဒါ"

"ဒီမှာကြည့်စမ်း ကိုကြီး"

"ဘာလဲ"

"ဒီမှာ"

စာအုပ်ကို မျက်နှာရှေ့ထိုးပြပြီး လက်မှတ်ကိုပါ လက်ညှိုးနှင့် [...]ထောက်ပြလေတော့ -

"လက်မှတ်လေ ဘာဖြစ်လဲ"

"ဘယ်သူ့လက်မှတ်လဲ၊ သေသေချာချာ ကြည့်ပါဦး ကိုကြီး [...]"

ဘုန်းမြတ်ထက် သေသေချာချာကြည့်ပြီး -

"ဪ"

သူ့လို ဝမ်းသာအားရ ဖြစ်မသွားဘဲ အေးစက်စက်နှင့် ဪ [...]ဆိုတော့ စိတ်ထဲမှာ မချင့်မရဲ ဖြစ်သွားကာ -

"ဟာ ... ကိုကြီးကလည်း ဘာဪတာလဲ။ ဒီမှာ ဝမ်းသာ[...]အားရ ဖြစ်နေတာကို လိုက်လိုက်လှဲလှဲ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ထီပေါက်တာမှမဟုတ်တာ၊ ငါက ဘာကို ဝမ်းသာအားရ ဖြစ်ရမှာလဲကွ"

"ကျွန်တော်ကြိုက်တဲ့ စာရေးဆရာမလေးဗျာ"

"မင်းကြိုက်တာ ငါကြိုက်တာမှ မဟုတ်ဘဲလေကွာ။ ဟိုက ဖြူသလား မည်းသလား မသိဘဲနဲ့ မင်းက ဒီမှာရူးနေတာ။ သူများကို အဖော်မညှိနဲ့ ကိုယ့်ဘာသာပဲ ကိုယ်ရူး"

"ရူးမှာပဲ၊ သူ့ဘာသာ ဖြူဖြူမည်းမည်း လူကိုကြိုက်တာမှ မဟုတ်ဘဲ ကိုကြီးရဲ့။ သူ့အရေးအသားကို ကြိုက်တာပဲဥစ္စာ။ တော်ပြီ ကိုကြီးကို မပြောတာပဲ ကောင်းတယ်"

ပြောပြီး စာအုပ်ကိုကိုင်လျက်ကနေ ဖုန်းကို ယူလိုက်ပြီး ဟိုမမဖုန်းနံပါတ်ကို ပြန်ရှာကာ ခေါ်ကြည့်လိုက်တော့ –

"ဟယ်လို . . . အမိန့်ရှိပါရှင်"

"မမ ကျွန်တော်ပါ၊ နေ့လယ်က မမကို ဖုန်းပေးဆက်တာလေ မှတ်မိလားမသိဘူး"

"သြော် . . . မှတ်မိပါတယ်၊ ဆုံခဲ့ကြတာ ပူပူနွေးနွေးကြီးပဲ ရှိသေးတာကို။ မောင်လေးပြောစရာရှိလို့လား မသိဘူး"

"ဟုတ်ကဲ့ မမ"

"အင်း . . . ဒါဆိုပြောလေ"





"ဟိုလေ . . . မမမွေးဆိုတာလား သိချင်လို့ပါ"

"မဟုတ်ပါဘူး . . . မွေးက မမနဲ့ပါလာတဲ့တစ်ယောက်လေ။ ဘာဖြစ်လို့လဲမသိဘူး"

"ကျွန်တော့်ကိုပေးခဲ့တဲ့စာအုပ်ထဲမှာ မွေးဆိုတဲ့နာမည်နဲ့ ဆရာမ မိုးစက်ပွင့်ရဲ့လက်မှတ်လေးတွေ့လို့ပါ။ ကျွန်တော်က မိုးစက် [illegible]ရဲ့ အမာခံပရိသတ်လေ။ အဲဒါ ဆရာမကိုမြင်လည်းမြင်ဖူးချင်တယ် ဆရာမရဲ့ ဖုန်းနံ[illegible]ပ်လေးလည်း လိုချင်လို့ပါ။ ဖြစ်နိုင်ရင် မမ မေးပေး [illegible]တာ့ဟင်။ ကျွန်တော့်ကို ကူညီပါ မမရယ်နော်"

မိုးပုလဲ သက်ပြင်းလေးချလိုက်မိ၏။ ဘယ်လိုလုပ်ရပါ့မလဲ။ [illegible]ယ့် အမာခံပရိသတ်တဲ့လေ။ သူမ မိတ်ဆက်စာတွေလာရင် စာပြန် [illegible]နေတာပဲလေ။ ဓာတ်ပုံတောင်းရင်လည်း ထည့်ပေးတာပါပဲ။ [illegible]က်လိုက်လျှာရရင် အင်း ခက်လိုက်တာ။

ဖုန်းနံပါတ်တဲ့။

ကိုယ့်ဆီမှာ ဖုန်းနံပါတ်ရှိလို့ အခု စကားပြောနေရတာတောင် [illegible]တာ သနားတော့ သနားစရာပါ။ အရင်က မိုး ဖုန်းနံပါတ်ပေးဖူး [illegible]ည်။ အချို့က မလိုအပ်တာတွေ လျှောက်မေးပြီး ရစ်နေလို့ ခု [illegible]တ်ပိုင်း မပေးဖြစ်တော့တာပါလေ။ မိုးက ပရိသတ်ကို အမြဲတမ်း [illegible]ပြီး ကြိုးစားနေသူလေ။ ကိုယ့်ပရိသတ်တွေအားလုံးနဲ့ ပိုးသားစု



www.burmeseclassic.com

www.burmeseclassic.com



လို တရင်းတနှီး ဆက်ဆံချင်တာပေါ့။ ဒါပေမဲ့ ပါးစပ်စည်းမစောင့်သူ တစ်ဦးကြောင့် မိုး အရှိန်သတ်လိုက်ရတာပါလေ။ အားလုံးကို အားနာပေမယ့် နောက် အဲလိုလူမျိုး ရှိလာမှာကိုပဲ ကြောက်နေတာလေ။

အဲဒါ ဘာလဲဆိုရင် မိုးရဲ့ပရိသတ်ဆိုပြီး ဖုန်း ခဏခဏ ဆက်၍ ရည်းစားစကား အပြောခံရခြင်းပါပဲ။ ဒါကြောင့် ဆိုတာသိရင် မိုးကိုချစ်တဲ့ပရိသတ်တွေ မိုးကို နားလည်ကြမှာပါလေ။

"ဟာ ... ကျွန်တော် သတိရပြီ"

"ဟင်"

"ဆရာမရဲ့ဓာတ်ပုံ ကျွန်တော့်မှာရှိတာပဲ။ ဟုတ်ပြီ ... အဲဒါကြောင့် မမကို ကျွန်တော် မြင်ဖူးတယ်ထင်ပြီး ဘယ်နေရာများ မြင်ဖူးမှန်းမသိ ဖြစ်နေတာ။ မမ မမပေါ့နော်"

အဆုံးအစမရှိ မေးလိုက်တာပေမယ့် မိုးနားလည်လိုက်ပါသည်။ ဒါဆို သူ မိုးကို မိတ်ဆက်စာရေးဖူးမှာပေါ့။ မိုးက စာအုပ်ပြီးတိုင်း အထဲကစာကို အခေါက်ခေါက်အခါခါ ပြန်မဖတ်မိသည့်တိုင် စာအိတ်ကလေးတွေပေါ်က နာမည်လေးတွေကို ခဏခဏ ပြန်ကြည့်နေတတ်သူမို့ အားလုံးကို အမှတ်ရနေတာပဲလေ။ ဒါကြောင့် –

"ဟုတ်ပါတယ်၊ ဒါနဲ့မောင်လေး ... မမဆီကို မိတ်ဆက်စာ ရေးဖူးမှာပေါ့။ နာမည်ပြောလေ ... မမ မှတ်မိမှာပါ"





"နာမည်ကတော့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ... မမ ဘယ်မှတ်မိမှာလဲ"

"အဲဒါတော့ မင်း မမကို အထင်သေးတာပဲ။ မမက ကိုယ့်ပရိသတ်တွေကို အမြဲလေးစား တန်ဖိုးထားတဲ့သူပါ။ မယုံရင် မင်းနာမည်တစ်လုံးပဲပြောလေ။ မမက အပြည့်အစုံပြောပြမယ် ဘယ့်နှယ်လဲ"

ဖင်လေးမျက်နှာ ပြုံးသွားလေ၏။ ပြောကြည့်တာပေါ့ဟု–

"ကျွန်တော့်နာမည် ဘုန်းတစ်လုံး ပါပါတယ်"

"ဒါဆို မင်းက ဘုန်းမြတ်သော်ဇင်ပဲပေါ့"

"ဟာ"

"မမဆီလာတဲ့ မိတ်ဆက်စာတွေထဲမှာ ဘုန်းပါတာဆိုလို့ ဒီတစ်နာမည်ပဲရှိတယ်။ တစ်လုံးတူ နှစ်လုံးတူတွေရှိပေမယ့် နာမည်အကုန်တူတာမျိုးတော့ အခုထိ မပါသေးဘူး။ ဥပမာ–သင်းပါတာဆိုရင် သင်းစံပယ်လှိုင်နဲ့ သင်းရနံ့ဆိုတာမျိုးပေါ့"

"ယုံပါပြီ မမရယ် ... ယုံပါပြီ။ မမကို ကျွန်တော် အရင်ကထက် ပိုပြီးလေးစားသွားပြီ သိလား"

အဲဒါ တကယ်ပါ။ ပရိသတ်နာမည်ကို ဒက်ခနဲပြောနိုင်အောင် မှတ်ထားတယ်ဆိုကတည်းက ပရိသတ်အပေါ် တကယ် အလေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ထပ်မေးနေစရာမလိုတော့ဘူးလေ။ ပြီးတော့ မမျက်နှာလေးက မြင်သူတကာ၏ရင်ကို ငြိမ်းချမ်းစေတာမျိုးလေးပါ။ ဘာမာနဘာခက်ထန်မှုမှ စွန်းထင်းမနေတဲ့ မျက်နှာ။

ခါတ်ပုံထဲမှာရော အပြင်မှာရော အရမ်းချောလှနေတာမျိုး မဟုတ်ဘဲ ညှိုစိမ့်စိမ့်နဲ့ သဘောကောင်း မနောကောင်း အပြုံးမျက်နှာလေးနှင့်ပါ။

"မမ"

"ဟင်"

"မမက ကျွန်တော် အရမ်းလေးစားရတဲ့ ဆရာမပါဗျာ။ ကျွန်တော် မမနဲ့ခင်မင်ခွင့်ရမလားဟင်။ ကျွန်တော့်ကို ခင်မင်ခွင့်ပေးပါနော်"

"ဪ . . . ရပါတယ် ခင်ပါ။ ခင်မင်မှုဆိုတာ တွန့်တိုကောင်းတဲ့အရာမှ မဟုတ်ဘဲ မောင်လေးရဲ့"

"ဟား . . . ဝမ်းသာလိုက်တာ မမရယ်"

ဖင်လေး ဝမ်းသာလွန်းလို့ ဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူး။ ခုလို ဆရာမနဲ့ခင်မင်ခွင့်ရလိမ့်မယ်လို့ လုံးဝ ထင်မထားဘူးလေ။ အခု ခင်မင်ခွင့်ရပြီ၊ သူငယ်ချင်းတွေကို ကြွားလို့ရသွားပြီပေါ့။ မဟုတ်ရင် သူ့ကို အရူးလို့ စနေကြတာပဲလေ။



"ကဲ . . . မင်း ဘာပြောဦးမလဲ"

"မပြောတော့ပါဘူး မမ။ နောက်နေ့တွေမှ ဖုန်းထပ်ဆက်မယ်လေ ရတယ်မို့လား"

"ရပါတယ်"

"မမအိမ်ကို အလည်လည်းလာချင်တယ်"

"အင်း . . . လာခဲ့လေ။ မမအိမ်လိပ်စာက"

မိုး သူ့မအိမ်လိပ်စာကို ရွတ်ပြလေတော့ –

"ဟုတ် . . . မှတ်မိပါတယ် မမ"

"အိုကေ . . . မမ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ် မမ"

"ဘိုင့် ဘိုင်"

တစ်ဖက်က ဖုန်းချသွားတော့ ဖင်လေးရင်ထဲမှာ အပျော်လုံးကြီး ဆို့ကျန်ခဲ့ပြီး ကိုကြီးကို ပြေးဖက်လေလျှင် –

"ဟ . . . ဘာဖြစ်တာလဲကွ"

ကိုကြီးကမေးတော့ ဖင်လေး ဖုန်းကိုပဲထောင်ပြလိုက်လေသည်။ ပျော်သွား အဲလေ မေ့ကျန်ခဲ့တဲ့ မမဖုန်းကိုပဲ ကျေးဇူးတင်ရမလား။ ပေးဆက်မိတဲ့ ကိုယ့်ဖုန်းကိုပဲ ကျေးဇူးတင်ရမလား မပြောတတ်တော့ပေ။ အနုပညာသမားတွေကို ချစ်တဲ့ ပရိသတ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသမားတွေက ကိုယ့်ကို တုံ့ပြန်ခင်မင်သည်ဆိုရင် အတိုင်း မသိ ဝမ်းသာကြသည်ပဲလေ။

အဲဒီပီတိကလည်း တစ်မျိုးပဲပေါ့။ သူတို့အတွက်က မထူး ဆန်းပေမယ့် ပရိသတ်ဘက်ကတော့ ထူးဆန်းနေသလိုပါ။

"ကျွန်တော် ဆရာမ မိုးစက်ပွင့်နဲ့ ခင်မင်ခွင့်ရပြီ ကိုကြီးရ"

"ဟေ . . . ဟုတ်လား"

"ဟုတ်တယ်ဗျ"

"ဒါများ အထူးအဆန်းလုပ်လို့။ လူလူချင်းခင်တာ မင်းထ ဘာဆန်းတာမှတ်လို့"

"ကိုကြီး"

"ဘာလဲ"

"တော်ပြီ . . . မပြောတော့ဘူး"

တကယ်ကို ဖင်လေးစိတ်ထဲမှာ နိုးလိုးခုလုကြီး ဖြစ်သွားသေ သည်။ ကိုယ် လေးစားတန်ဖိုးထားတဲ့သူကို သူများက ပေါ့ပျက်ပျက် လိုပြောတာကိုပဲ မခံနိုင်တာလေ။ တကယ်ဆို ဖောရှောလေးတော့ လိုက်သင့်တာ မဟုတ်ဘူးလား။



## အခန်း (၆)

ချစ်သူနဲ့လျှောက်လည်ဖို့ချိန်းပြီဆို မိုးပုလဲက အမြဲတမ်း နောက်ကျပြီးမှ ရောက်သူပါ။ ကိုယ်က ကြိုရောက်ပြီး စောင့်နေရတာ ကို စိတ်မရှည်တတ်လို့လေ။ မြတ်သောမောင်ဆိုတဲ့ သူမချစ်သူကတော့ တကယ့်ကို စိတ်ရှည်တတ်သူမို့ သူပဲ အမြဲတမ်း ကြိုရောက်နေတာပါ။ အခုလည်းကြည့် သူကပဲ ကြိုရောက်နေပြီ။

မိုးပုလဲ အဲလိုစိတ်ရှည်သည်းခံတတ်တဲ့ ချစ်သူကို ရထားတာ ကံကောင်းတာပေါ့နော်။ တစ်ခါတလေတော့ အားနာမိသားပေါ့။ အခု လည်း မြင်လိုက်တာနှင့် အားနာစွာ ပြုံးပြလျက်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



“မိုး လာပြီပေါ့”

“စောင့်နေရတာ ကြာပြီလား”

“အင်း . . . ကြာပြီပေါ့။ မောင်က စိတ်စောတတ်တာပဲဟာ။ ပြီးတော့ မောင်နောက်ကျရင် ချစ်သူ စိတ်ကောက်မှာစိုးလို့ နောက် မကျရဲပါဘူးဗျာ”

“ဟုတ်လား”

“ဘာဟုတ်လားလဲ။ မသိချင်ယောင်ဆောင်ပြီး မေးနေတာ အရိုက်ခံရတော့မယ်”

“ဟင် . . . ရိုက်ရက်လို့လား”

မိုး သူ့မျက်နှာကို မော့ကြည့်ပြီး ခပ်ပြုံးပြုံးမေးလေတော့ သူက မိုးရဲ့ခေါင်းလေးကိုပွတ်ကာ –

“ဘာလို့ မရိုက်ရက်ရမှာလဲ၊ ရိုက်ရက်တာပေါ့။ သွားမယ်လေ ကန်တော်ကြီးထဲရောက်မှ မောင်ရိုက်ပြမယ်”

“ဟင်”

“ဒီနေရာကို ရိုက်မှာဗျ သိလား”

မြတ်သောမောင်က မိုးပုလဲပါးပြင်လေးကို လက်ညှိုးထိုးပြီး ပြောလေတော့ ရှက်မျက်နှာလေး ငုံ့မသွားခင်ပဲ မျက်စောင်းလေးထိုး လိုက်သေးသည်။ ချစ်သူ၏မျက်စောင်းက ရင်ခုန်နှုန်းကို မို့အားမြင့်





စေတယ်ဆိုတာ မြတ်သောမောင်ပဲ အသိဆုံးပါ။ အစကတော့ ဘာလိုလို နဲ့။

အခု ဒီချစ်သူကို သူမှာ တစ်နေ့ထက်တစ်နေ့ ပိုချစ်နေမိတာ ချစ်လို့ကို မဝနိုင်ဖြစ်နေတာလေ။ လှလို့ချစ်တာမဟုတ်ဘဲ ချစ်လို့လှ တာဆိုတာမျိုးပေါ့။ ရင်ဖုံးဆန်ဆန်အင်္ကျီလေးနဲ့ ဆံပင်တွေကို စုစည်း ထားပုံက သူ့မျက်စိထဲမှာတော့ ကျက်သရေအရှိဆုံးနဲ့ မင်္ဂလာရှိသော မိန်းမပါ။

“ဘာလို့ ခေါင်းငုံ့သွားတာလဲ”

“ရှက်လို့”

“အမယ်လေး . . . ပါးစပ်ကပြောရုံပဲ ရှိပါသေးတယ်ဗျာ။ လက်တွေ့ မတွေ့ရသေးပါဘူး။ ကန်တော်ကြီးထဲရောက်မှ လက်တွေ့ သင်တန်းပို့ချပေးမယ်”

“မောင်နော်”

“အား”

လက်က သူ့ဗိုက်ကို လိမ်ဆွဲလိုက်တော့ မြတ်သောမောင် အားခနဲ အော်ပြီး အရယ်မပျက်ပေ။

“တော်တော့ . . . သွားမယ်ချစ်သူရဲ့”

လက်ကလေးဆွဲခေါ်တော့မှပဲ ကားပေါ်သို့တက်ဖြစ်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ ကားပေါ်ရောက်တော့ မိုးပုလဲက စကားမပြောဘဲ ဟိုဟိုဒီဒီကိုသာ လိုက်ကြည့်နေသည်။ စာရေးဆရာမပီပီ ဥဒဟိုသွားလာနေကြတဲ့ လူတွေအကြောင်းကို မျက်လုံးက စပ်စုနေတာပဲပေါ့။ ဒါကို သဘော ပေါက်နားလည်စွာ မြတ်သောမောင်ကလည်း ကားကိုသာ ဂရုစိုက် မောင်း၍ အနှောင့်အယှက်မပေးပေ။

ကန်တော်ကြီးထဲရောက်မှ အင်း ဘာပြောရမလဲဆိုတာ ကြို စဉ်းစားလို့မရပါဘူး။ ဟိုရောက်မှ ရင်ထဲကလာတဲ့အတိုင်းပဲပေါ့။ ကန် တော်ကြီးထဲကိုရောက်တော့မှ –

"မိုး"

"ဟင်"

"မောင့်ကို ဘာမှ မပြောတော့ဘူးလား"

"မိုးက ဘာပြောရမှာလဲ မောင်ရဲ့"

"ချစ်တဲ့အကြောင်းတွေလေ"

"ဩော် ... သူက စမပြောဘဲ ဒီကစပြောရမယ်ပေါ့လေ ဟုတ်လား။ ဝေးသေးတယ်"

"ဟာ ... မိုး"

ပြောပြီး တစ်ဖက်လှည့်သွားလေတော့ မြတ်သောမောင် ပျာပျာသလဲဖြစ်သွားလေသည်။ ယောက်ျားတွေက အချစ်နဲ့တွေ့ရင်





လူကြီးဆန်သွားတတ်ကြပြီး မိန်းကလေးတွေက အချစ်နဲ့တွေ့ရင် ကလေးဆန်သွားတတ်ကြသည်တဲ့။

ဟုတ်မှာပါ။ သူများတွေနဲ့ ဆက်ဆံရင် မိုးပုလဲ ဘယ်လောက် ပဲ လူကြီးဆန်နေပါစေ မောင်နဲ့တွေ့ရင်တော့ ကလေးဆန်ချင်သည် လေ။

မောင်က လူကြီးဆန်ဆန်နှင့် စိတ်ရှည်သည်းခံတတ်သူ။ ဒါ ကြောင့်ပဲ မိုးပုလဲ သူ့ကို ချစ်ခဲ့မိသည်ထင်ပါရဲ့။ သူမကိုယ်တိုင်က လူကြီးဆန်တော့ လူကြီးဆန်တဲ့သူ့ကိုပဲ ချစ်သူအဖြစ် ရွေးချယ်မိတာ ဆန်းတော့မဆန်းပေ။

"မိုး မောင်ပြောမယ်လေ။ ဒီဘက်လှည့်ကွာ ... မောင့်စကား ကို နားထောင်"

"မထောင်ဘူး"

"မိုး"

"ဖယ်ပါ"

"ရတယ်လေ ... အဲဒါဆိုလည်း ဒီလို"

မြတ်သောမောင် နောက်ကနေ မိုးကိုယ်လေးကို သိမ်းဖက် ပြီး ပါးပြင်လေးကို နမ်းလေတော့ အရှက်ကြီးတဲ့မိုးခမျာ မျက်နှာလေး နီသွားလျက် –



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော် … ဘယ်လိုဖြစ်နေတာလဲ"

"ချစ်တာလေ မိုးရဲ့"

"မသိဘူး … သွား"

"ဘယ်ကိုသွားရမှာလဲ"

"သွားချင်တဲ့နေရာကိုသွား"

"ဘာလို့သွားရမှာလဲ။ ချစ်သူ့အနားကနေ တစ်ဖဝါးမှကို မခွာချင်တာ။ မယုံရင် အမြန်ဆုံးလက်ထပ်မယ်လေ မကောင်းဘူးလား"

"မကောင်းပါဘူး"

"ဟင် … ဘာလို့လဲ"

မိုးပုလဲက ရယ်ပြီး ခေါင်းလေးကိုခါလေလျှင် –

"မိုးက မောင့်ကိုမချစ်ဘူးလား"

မိုး မဖြေတော့ မြတ်သောမောင်ရင်ထဲမှာ ဆွေးသွားရလေသည်။ ဒါပေါ့လေ သူက နာမည်ရနေတဲ့ စာရေးဆရာမတစ်ယောက်ကို။

ကိုယ့်ထက်သာတဲ့သူတွေ မိုးအနားမှာ ရှိနေမှာပဲ။ ဒီအတွေးနှင့် မျက်နှာညှိုးသွားလေလျှင် –

"ဟင် … မျက်နှာက ဘာဖြစ်သွားတာလဲ"





"မောင်သိပါတယ် မိုးရယ်။ မိုးက မောင် မိုးကို ချစ်သလောက် မောင့်ကို မချစ်နိုင်ဘူးဆိုတာလေ။ ပြီးတော့ … မိုးက စာရေးဆရာမပဲလေ၊ မောင့်ထက်သာတဲ့သူတွေ"

"မောင်"

မိုးပုလဲ မောင့်ပါးစပ်ကို သူမလက်ချောင်းလေးများနှင့် လှမ်းပိတ်လိုက်၏။ အဲဒီလိုပြောတော့ မိုးမခံစားနိုင်ပေ။ တကယ်တော့ ချင်တာကလွဲလို့ မိုး မောင့်ကိုချစ်တာမှ သူ့ထက်မပိုရင်တောင် လျော့ပေ။

"အဲလိုတော့ မပြောပါနဲ့ မောင်ရယ်၊ မိုး မခံစားနိုင်ဘူး။ မောင့်ကို မိုးချစ်တာပေါ့။ အခုလို မိုးစနေတာကိုက မောင့်ကိုချစ်လို့ ။ ဒါတောင် နားမလည်ဘူးလားမောင်ရယ်"

"ဟင်"

"တကယ်ပြောတာပါ … မိုး မောင့်ကိုအရမ်းချစ်တယ်"

"တကယ်"

"အင်း"

ဒီတော့မှ မြတ်သောမောင် မျက်နှာပေါ်မှာ အပြုံးတွေကို ပြန်လည်ဖန်ဆင်းယူရင်း –

"ဒါဆို သက်သေပြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘယ်လိုသက်သေပြရမလဲ"

"မောင့်ကို အာဘွားပေး"

"ဟောတော်"

သူက သူ့မျက်နှာကို ငုံ့ပြီး တိုးကပ်လာလေတော့ မိုးမျက်နှာလေး ရဲကာ ဖိန့်ရှိန်းသွားတာကို သူက သိမှာမဟုတ်ပေ။ ဒါ . . . ကိုယ့်စကားနဲ့ကိုယ် အငိုက်မိခြင်းပါပဲ။ ကိုယ်စလိုက်တာက ချစ်သူစိတ်ညစ်ရာဖြစ်စေခဲ့ပြီဆိုတော့ ဘာတတ်နိုင်မှာလဲလေ။

ချစ်သူစိတ်ကြေပြေစေဖို့အတွက် မိုးမျက်လုံးကို မှိတ်ကာ သူ့ပါးပြင်ကို နမ်းလိုက်လေသျှင်။

"အား . . . အရသာရှိလိုက်တာ၊ ရင်ထဲကို အေးသွားတာပဲ အချမ်းချစ်တယ် မိုးရေယ်"

"တူတူပါပဲ"

"ဟင့်အင်း . . . တူလို့မရဘူး မောင်က ပိုတယ်"

"ထားပါတော့"

"ဘယ်မှာထားရမှာလဲ"

"ထားချင်တဲ့နေရာမှာထားပေါ့"

"ဒါဆို ဟောဒီရင်ဘတ်ထဲမှာထားမယ်"

"အာ . . . မောင်နော်"





တာဆိုနိုမရလိုက်တဲ မိုးရဲ့ပါးပြင်လေးထက်မှာ နေရောင်ခြည်နုနုလေး ခ,သွားလေတော့သည်။ အချမ်းချစ်တယ်မိုးရေယ်ဆိုတဲ့စကားသာ အန္တရာယ်ကင်းဂါထာဖြစ်ရင် မြတ်သောမောင်ဆိုတဲ့ကောင်လေးတ်မထိ ဆူးမငြိနဲ့ တုတ်ပြီး ဓားပြီးတောင် ဖြစ်နေမလားမသိပေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဒီနေ့ မိုးပုလဲ စာအုပ်တစ်အုပ် ဖတ်သိမ်းပြီးမှ အနားယူတဲ့နေ့ပါ။ ဒါကြောင့် စာပဲဖတ်နေတာပါလေ။ ဖတ်တဲ့စာအုပ်ကလည်း ပြီးသွားတော့ အပြင်ထွက်မည်ဟု စိတ်ကူးကာ ကားသော့သွားယူနေစဉ်မှာပဲ –

"မမ"

"___"

"မမ"

"ဟင်"

"ညီ့သည်ရောက်နေတယ်"





မိုး မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားပြီး –

"ဘယ်သူတဲ့လဲ"

"ဘုန်းမြတ်သော်ဇင်တဲ့"

"ဟုတ်လား"

"မမသိလား"

"အင်း . . . သိပါတယ် လာခဲ့မယ်လေ"

"ဟုတ်"

မိုးသဲ ပြန်ထွက်သွားတော့ မိုးပုလဲလည်းလိုက်လာခဲ့သည်။ ဒီကောင်လေး ပြောတဲ့အတိုင်း အိမ်ကိုတကယ်လာတာပဲ။ ဒါပေါ့လေ ကိုယ့်ကို လေးစားခင်မင်လို့လာတာပဲဥစ္စာ။ ဘယ်သူက မလာနဲ့လို့ မပြောလွှတ်လို့ ဖြစ်ပါ့မလဲနော်။

ပြီးတော့ ခင်မင်မှုဆိုတာ တွန့်တိုကောင်းတဲ့အရာမှ မဟုတ်ဘူး။ လူတိုင်းက လူကောင်းမဖြစ်နိုင်သလို လူတိုင်းက လူဆိုးမှမဟုတ်ဘဲလေ။ ကျောက်ခဲမှန်မှုတာနဲ့ ရွှံ့ပြိုမြို့ကိုပါ ရောကြောက်နေလို့မှ နေတာ။

"ဘုန်းမြတ်သော်ဇင်"

"မမ"

"ထိုင် ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူမကိုမြင်တာနှင့် ထရပ်မည်လုပ်တဲ့ ဘုန်းမြတ်သော်ဇင်ကို ထိုင်ခိုင်းပြီး မိုးပုလဲပါ ဝင်ထိုင်လေလျှင် –

“မမ စာရေးနေတာလား မသိဘူး”

“မရေးပါဘူး ... ဒီနေ့နားတယ်လေ။ မနက်ကတော့ စာဖတ်နေတာပါ။ အခု စာအုပ်ဖတ်ပြီးလို့ အပြင်သွားမလို့ ထွက်လာတာ”

“ဟုတ်လား ... ကျွန်တော်က မမစာရေးနေတာဆိုရင် ကျွန်တော်လာလို့ အနှောင့်အယှက်ပေးသလိုဖြစ်နေပြီလားလို့ စိုးရိမ်တာပါ”

“ရပါတယ် မဖြစ်ပါဘူး။ မင်းက မမပရိသတ်ပဲလေ။ ကိုယ့်အိမ်ရောက်လာတဲ့ ဧည့်သည်ကိုပဲ ဥစ္စာ၊ မကြိုဆိုပါတယ်”

ဘုန်းမြတ်သော်ဇင် ကျေနပ်စွာပြုံးလိုက်မိ၏။ မမက လိုလိုလားလားနှင့်ဆက်ဆံတော့ ဝမ်းမသာဘဲ ရှိပါ့မလား။ စိတ်က မမနဲ့တွေ့ပြီး ကိုယ်လေးစားပြီး ကြိုက်နှစ်သက်တဲ့ စာရေးဆရာမဖြစ်နေတော့ ဒီကိုပဲလာချင်နေမိတာနဲ့ လာခဲ့တာပါ။ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်မှာကို စိုးရိမ်နေတာ၊ အခုမဖြစ်ဘူးဆိုတော့ တော်သေးတာပေါ့။

“ဒါနဲ့ မမအပြင်သွားမလို့ဆို”

“အင်း ... ဟုတ်တယ်လေ”





“ဒါဆို ကျွန်တော်လိုက်ပို့ပေးပါရစေ”

“မင်း အားလို့လား”

“အားပါတယ် မမရဲ့။ အားလို့ပဲ မမပေးခဲ့တဲ့စာအုပ်ဖတ်ပြီးပြီဆိုတော့ ပြန်လာပေးတာပါ၊ ဒီမှာ”

ပြောရင်း စာအုပ်ကလေးကို လက်နှစ်ဖက်နှင့် ရိုရိုသေသေ ကမ်းပေးလေတော့ –

အင်း ... သူ့ပုံစံက တကယ်လေးစားလို့ ခင်မင်ချင်ပုံရကာ ကိုယ့်ကို တရိုတသေ ဆက်ဆံလာတော့ ကိုယ်လည်း ကောင်းခြင်းတွေသာ တုံ့ပြန်ရတော့မှာပါလေ။

“မမက အစကတည်းက မင်းကို လက်ဆောင်အဖြစ် ပေးခဲ့တာလေ။ ပြန်ပေးဖို့မလိုပါဘူး ယူထားလေ”

“တကယ်လား မမ”

“တကယ်ပေါ့”

“ဝမ်းသာလိုက်တာ မမရယ်၊ ဒါဆို ကျွန်တော် အမှတ်တရ သိမ်းထားမယ်နော်”

“အင်း”

မိုးပုလဲ ခေါင်းညိတ်လိုက်တော့ –

“မမ ဘယ်သွားမှာလဲ သွားလေ၊ ကျွန်တော် လိုက်ပို့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပတ်မလား၊ ပတ်လို့ရတယ်"

"ကမ္ဘာတော့ မပတ်ပါဘူး၊ လိုက်ပို့ရင် ပိုတောင်ကောင်းသေး တယ်၊ မဟုတ်ရင် တစ်ယောက်တည်းသွားရမှာ ခပ်ပျင်းပျင်းရယ်လေ"

"ဒါဆို . . . သွားမယ်လေ"

"အင်း"

ဘုန်းမြတ်သော်ဇင် အရင်ထရပ်လို့ မိုးပုလဲပါ ထရပ်ပြီးမှ–

"ဪ . . . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မမရဲ့ညီမလေး လေ ဘုန်းမြတ်သော်ဇင်။ နာမည်က မိုးသဲတဲ့"

"ဪ . . . ဟုတ် ကျွန်တော်မှတ်ထားပါ့မယ် မမ"

ပြောပြီး မိုးပုလဲညီမဖြစ်သူကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့ သည်။ ဘုန်းမြတ်သော်ဇင်က သူ့ကားနဲ့လိုက်ပို့မယ်ဆိုတော့ မိုးပုလဲ ကိုယ့်ကားကိုထားခဲ့ရ၏။ ကားပေါ်ကိုရောက်တော့ –

"မမ"

"ဟင်"

"မမနာမည်အရင်းက ဘယ်သူလဲဟင်"

"မိုးပုလဲလေ မောင်လေးရဲ့"

"ဪ . . . အဲဒီနာမည်လည်း လှတာပဲနော်"

"ဟုတ်လား"





"ဟုတ် မမ . . . ကျွန်တော်နဲ့ခင်ပြီဆိုတော့ မမ စိတ်ရှည်မှ ရမယ်နော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ကျွန်တော်က မမအကြောင်းသိချင်တာတွေ မေးတော့မှာ လေ။ မမ အင်တာဗျူးဖြေရင်တောင် ကျွန်တော့်လောက် ပြည့်စုံအောင် မေးမှာမဟုတ်ဘူး"

"ရပါတယ် . . . မေးပါ"

"ဖြည်းဖြည်းပေါ့ . . . ဖြေဖို့သာစဉ်းစားထားပါ"

မိုးပုလဲ ခေါင်းညိတ်လိုက်မိ၏။ မေးချင်တာမေး ကိုယ့်မှာ ဖုံးဖိထားစရာအကြောင်းမှ မရှိတာ၊ ကောင်းတာရော ဆိုးတာရော သူသိပါစေ ဖြေဖို့အဆင်သင့်ပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ရော့ မမ"

"ဟင်"

ဘုန်းမြတ်သော်ဇင် ပျောက်သွားတယ်ဆိုပြီး မိုးပုလဲက ရှာနေတာ။ လက်စသတ်တော့ သူက ဘုရားကပ်ဖို့ ပန်းသွားဝယ်တာကိုး။ အလိုက်သိလိုက်တာလို့ စိတ်ထဲမှသာ ချီးကျူးရင်း ပန်းတွေကို လှမ်းယူလိုက်စဉ် –

"မမ"

"ဟင်"

"မမက ဘာနေ့သမီးလဲဟင်"





"မမက ကြာသပတေးသမီးပါ။ မင်းရော ဘုန်းမြတ်သော်ဇင်ဆိုတော့ ကြာသပတေးသားလား"

"ဟုတ် မမ ... ဒါဆို အတူတူပန်းကပ်လို့ရသွားတာပေါ့နော်"

"အင်း ... လာ သွားရအောင်"

နေ့ချင်းကအတူတူဆိုတော့ မွေးနေ့ထောင့်မှာပဲ ဘုရားအတူတူ ဖူးဖြစ်ခဲ့ကြသည်လေ။ ဘုရားဆင်းတုတော်ကို ဖလားလေးနှင့် ရေသက်စေ့ခပ်ပြီး သပ္ပာယ်ကြတော့ ဘုန်းမြတ်သော်ဇင်က အသက်ငယ်တော့ အရင်ပြီးသူ။

ဒါကြောင့် မိုးပုလဲပြီးသည်အထိ ရပ်စောင့်နေပေးသည်။ မိုးပုလဲပြီးသွားတော့ ဘုရားကိုဦးချတော့လည်း သူပါ အတူတူ ဦးချကာ ပြီးလို့ ပြန်ထွက်လာခဲ့ကြတော့ –

"မမက ၃၃–နှစ်ပေါ့"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"မထင်ရလို့ပါ။ နုတယ်နော်။ ကျွန်တော်က ၂၀ ကျော် ၃၀ ဝန်းကျင်လောက်ပဲ မှန်းတာ"

"ဟုတ်လား ... ဘာစားချင်လဲ ပြောလေ။ မမ ဝယ်ကျွေးမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မမကလည်း ကျွန်တော်က မြောက်ပြောတာ
မဟုတ်တာ။ တကယ်ပြောတာကို"

"ဟုတ်ပါပြီ . . . မနိုင်တော့ဘူး"

"မနိုင်ရင် လွှတ်ချလိုက်လေ"

"ဘယ်မှာချရမလဲ"

"ဖွေးဖွေးအိမ်ရှေ့မှာ ချပေးလေ။ အဲဒါမှ သနားလို့ဆိုပြီး
ပြေးမွေ့မှာ"

တော်တော် ရယ်စရာပြောတတ်တဲ့ ကောင်လေးပဲ။ ပြော
လိုက်ရင် လုတောသားလို ရယ်စရာတွေ ဖောက်တတ်သည်လေး
အခု မိုးပုလဲ သူနဲ့ခင်မင်ရတာ စကားလုံးတွေ တော်တော်စုမိနေပါပြီ
သူ စာတော်တော်ဖတ်တယ်ထင်ပါရဲ့။ စကားပြောရင် မှတ်သားလောက်
စရာတွေလည်း ပါတယ်လေ။

"မင်းက ဖွေးဖွေးကို တော်တော်ကြိုက်ပုံရတယ်နော်
မိတ်ဆက်စာရေးဖူးလား"

"ကြိုက်တာတော့ တော်တော်ကြိုက်တာ၊ စာတော့မရေး
ပါဘူး။ တော်ကြာ မတော်တဆ ကျွန်တော့်ခါတ်ပုံကို တောင်းနေ
စိုးလို့ပါ။ အားနာနာနဲ့ ခါတ်ပုံပေးမိလို့ ကျွန်တော့်မြင်ပြီး ရူးသွားရင်
ဘယ်လိုလုပ်မလဲ"





"ခစ် ခစ်"

"မရယ်နဲ့ အဟုတ်တကယ်ပြောတာ။ ကျွန်တော်လေ ရည်း
စားစာလည်း အပေးခံရဖူးတယ်။ အနမ်းလည်း ခံရဖူးတယ်။ ပြော
ရတာ ရှက်လိုက်တာ . . . ဟီး"

သူပြောသမျှ မိုး ရယ်ပဲနေရတော့၏။ ဟုတ်ချင်လည်း ဟုတ်
မှာပါ။ သူ့ရုပ်ရည် သူ့စတိုင်လ်နဲ့လေ။ ကိုယ်လည်း မိန်းကလေးမို့
ပြောတော့ မပြောချင်ပါဘူး။ အချို့မိန်းကလေးတွေက နုတ်ရဲလျှာရဲ
သလေးတွေပဲဥစ္စာ။ အတုယူမှားနေကြတာလေ။ ခေတ်နဲ့ကိုင်ပေါက်ပြီး
သောက်ချားတွေနဲ့ ရင်ဘောင်တန်းတာ အလုပ်ကိစ္စတင်မဟုတ်ဘဲ နှလုံး
သားရေးကိစ္စတွေမှာလည်း ဒီလိုပါ။

မိုးပုလဲ ကိုယ့်မှာ ညီမလေးတစ်ယောက်ရှိနေတော့ အဲဒီလို
အရမ်းဖြစ်မှာစိုးတာလေ။ ဒါကြောင့် သင်နေကြားနေရတာ ခဏခဏ
ပေါ့။ အချိန်တန်အရွယ်ရောက်ရင် သဘာဝကို လွန်ဆန်နိုင်မှာမဟုတ်
ကြပေမယ့် သဘာဝကို သဘာဝအတိုင်းလေးပဲ ဖြစ်စေချင်သည်လေ။

"မမ"

"ဟင်"

"ငြိမ်လှချေလားဗျ။ ဘာလဲ . . . ကျွန်တော်ပြောတာနဲ့ မမ
ညီမလေးကို သတိရသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါဆို ရည်းစားမရှိဘူးလား"

မိုးပုလဲ ရယ်နေတာကိုပဲ ဘုန်းမြတ်သော်ဇင်က ဘယ်လို အဓိပ္ပာယ်ကောက်သွားသည်မသိပေ။ ကောက်ချင်သလိုသာကောက်တော့။ ဒါမျိုးက ကြွားလို့ကောင်းတဲ့အရာမှ မဟုတ်တာ။ တမင်ဖုံးကွယ်ထားချင်တာမျိုးလည်း မဟုတ်ပေ။

"ကျွန်တော် ရက်ပျောပင်စိုက်ပေးရလား မမ၊ ကျွန်တော့်အတွက်ပါ ပိုစိုက်ရမှာလေ"

"ဟုတ်လား"

"ဟုတ်"

"ဘာဟုတ်လဲ မီးတောက်တာလား"

"အဟဲ . . . ဆေးလိပ်သောက်မလို့ မီးခြစ် ခြစ်တာလေ"

"ဘုန်းမြတ်သော်ဇင်က ဆေးလိပ်သောက်တတ်လား"

ဒီမေးခွန်းကိုမေးတော့ ဘုန်းမြတ်သော်ဇင် ပါးစပ်က မဖြေဘဲ ခေါင်းယဲညိတ်ပြလေသည်။

ဒီကိစ္စမျိုးကို မိန်းကလေးအတော်များများက ကြိုက်မှမကြိုက်ပဲလေ။ အချို့ကျတော့လည်း သူတို့ကိုယ်တိုင်တောင် သုံးစွဲနေကြတာ လူအမျိုးမျိုး စိတ်အထွေထွေပေါ့။





ဘုန်းမြတ်သော်ဇင်က ကိုယ်လေးစားရတဲ့ ဆရာမရှေ့မှာမို့ ပြောချင်ပေမယ့် ညာလည်း မညာတတ်တော့လေ။

"ဒါဆို . . . အရက်ရောသောက်တတ်လား"

"သူငယ်ချင်းတွေနဲ့ တစ်ခါတလေတော့ သောက်ဖြစ်ပါတယ် မမ။ ကျွန်တော်က မညာတတ်လို့ ဝန်ခံတာပါ။ စွဲစွဲလန်းလန်း သောက်ရမနေနိုင်တော့ မဟုတ်ပါဘူး။ သောက်ပြီးရင်လည်း ရယ်ရှာပြောတယ်၊ အိပ်တယ် ဒါပါပဲ"

"အင်းလေ . . . ယောကျ်ားလေးဆိုတော့ ဘယ်ကင်းပါ့မလဲ နော်။ တစ်ခါတလေတော့ရှိမှာပေါ့"

"မမက နားလည်ပေးနိုင်တယ်ပေါ့"

"ယောကျ်ားလေးအများစုက ကင်းမှမကင်းကြပဲလေ။ ဆောင်းကစားတော့ မလုပ်နဲ့သိလား။ အဲဒါက ဘဝပျက်တဲ့နေရာမှာ အရက်ထက် ပိုမြန်တယ်လို့ မမတော့ထင်တယ်"

"ဟုတ်"

"မီး"

မီးလို့ပြောလိုက်တာနဲ့ ဟုတ်လို့ပြောတာကိုပြောလိုက်မှန်း သိပြီး ရယ်လိုက်မိပြန်၏။

"မမ ယောကျ်ားမယူနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာလို့လဲ"

"မမကို ဒီအတိုင်းပဲ မြင်ချင်လို့ပေါ့"

မိုး ပရိသတ်ကောင်လေးတစ်ယောက်ပြောတာကို သတိရ သွားပြန်ပြီ။ ဆရာမ ဆရာမမှာ ချစ်သူရှိတဲ့နေ့ ကျွန်တော့်ကို ဆရာမရဲ့ ပရိသတ်အဖြစ်ကနေ နုတ်ထွက်ခွင့်ပြုပါတဲ့။ အဲဒါကြောင့်ပဲ မိုး တစ် တလေ စဉ်းစားမိသည်လေ။ အနုပညာသမားတွေ အိမ်ထောင်ပြု အောင်မြင်မှုကို ထိခိုက်နိုင်သလားလို့ပါ။

တကယ်တော့ မဆိုင်ဘူးလို့ ကိုယ်ကထင်ပေမယ့် အဲလို တွေပြောလာကြတော့ စိတ်ထဲမှာ တစ်မျိုးပါပဲ။

မိုးဇာ အောင်မြင်မှုကို မက်တာလည်းမဟုတ်၊ ပိုက်ဆံရ ဒီအလုပ်ကို ခုံမင်တာလည်း မဟုတ်ပေ။ ဝါသနာကြောင့် စာမရေး ရင် မနေနိုင်လို့ပဲ စဉ်းစားနေရခြင်းပဲပေါ့။

"မမ ပရိသတ်တစ်ယောက်ကလည်း ပြောပါတယ်"

"ဘာပြောလဲမမ"

"ဆရာမမှာ ချစ်သူရှိတဲ့နေ့ ကျွန်တော့်ကို ဆရာမရဲ့ ပရိသ အဖြစ်ကနေ နုတ်ထွက်ခွင့်ပြုပါတဲ့လေ"

"ပြင်းလှချေလား"

"ဟုတ်တယ် . . . ခပ်ပြင်းပြင်းပဲ"





ဒီတစ်ခါတော့ ဘုန်းမြတ်သော်ဇင် ရယ်တာ အသံတွေ ထွက် ၏ -

"သူက အဲလိုပြောရုံပဲနော်၊ ကျွန်တော်ကတော့ မမ ချစ်သူ ဆိုတာရှိလာရင် ကျွန်တော့်ရှေ့ ဖြတ်မလျှောက်စေနဲ့"

"ဖြတ်လျှောက်ရင် ဘာလုပ်မှာလဲ"

"ခြေထောက်ရိုက်ချိုးမှာပေါ့"

"တကယ်ကြီးလား"

"တကယ်ကြီးပေါ့"

"ဒါဆို ငှက်ပျောပင်ပဲစိုက်တော့မယ်"

"ကျွန်တော့်ကိုလည်း မျိုးစေ့ပေးရမယ်နော်"

"အံမယ် . . . ဒီရုပ်က"

"အင်းလေ"

မိုးပုလဲ ခေါင်းခါပြလိုက်တာကို ဘုန်းမြတ်သော်ဇင် သဘော ကျသွားပါသည်လေ။ ပြောမှာပေါ့ မိန်းကလေးကစပြီး စာပေးခံရတဲ့ ကောင် လူပျိုကြီးလုပ်မယ်ဆိုတော့ ယုံနိုင်ပါ့မလား။ ကိုယ်က ချည်စား ညည်းများသေး သဘောကလည်းကောင်း ရုပ်ကလေးချောပြီး စမတ် ကျတဲ့အပြင် အချစ်ကို မျှဝေပေးနေတဲ့ ကောင်ဆိုတော့။

အဟွန်း . . . သူများမပြောနဲ့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံပေ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူ ယောကျ်ားယူတာ မျိုးစေ့ချပြီး အပင်သန်အောင်စောင့်နေ
တာမှတ်လို့။

"ကျွန်တော် တကယ်ပြောတာနော် မမ"

"ဟင် ... ဘာကိုလဲ"

"မမ မင်္ဂလာဆောင်ရဲ့ဆောင်ကြည့်လို့"

"ဆောင်ရင် ဘာလုပ်မှာလဲ"

"မင်္ဂလာဆောင်ကို မီးနဲ့လာရှို့မှာ"

"ခစ် ခစ်"

"ဘာရယ်တာလဲ"

အတူတူသွားရင်းလာရင်းပဲ မိုးရင်ထဲမှာ ဘုန်းမြတ်သော်
ကို တကယ့်ကိုယ့်မောင်လေးအရင်းလို ခင်မင်တွယ်တာမိသွား
သည်။ ရေစက်ဆိုတာ ဒါပဲလားတော့မသိ။

"အခုလို မင်းနဲ့လျှောက်လည်ရတာ မမပျော်တယ် သိလား"

"တကယ်"

"အင်း"

"ဒါဆို မမ အားလို့ အနားယူတိုင်း ခုလိုပဲ ကျွန်တော်
သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးမယ်"

"အိုကေ"





ခေါင်းလေးညိတ်ပြီး မိုးပုလဲ လက်မထောင်လိုက်တော့
င်လေးကလည်း ပြန်ထောင်ပြလေသည်။ အခု နှစ်ယောက်စလုံးရဲ့
င်ထဲမှာ ရင်းနှီးမှု အမျိုးအစားတွေက အချိုးကျကျ ရှိနေလို့သာ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

♫ သတိရရဲ့လား xxx မှတ်မိရဲ့လား xxx မရဲ့ဘေးနားရှိ ကောင်လေးကျွန်တော့်ကို xxx မတွေ့ရရင်လည်း xxx လွမ်းလို့နေမယ် တကယ်မေ့လို့မရတဲ့ မရဲ့မျက်ဝန်းရယ် xxx

မရယ် xxx လိမ်ညာရင်လည်း xxx ဟန်ဆောင်အပြုံးလေ တစ်ခုတော့ လိုချင်တယ် xxx မက ကျွန်တော့်အတွက် မရှိမဖြစ် မရယ် xxx အချိန်ရှိတိုင်းပဲ မရဲ့ဘေးနားရှိချင်တယ် xxx ဖြူစင်လှ မရဲ့ အပြုံးလေးများထဲ ရင်ခုန်နေမိတယ် xxx

မရယ် xxx မထားခဲ့လိုက်ပါနဲ့ xxx မရဲ့ရှေ့က အမြဲရှိနေ မယ် ♫





"ဘုန်းမြတ်သော်ဇင်"

"____"

ခပ်စူးစူးအော်ခေါ်သံကြောင့် ဇင်လေး သီချင်းသံ တိခနဲ ဖြတ်ကျသွားပြီး လက်တွေကလည်း ဂစ်တာကြိုးတွေပေါ်မှာ ရပ်တန့် သွားလေသည်။ ဒါ မေမေ့ရဲ့ခေါ်သံပဲလေ။

"ဘုန်းမြတ်သော်ဇင်"

"ဗျာ"

"ဘယ်လိုဖြစ်လို့ ဂစ်တာတဒေါင်ဒေါင် လုပ်နေတာလဲ။ နင့် အဖေ နေမကောင်းလို့အိပ်နေတယ်လေ နားမလည်ဘူးလား။ မနေနိုင် ရင် ဆိုချင်နေရင်လည်း လမ်းမှာထွက်ဆို သွား"

"ဟုတ်"

ဟုတ်ဆိုပြီး ချက်ချင်းထသွားမယ်လုပ်တော့ –

"ဟော့ကောင် . . . နေဦး"

လာပြန်ပြီတစ်ဗိုလ်။ အခုခေါ်လိုက်တာက ကိုကြီးဖြစ်၏။ အဖေနေမကောင်းဖြစ်နေတာ ဇင်လေးသိတော့ သိတာပေါ့။ ဒါပေမဲ့ အဖေ ခေါင်းကိုက်တင်ပဲလေ။ ဆေးသောက်ရင် ပျောက်မှာပဲဥစ္စာ။ ကို အလိုက်ကန်းဆိုးမသိဘူးဆိုပြီး ဆူဦးမှာပေါ့။ နေဦးဆိုတော့လည်း ခွာ ရပ်နေလိုက်စဉ် –



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုရက်ထဲမှာ အလုပ်ကိစ္စတွေအတွက် သိပ်ဝင်မ
တော့ဘူးနော်။ လှစ်ခနဲဆို ပျောက်၊ လှစ်ခနဲဆို ပျောက်နဲ့ ဘယ်ရေ
သွားနေတာလဲ"

"___"

"ပြောလေကွာ"

"မမအိမ်သွားနေတာ"

ဘုန်းမြတ်ထက် မျက်မှောင်ကုတ်သွားပြီး –

"ဘယ်ကမမလဲ"

"မမ မိုးစက်ပွင့်"

"ဟင်"

"အခု ကျွန်တော်နဲ့ အတော်လေးခင်နေပြီကိုကြီးရေ။ မမ
ဘာမာနမှမကြီးဘူး သဘောကောင်း မနောကောင်း"

"ဟုတ်လား"

"ဒါပေါ့"

"ကောင်းပါတယ်"

ဒါပဲပြောပြီး စကားရှေ့မဆက်တာကိုပဲ ဖင်လေး မကျေ
ချင်။ တကယ်ဆို ကိုယ့်ညီလေးဆန္ဒ ပြည့်ဝသွားတဲ့အတွက် ဝမ်း
ပေးရမှာမဟုတ်ဘူးလား။ အခုတော့ ဒီလိုမဟုတ်ပါဘူး။ ကိုကြီး





ပြုံးပဲနေမှာပေါ့။ စာမှမဖတ်ဘဲဉစ္စာ။ သူ့ခေါင်းထဲမှာ ပြည့်နေတာက
များရေးကိစ္စတွေပဲလေ။

"မင်း မနက်ဖြန်တော့ သွားလို့မရဘူးနော် ဖင်လေး"

"ဘာလို့လဲ"

"ငါ မင်းကို ခိုင်းစရာရှိလို့"

"လုပ်လာပြီ"

ဖင်လေးစကားကြောင့် ဘုန်းမြတ်ထက် မျက်လုံးထောင့်ကပ်
ကြည့်လေ၏။ ခါတိုင်းဆို လိုလိုလားလား လုပ်ပေးခဲ့ပြီး ခုမှ ကလန်
ကဆန်လုပ်တာ ကောင်းသလား။ သူ့စိတ်ဟာ ကိုယ့်စိတ် မဟုတ်လေ
တော့ –

"ဖင်လေး"

"ဗျာ"

"မင်း ရိုးရော ရိုးရဲ့လား"

"ဘာကိုလဲ"

"မင်း အဲလောက်အဖြစ်သည်းနေတာ အဲဒီဆရာမအပေါ်
စိတ်က ရိုးရဲ့လားလို့ မေးတာ"

"ဟာ ... ရိုးပါတယ်ကိုကြီးရေ၊ ဘုရားပေးပေး ကျိမ်းပေးပေး
ဆို ကျွန်တော် လေးစားတန်ဖိုးထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်ထက် နှုတ်ခမ်းက လွန့်ခနဲဖြစ်သွားလေသည် ချေးစားပြောတောင် ကြိုက်တတ်လို့စားတာလို့ ပြောချင်လိုက်တာ ဒီကောင့်လောက် ရည်းစားများတာ ဒီကောင်ပဲရှိတယ်။ ဘယ်ရည်းစာ ကိုများ ဂရုစိုက်အလေးထားလို့လဲ။ ရည်းစားနဲ့ချိန်းထားပြီးမှ အလုပ်ကိစ္စ ပေါ်လာရင် အလုပ်ကိစ္စကိုပဲ ဦးစားပေးခဲ့တဲ့ကောင်လေ။

ခုကျတော့ အချိုးက တစ်မျိုးပြောင်းနေပြီ။

"အေးပေါ့ကွ . . . အဘတို့က ရန်ကုန်မရောက်ဖူးသေ ဌါမြေးပြောတာ ယုံရမှာပေါ့"

"ကိုကြီးကလည်း တကယ်ပါဆို"

"အဲဒီ တကယ်ပါပြောတဲ့ ပါးစပ်ကပဲ စောစောကဆိုတဲ့သီချင် ကို ပြန်စဉ်းစားကြည့်ဦး။ အဲဒီသီချင်းကြောင့် မင်းခံစားချက်တွေ ရင်ဖွင့်နေသလားလို့ ငါကမေးတာပါ"

"အဲ"

ခုမှပဲ ဖင်လေး တွေခနဲဖြစ်သွားလေ၏။ သူဆိုလိုက်တာ 'မကိုချစ်တယ်' သီချင်းလေ။ ဆိုချင်စိတ်ဖြစ်သွားတာကလည်း မ သတိရလို့ ဆိုတာတော့အမှန်အကန်ပါ။

ဒါပေမဲ့ . . . သီချင်းက ဘယ်အဘောသက်ရောက်လည် ဆိုတာ သူ ရှည်ရှည်ဝေးဝေးမှ မစဉ်းစားမိတာ။ တိုက်ဆိုင်မှုလေးတွေ





ပါသလို မတိုက်ဆိုင်တာလည်း ရှိသည်လေ။

ဒါကို ဟိုလိုဒီလိုတွေ ခွဲခြမ်းစိတ်ဖြာပြဖို့အထိတော့ သူ စိတ် ရှည်။ ဒါကြောင့် ရှင်းပြနေမယ့်အစား အမှန်တရားက ကိုယ့်ရင်ဘတ် ထဲမှာသာ။

"သီချင်းကြောင့် ကိုကြီးက တစ်မျိုးထင်နေတာကို။ သီချင်း ကို သီချင်းလို့ပဲ ခံစားစမ်းပါ ကိုကြီးရ"

"သီချင်းဆိုတာ လူတွေရဲ့ခံစားချက်အမျိုးမျိုးကိုပဲ မွမ်းမံ ရေးစပ်ထားကြတာလေကွာ"

"မနိုင်တော့ပါလား"

ဖင်လေး သက်ပြင်းချပြီး ခေါင်းခါလိုက်မိတော့၏။ နောက် သီချင်းဆိုရင် ဆိုရမယ့်သီချင်းကို ရင်ဘတ်နဲ့ကိုက်ညီအောင် ရွေးချယ် ဦးဆိုရတော့မလိုပါလား။

ခုနေများ အမေနဲ့ရွာကို သားမောင်လွမ်းဆိုပြီး ဟသ်ာတ ထွန်းရင်သီချင်း ထဆိုရရင် ဘာပြောဦးမည်တော့မသိပေ။ အဲဒါဆို ရှဲ့တာလားလို့ပဲ မေးဦးမှာက ကြိမ်းသေလေ။

"အခု လမ်းထွက်ဆိုဦးမလို့လား"

"ကိုကြီးပြောတာနဲ့ ဆိုချင်စိတ်က ကုန်သွားပြီ"

"လူတွေက မှန်တာပြောရင် မခံနိုင်ကြဘူးလေကွာ



www.burmeseclassic.com

www.burmeseclassic.com



"မှန်,မမှန် တစ်နေ့အဖြေထွက်လာမှာပါ"

"အခု မင်းရဲ့လက်ရှိရည်းစားက ဘယ်သူလဲ"

ဩော် ... တစ်နေ့ တစ်နေ့ ကိုယ်လှုပ်ရှားသမျှ သူ့ကို သံတော်ဦးတင်နေရမလိုပါလား။

"မေမြင့်မြတ်ဖြူ"

ခပ်တိုတိုပဲ ဖြေလိုက်တော့ –

"အဲဒီတစ်ယောက်နဲ့တော့ သက်တမ်းရှည်နေသားပဲနော် သက်တမ်းရှည်မှာပေါ့။ လက်တွဲဖို့အထိ ရည်ရွယ်ထားထား ဖူးစာပါမယ်ဆိုရင်ပေါ့လေ။

✿ ✿ ✿



## အခန်း (၁၀)

ဒီနေ့ ချစ်သူရဲ့မွေးနေ့မို့ ဇင်လေး ဘာဝယ်ပေးရမှန်းမသိဘဲ ငိုင်တာထဲမှာ တလည်လည်။ ဘာပေးရမလဲစဉ်းစားလို့ကို မရနိုင်သေးတာလေ။ ချိန်းတွေ့ကြတိုင်း သူ ဘာကြိုက်တတ်လဲ၊ ဘာသုံးတတ်လဲ ဆိုတာတွေလည်း မမေးမိ။ အစားအသောက်တွေတော့ ဘာကြိုက်တတ်တယ် ဆိုတာ သိတာပေါ့။

အင်းသိပြီ သူသုံးနေကျ ရေမွှေးပုလင်းပဲ ဝယ်သွားတော့မယ် ဆိုပြီး ရေမွှေးပုလင်းပဲ ဝယ်လိုက်ပါတော့သည်။ သူနဲ့တွေ့တိုင်း ရနေတဲ့ ကိုယ်သင်းရနံ့က ဒါပဲဆိုတော့လေ။

"ဇင်လေး ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"___"

"မပြီးသေးဘူးလားကွ"

သူငယ်ချင်းတွေ လျှောက်လိုက်ရတာ စိတ်မရှည်လို့မေးလေတော့ –

"ပြီးပါပြီကွ"

"မပြီးလည်း မစောင့်တော့ဘူးဟေ့၊ နောက်က လိုက်ရတဲ့ကောင်တွေ ခြေသလုံးကြွက်တက်ခဲတော့မယ်။ တကတည်းကွာ စင်တာတစ်ခုလုံး ဝယ်စရာမရှိတဲ့အတိုင်းပဲ လျှောက်သွားနေရတာ ရက်တောင်လာပြီ"

"ပြီးပါပြီဆို"

ဖင်လေး ခပ်ဆောင့်ဆောင့်ပြန်ပြောလေတော့ သူငယ်ချင်းတွေက မျက်စောင်းတခဲခဲနှင့်ပါ။ နောက် စည်သူက –

"မပြီးသေးရင်လည်း အကြံပေးမလို့"

"ဘာလဲ"

"ဝယ်ပေးဖို့လက်ဆောင်လေ"

"ပြောကြည့်ပါဦး"

စည်သူ အကြံပေးတာကောင်းရင် တစ်ခုထပ်ဝယ်ရတာပေါ့ ဟု မေးလိုက်တော့ စည်သူက စပ်ဖြီးဖြီးမျက်နှာနှင့်သာ –





"ဘယ်သူမှ မပေးဖူးတဲ့လက်ဆောင်မျိုး ပေးပါလားကွ။ အဲဒါမှ မင်းကို တစ်သက်လုံး မမေ့လို့မရ တသသဖြစ်နေမှာ"

"___"

"မသိရင် ဒီအနားလာ ငါပြောပြမယ်"

"ဒီအတိုင်းပြောပါလား"

"သူများ ကြားလို့မဖြစ်တဲ့ ပစ္စည်းမို့လို့ပေါ့ကွ။ ကြားချင်ရင်လာပေါ့"

ဘာလဲဟု ကြားချင်စိတ်က ပြင်းပြသွားပြီလေ။ သူများကြားလို့ မဖြစ်တဲ့ပစ္စည်းက ဘာပစ္စည်းလဲလို့ပေါ့။ ဒါကြောင့် ဖင်လေး စည်သူအနားသို့ရောက်သွားပြီး –

"ဘာလဲ"

စည်သူက သူ့နားအနားသို့တိုးကပ်ပြီး ပစ္စည်းတစ်ခုနာမည်ကို ပြောပြလေလျှင် –

"ဟာ ... ခွေးကောင်"

"ဟား ဟား ဟား ဟား"

ဖင်လေးပခုံးကို လက်သီးနှင့်မနာအောင် ထိုးလိုက်တော့ စည်သူက တဟားဟားနှင့် ရယ်လေသည်။ ကောင်းမြတ်လည်း သူ့ကြားပေးမယ့် သူပဲ စည်သူ့ကို ပြောခိုင်းတာမို့ သိပြီးဖြစ်တော့ ရယ်



www.burmeseclassic.com

www.burmeseclassic.com



လေလျှင် –

"ခွေးကောင်တွေ ... အဲဒီပစ္စည်း မင်းတို့ကောင်မလေးတွေ

ကျမှ မင်းတို့ပေး။ အဲဒါမှ လစဉ်လတိုင်း မင်းတို့ကို သတိရနေမှာ

ဖူးစာမပါလို့ လွဲသွားရင်တောင် ဟိုဒင်းဟိုဟာဖြစ်တိုင်း"

"ဟား ဟား ဟား ဟား"

"တော်တော်ညစ်ပတ်တဲ့ကောင်တွေ"

ဖင်လေး ဆဲလည်း စည်သူနှင့်ကောင်းမြတ်က ရယ်

ကောင်းဆဲပါ။ စင်တာထဲကထွက်လာကြတော့ ဖင်လေးက ဖြူ

ချိန်းထားသည်မို့ သူငယ်ချင်းတွေနှင့် လမ်းခွဲလိုက်သည်။ ချိန်းထား

ကန်တော်ကြီးထဲမှာမို့ ကန်တော်ကြီးထဲကိုရောက်တော့ –

"ဖြူ"

"နောက်ကျလိုက်တာ ကိုကိုရယ်၊ ဖြူ စောင့်နေရတာကြာ

ပြီ သိလား"

"ဆောရီး ဖြူ။ ကိုကို ဖြူ့ကိုမွေးနေ့လက်ဆောင်ပေးဖို့ ဝ

ဝယ်နေလို့ပါ။ ဘာပေးရမှန်းမသိတော့ ရှာနေရတာနဲ့ ကြာသွားတာ

သူငယ်ချင်းတွေပြောတာကို သတိရမိတော့ ပြုံးစိစိဖြစ်

လေလျှင် –

"ဘာပြုံးတာလဲ"





"ဘာမှမဟုတ်ပါဘူး။ သူငယ်ချင်းတွေ ပြောတာကို သတိရ

မိသွားလို့ပါ"

"ဟင် ... သူတို့က ဘာပြောလို့လဲ"

"ဘာမှမဟုတ်ပါဘူး"

"ကိုကိုနော် ... ချစ်သူချင်း အဲလို မလျှို့နဲ့သိလား"

"မလျှို့ပါဘူး ဖြူရယ်၊ ကိုကိုက မပြောသင့်တဲ့စကားမို့လို့

မပြောတာပါကွ။ ကဲ ... ရော့ ဒီမှာ ဖြူ့အတွက် မွေးနေ့လက်ဆောင်"

မွေးနေ့လက်ဆောင်ကို လက်ထဲထည့်ပေးသည့်တိုင် ဖြူ့

မျက်နှာက မသာယာပေ။ မပြောသင့်လို့ မပြောတာကိုပဲ ဘာလို့

သိချင်နေပါလိမ့်။ စူပုပ်ပုပ်မျက်နှာလေးကိုကြည့်ပြီး ပါးဖောင်းဖောင်း

လေးကိုလည်း လိမ်ဆွဲကာ –

"ဘယ်လိုလဲ ကိုကိုပေးတာ ကြိုက်ရဲ့လား"

"ကြိုက်တယ်"

"ဟင် ... အသံကလဲ"

"ကိုကို"

"ဗျာ"

"ကိုကို ဖြူ့ကို တကယ်ချစ်တာတော့ ဟုတ်ပါတယ်နော်"

"ဪ ... တကယ်အဟုတ် သေချာပါတယ် ဖြူရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ဖြူက ကိုကို့ကို မယုံမကြည်ဖြစ်နေရတာလဲ'

"မသိဘူးလေ . . . အရင်ရည်းစားတွေအတိုင်းပဲလားလို့"

"မဟုတ်ပါဘူး ဖြူရယ်။ ကိုကိုက ဖြူ့ကို တကယ်ချစ်လို့ လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားတာကို။ မယုံရင် အခု ခိုးပြေးရမလား ပြော"

မျက်စောင်းလှလှလေးက ဝေ့ခနဲရောက်လာကာ –

"လူကို ခေါ်တိုင်းလိုက်မယ့်အပေါစားများ ထင်နေလား"

"မထင်ပါဘူးဗျာ မထင်ပါဘူး။ ကိုကိုက ကိုကို့ကို ဖြူမယုံ ပြောတာပါ။ ဒီချစ်သူလေးကို ကိုကိုကတန်ဖိုးထား မြတ်နိုးပြီးသား နော်"

ဒီတော့မှ ဖြူ့မျက်နှာလေးပြုံးသွားပြီး သူပေးတဲ့ရေမွှေးပုလင်း ကို လှည့်ပတ်ကြည့်ကာ –

"ရေမွှေးလက်ဆောင်ပေးတဲ့ အိုင်ဒီယာက မရိုးလွန်းဘူးလား ကိုကိုရဲ့"

"ဟင် . . . ကိုကိုက ဖြူ့အကြိုက်ကိုပေးတာပဲဥစ္စာ။ ဖြူ ဒါကြိုက်တာသိလို့ ဖြူ့ကို ဂရုစိုက်မှန်းသိအောင် ပေးတာလေ"

"ထားပါ . . . ဖြူက ရိုးမက်တစ်မဆန်တာကိုပြောပြတာ။ မခုန်ရဘူးပေါ့။ ဖြူက ချစ်သူပေးတာဆိုပြီး ထူးထူးခြားခြား ရင်ခုန်





နေချင်တာ"

"ဟူး"

ဇင်လေး သက်ပြင်းချပြီး ခေါင်းသာကုတ်လိုက်မိတော့၏။ မိန်းကလေးတွေစိတ်က တော်တော်နားလည်ရခက်ပါလား။ ဒီလိုလုပ်ပေးတော့ ဟိုလို၊ ဟိုလိုလုပ်ပေးတော့ ဒီလိုနဲ့ တော်တော်ဇီဇာကြောင်တာပဲ။ ဒါပေမဲ့ ချစ်တဲ့စိတ်က အပြစ်မဖြစ်နိုင်။ စိတ်ကောက်တာလေးကိုပဲ ပိုပိုချစ်နေမိလို့သာ။

ဖြူကလည်း အလိုမကျပေမယ့် နားလည်ပေးရသည်ပေါ့ လေ။ သူ့စိတ်က ကိုယ့်စိတ်မှ မဟုတ်တာ။

"ကိုကို"

"ဟင်"

"ဖြူ့ကို ဘယ်လောက်ချစ်လဲ"

"မိုးအဆုံး မြေအဆုံး၊ အဲဒီထက်ပိုရရင် နှိုင်းယှဉ်စရာမရှိအောင်ကိုချစ်တာ"

ဒီလိုကျတော့ ဖြူ ကျေနပ်စွာ သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိတော့သည်။ ချစ်တဲ့စိတ်ရဲ့ အစာသွပ်ခြင်းက ခွင့်လွှတ်နားလည်မှုတွေသာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မိုးမုလဲ ခါးညောင်းလို့ ခဏလှမ်းလျှောက်ပြီး စာမရေးသေး

ခင် ဖုန်းကိုဖွင့်၍ အင်တာနက်ကိုပါ ဖွင့်လိုက်သည်နှင့် –

"တုံ တုံ"

"တုံ တုံ"

Online ပေါ်မှာ Viber ကနေ ပို့ထားတဲ့စာတွေကို ဖတ်

ကြည့်လိုက်တော့ –

"မင်္ဂလာပါ မမ"

"မမ စာရေးနေတာလား"

ဘုန်းမြတ်သော်ဇင်လို့ နာမည်ရိုက်ထည့်ထားတော့ ထိုနာမည်





တ ပေါ်နေသည်လေ။ ကြည့်လိုက်တော့ လိုင်းပေါ်မှာပဲရှိသေးတာမို့

စာပြန်ရိုက်ထည့်လိုက်သည်မှာ –

"ညောင်းလို့ ခဏလမ်းလျှောက်နေတာ"

လို့လေ။ Facebook မှာက နာမည်သာသိပြီး လူချင်းက

သိကြတာ မြင်ဖူးကြတာမဟုတ်ပေ။ ဖုန်းကတော့ ဖုန်းနံပါတ်သိမှ

ဆက်သွယ်လို့ရတာ။ ကိုယ်နဲ့သိဖူးတဲ့လူတွေမို့ ဒါလေးကပဲ အဆင်ပြေ

သယ်ထင်လို့ မိုး ဒါကိုပဲပိုသုံးဖြစ်တာပါ။

"အခုရေးနေတာ ဘာစာအုပ်လဲ မမ"

"အချစ်ဝတ္ထုလေ"

"ဟီး . . . မမကလည်း ကျွန်တော်က ဝတ္ထုခေါင်းစဉ်မေးတာ

ကို"

"သိပါတယ် . . . စတာပါ။ ခေါင်းစဉ်က အချစ်ဦးရဲ့ နှုတ်

ခွန်းစကားလေ"

"မိုက်လှချည်လား"

"မိုက်ရင် ဖေဘာင်ကျမှာပေါ့"

"ဟီး ဟီး"

"ငိုတာလား၊ ရယ်တာလား"

"ရယ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုမရယ်နဲ့လေ"

"ဟင် . . . ဘယ်လိုရယ်ရမလဲ မမရဲ့"

"ဟား ဟား ဟား ဟား"

ကိုယ့်ဟာကိုယ် စာရိုက်ပြီးမှ မိုးပုလဲ ပြုံးလိုက်မိ၏။ သူ့ဆို အသံထွက်၍ ရယ်ခဲ့သည်လေ။ ဒါကြောင့်ပါ။

"မမရယ်ပြတာက ဓားပြရယ်နည်းကြီးနဲ့။ ဘာလဲ ဗိုလ်အောင်ဒင်လား"

"ဟုတ်တယ် ဓားပြတိုက်စားမလားလို့ ရယ်နည်းကျင့်နေတာ"

"ဟုတ်လား . . . ကျွန်တော်ပါ အဖော်လိုက်ခဲ့ပေးမယ်လေ။ လုပ်စားရတာ အဆင်မပြေလို့"

ထိုစကားစကိုဖြတ်ပြီး –

"ဘုန်းမြတ်သော်ဇင် ဂစ်တာတီးတတ်လား"

"ဟုတ် . . . မတောက်တစ်ခေါက်တော့ တီးတတ်ပါတယ် မမ၊ ဘာဖြစ်လို့လဲဟင်"

"မမပျင်းနေလို့ ဖုန်းနဲ့သီချင်းဆိုပြပါလား"

ထိုစာကြောင်းလေးပို့ပြီး ဘုန်းမြတ်သော်ဇင်ဆီမှ ဘာစာကြောင်းမှ ထပ်မပို့တော့ပေ။ မိုးပုလဲ ပထမတော့ စောင့်နေရ





သာက်တော့ လိုင်းပေါ်က ကောင်လေးဆင်းသွားပြီဆိုတာ သိလိုက်ရ၏။ ကိုယ်လည်း လိုင်းပေါ်က ဆင်းလိုက်တော့၏။ သီချင်းဆိုမပြချင်ရင် ဘာမှ ဆက်မပို့တာပဲ ဖြစ်မှာပေါ့ဟု။

ကိုယ်လည်း စာဆက်ရေးကာ စိတ်ထဲမှာ ဇာတ်လမ်းကြောင်းသာ စဉ်းစားရင်း အာရုံက ပြောင်းသွားလေတော့၏။ စာရေးရင်း ဇာတ်ကောင်နေရာကို ကိုယ်ရောက်သွားပြီဆိုတာနှင့် ကျန်တဲ့အကြောင်းအရာ မိုးပုလဲ သိပ်အာရုံမထားမိပေ။ ဇာတ်လမ်းရေးလက်စတစ်ခန်းပြီးလုလုမှာပဲ –

"မမ"

"–––"

"မမ"

"ဟင်"

မိုးပုလဲ လှည့်ကြည့်လိုက်တော့ မိုးသဲပါ။

"ဘာလဲ မိုးသဲ"

"ဧည့်သည်ရောက်နေတယ် မမ"

"ဟင် . . . ဒီအချိန်ရောက်မှ ဘယ်ကဧည့်သည်လဲ မိုးသဲ"

"ဘယ်သူရှိရမှာလဲ။ ဘုန်းမြတ်သော်ဇင်ပဲပေါ့။ မမ ပျင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုလို့ လာတာတဲ့။ ဂစ်တာတစ်လက်ထမ်းလို့ပါပဲ။ သွားလိုက်
ဦး"

"ဟုတ်လား"

ဒီလို လူကိုယ်တိုင် ရောက်လာလိမ့်မယ်လို့ ထင်မှတ်မထား
တာကြောင့် မိုးပုလဲ ချက်ချင်းပဲထလာခဲ့တော့သည်။ ကိုယ်က ဆိုမ
ချင်လို့ ဘာမှ ပြန်မပြောတာလို့ ထင်လိုက်တာ။ ခုတော့ သူ
ကိုယ်တိုင်လာခဲ့တာဆိုတော့ အားနာလိုက်တာ။ မိုးကိုမြင်တော့ –

"မမ"

"အချိန်မရှိမှ မောင်လေးရယ် ... ဘာလို့လာရတာလဲ"

ဇင်လေးက ရယ်ပြီး –

"မမပဲ ပျင်းနေလို့ သီချင်းဆိုပြပါဆို။ ဖုန်းနဲ့ဆိုပြတော့
မျက်နှာမှမမြင်ရတာ ဘယ်ဖီလင်လာပါ့မလဲ။ အဲဒါကြောင့် လူကိုယ်
တိုင် လာခဲ့တာ ကျေနပ်တယ်မို့လား"

"မကျေနပ်စရာ ဘာရှိလို့လဲ။ ကဲပါ လာ ခြံထဲသွားရအောင်"

"ဟုတ်"

"တောက်ပြန်ပြီ မီး"

"ဆောရီးမမ ... ဆောရီး"

ဟုတ်ပြောတာကို မမ မကြိုက်မှန်း ဇင်လေးသိလိုက်ပြီ





ကြောင့် နောက်မပြောမိအောင် ဆင်ခြင်ဖို့ဆုံးဖြတ်ရင် ခြံထဲဆင်း
လိုက်လာခဲ့ရာ နှစ်ယောက်အတူ ထိုင်လိုက်ကြပြီး –

"ကဲ ပြော ... မမ ဘာသီချင်း နားထောင်ချင်လဲ"

"အဲဒါဆိုပြမယ့်သူရဲ့သဘောလေ။ မမ ကြိုက်တာပြောပြီး
ဆိုမရရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်သားပဲ"

ဇင်လေး ဂစ်တာကိုပိုက်ရင်း ခပ်တွေတွေစဉ်းစားနေမိပြီးမှ–

"ဒါဆို အခု အင်တာနက်မှာ ပေါက်နေတဲ့ မနောရဲ့ 'ချစ်
တယ်' ဆိုတဲ့သီချင်း ဆိုပြမယ်နော်"

"အင်း"

မိုးပုလဲ ခေါင်းညိတ်လိုက်တာနှင့် ဇင်လေးက ဂစ်တာတီးပြီး
သီချင်းဆိုပြတာကို မိုးပုလဲက ငြိမ်သက်ပြီး နားထောင်နေသည်။
အနုပညာသမားမို့ အနုပညာကို လေးလေးနက်နက်ပဲ ခံစားနေတာပါ။
သီချင်းဆိုတာလည်း လူတွေရဲ့စိတ်ကို ကြည်နူးသာယာစေသလို ပန်း
ကလေးတွေတောင်။

ပန်းချင်းတူသော်ငြား ဂီတ သီချင်းတို့နှင့် နီးစပ်သောနေရာက
ပန်းကလေးတွေက ပို၍ ကြီးထွားသည်တဲ့။ ဘာမှမသိ နားမလည်တဲ့
ကလေးတွေဆိုတောင် သီချင်းဆိုသိပ်မှ အိပ်ကြလို့ သားချော့တေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေ ဖွံ့နွဲ့ဆိုကြတာပေါ့။

ဖင်လေး သီချင်းဆိုလို့ ဆုံးသွားတော့ မမ မျက်နှာလေးကို လှည့်ကြည့်ကာ –

"ဘယ်လိုလဲ မမ . . . ကျွန်တော် သီချင်းဆိုတာ နားထောင်လို့ ကောင်းရဲ့လား"

"နားထောင်လို့ကောင်းတာပေါ့"

"တကယ်"

"ကိုယ့်မောင်လေးမို့လို့ မြှောက်ပြောတာ မဟုတ်ပါဘူး သီချင်းရော မောင်လေးအသံရော တကယ်လိုက်ဖက်ပြီး နားထောင်လို့ ကောင်းတာ။ နောက်လည်းဆိုပြရမှာနော်"

"ဟုတ်ပါပြီ . . . ကိုယ့်မမ နားထောင်ချင်နေမှတော့ မောင်လေးက ဆိုပြမှာပေါ့"

"မမ မင်းကို အရမ်းခင်သွားပြီသိလား။ အထီးကျန်နေတဲ့ မမ ဘဝကိုပြေလာအောင် မောင်လေးက လုပ်ပေးနိုင်တယ်လေ"

"ဟုတ်လား . . . မမက အထီးကျန်နေတာလား"

"ဟုတ်တယ် . . . သူငယ်ချင်းတွေကလည်း သူ့အလုပ်နဲ့သူ လေ။ မမလုပ်နေတဲ့ အလုပ်ကလည်း တစ်ယောက်တည်း တိတ်တိတ် ဆိတ်ဆိတ်လုပ်ရတာဆိုတော့ အထီးကျန်ဆန်တာပေါ့"





ဖင်လေး မမမျက်နှာလေးကို ခပ်ငေးငေးပဲ ကြည့်နေလိုက်မိသည်။ ညဘက်ဆိုတော့ သေသေချာချာ သဲသဲကွဲကွဲတော့ မမြင်ရပါဘူး။ သူ့အတွေးက စာရေးဆရာတွေသည် ဇာတ်ကောင်တွေနဲ့ပဲ ပျော်မွေ့နေမှာပဲလို့လေ။ အခု မမက အထီးကျန်ဆန်တယ်တဲ့။

"မမကလည်း ဇာတ်ကောင်တွေနဲ့ အဖော်လုပ်နေတာ မဟုတ်ဘူးလား။ အထီးကျန်ခန်း ရှိလို့လား"

"ရှိတာပေါ့ မောင်လေးရယ်။ ဇာတ်လမ်းရေးတဲ့အခါ ငိုစရာရှိလည်း တစ်ယောက်တည်းငို ရယ်စရာရှိလည်း တစ်ယောက်တည်း ရယ်နေရတာ။ အဲဒါက ကိုယ့်ဝါသနာဆိုတော့ ပျော်မွေ့တာထားပါတော့။ ခဏနားတဲ့အချိန်တွေကျတော့လည်း တစ်ယောက်တည်းပဲလေ။ အိမ်မှာရှိတဲ့သူတွေက မမကို အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုးလို့ အနားကို သိပ်မလာကြဘူးလေ။ ထမင်းစားမှပဲ ဆုံပြီး စကားပြောဖြစ်ကြတာ"

"သြော်"

တကယ်စိတ်မကောင်းဖြစ်သွားရပါပြီ ဖင်လေးရင်ထဲမှာလေ။ စာရေးဆရာတစ်ယောက်ရဲ့ဘဝကို အရင်ကသူ ဒီလောက်အထိ တွေးထားခဲ့တာ။ ဟုတ်တာပေါ့။ အခြားအနုပညာသမားတွေက လူနဲ့ လူဝေး လူအများစုနဲ့ အလုပ်လုပ်ရတာဖြစ်ပြီး စာရေးဆရာတွေကျတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသာ။

ဒီတော့ အနားယူတဲ့အချိန်တွေမှာဆို ပျင်းနေမှာပေါ့။

"ဒါဆို . . . မမပျင်းတဲ့အခါ ကျွန်တော့်ကို ဖုန်းဆက်လေ ရယ်စရာပြောပေးရမလား၊ သီချင်းဆိုပြရမလား၊ ကိုယ့်မနိုင်ရင် အကူ လုပ်ပေးမှာပေါ့"

"တကယ်လား"

"အကယ်မရေတွက်နိုင်အောင်"

မိုးပုလဲ ရယ်လိုက်မိ၏။

"တကယ်ပြောတာ မမ မင်းကို မောင်လေးအရင်းလိုကို သဘောထား ခင်မိတာ"

"ကျွန်တော်ကလည်း မမရဲ့မောင်လေးအရင်း ဖြစ်ချင်တာ ဗျ"

"ဒါဆို နာမည်ပါပြောင်းလေ"

"ဘယ်လိုပြောင်းရမှာလဲ"

"သိဘူးလေ"

"ဒါဆို စဉ်းစားလိုက်ဦးမယ်"

နှစ်ယောက်သား နာမည်စဉ်းစားကြတာ တိတ်ဆိတ်ငြိမ် သက်စွာ။ ကိုယ့်ကလောင် မိုးစက်ပွင့်နဲ့ ဆင်အောင်ဆိုပြီး မိုးပုလဲ



စဉ်းစားနေတဲ့ နာမည်တွေက –

မိုးစက်သာ

မိုးစက်ဦး

မိုးစက်မောင်

အင်း . . . မိုးစက်မောင်ဆိုရင် ကိုယ်က မိုးစက်ပွင့်ရဲ့မောင်လေး ပြီး မိုးစက်မောင်လို့ပြောလိုက်ပေမယ့် တစ်ဖက်က အဓိပ္ပာယ် တစ်မျိုးကောက်ပြီး အထင်သေးမှာကိုလည်း စိုးသည်လေ။ ဒါကြောင့် နာမည်လေးကို ကြိုက်ပေမယ့် မပြောတော့ပါဘူးလို့ သူ့ပြောလာမှာ ကိုပဲ စောင့်နေလိုက်စဉ် –

"မမ"

"ဟင်"

"ဒါဆို . . . ကျွန်တော့်နာမည်ကို မိုးစက်မောင်လို့ ပြောင်း လိုက်မယ်လေ။ ဘယ့်နှယ်လဲ"

"ဟယ်"

မိုးရင်ထဲမှာ လှိုက်ခနဲပင် ဖြစ်သွားလေ၏။ စိတ်ကူးချင်းတူလှ ချေလားလို့လေ။

"ဘာလဲ မမ"

"မောင်လေးနဲ့မမ စိတ်ကူးချင်းတူလို့ပါ။ ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမလည်း အဲဒီနာမည်ပဲပြောမလို့"

"ဟုတ်လား"

"အင်း ... ဒါဆို ... မမ မောင်လေးကို ဒီနေ့ကစပြီး မိုးစ မောင်လို့ပဲ ခေါ်တော့မယ်"

"ကောင်းတာပေါ့ မမရယ်၊ ကျွန်တော် အဲဒီနာမည်ကို ကြိုက် တယ်။ ဘယ်သူမှ မခေါ်လည်း မမပဲ ခေါ်နေရင် ကျေနပ်ပါတယ်"

အဲဒီလောက်တောင် ရူးသွပ်တဲ့အထိ ကိုယ့်ကို ခင်မ လေးစားခဲ့သတဲ့လား။ ပရိသတ်ရဲ့ ချစ်ခင်မှုကို မိုးယုံပါသည်ပေ ကိုယ်တွေလည်း ဒီလိုပါပဲ။ အရင်တုန်းက ဝတ္ထုတွေဖတ်ပြီး ကိုယ် ကြိုက်တဲ့ စာရေးဆရာတွေကို မိတ်ဆက်စာတွေရေးပို့ရတာ အမ ပါပဲ။ ကိုယ့်ဆီကို ပြန်စာလေးတစ်စောင်တောင် မလာတော့ အရမ် ဝမ်းနည်းရတာပဲလေ။

ဒါကြောင့် ကိုယ်တိုင်စာရေးဆရာဖြစ်လာတော့ ကိုယ့်ဆီ ရောက်လာသမျှ မိတ်ဆက်စာတွေကို မြတ်မြတ်နိုးနိုးနဲ့ သိမ်းထား စာပြန်ပေးခဲ့တာ ကိုယ်ချင်းစာတရားအပြည့်နှင့်ပါ။ ကိုယ့်ပရိသတ် ကို ကိုယ့်ခံစားချက်မျိုး မခံစားစေချင်ဘူးလေ။

"ကဲ ... မိုးစက်မောင်"

"ဗျာ ... မမ"





"နှင်တာတော့ မဟုတ်ပါဘူး။ ပြန်တော့နော်၊ ညဘက်ကြီး ဆိုတော့ အချိန်မရှိ ပြန်ရမှာကို စိတ်မချလို့ပါ"

"အမိန့်တော်မြတ်အတိုင်းပါ ခင်ဗျာ"

ဖင်လေး ထပြန်လာခဲ့တော့ မိုးယုလဲက ကားအနားထိအောင် လိုက်ပို့လေသည်။ ကားလေးထွက်သွားတော့မှ သူမလည်း အိမ်ထဲ ပြန်ဝင်လာခဲ့ပြီး စာဆက်ရေးခဲ့သည်သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

စားရင်းသောက်ရင်းပဲ မိုးပုလဲ မောင့်မျက်နှာကို ခဏခဏ မော့ကြည့်ဖြစ်သည်။ ခါတိုင်းဆို သူမနှင့်တွေ့တိုင်း ချစ်စကားတွေ ရွှန်းရွှန်းဝေနေအောင် ပြောတတ်တဲ့မောင်။ အခုကျတော့ လိုအပ်တဲ့ စကားထက် ဘာမှ အပိုထွက်မလာဘဲ တိတ်ဆိတ်ငြိမ်သက်နေတာ မထူးဆန်းဘူးလား။

မိုးအပေါ် ဘာများ မကျေနပ်တာရှိလို့ပါလိမ့်။ ခါတိုင်း ဒီလို မဟုတ်ပဲလေ။ ကိုယ်က စမေးရင် မပြောဘဲ မျိုသိပ်နေမယ်ဆိုတာကို လည်းသိနေတာကြောင့် –

“မောင်”





“———”

“မောင်”

နှစ်ခါခေါ်မှ မိုးမျက်နှာကိုကြည့်ပြီး ချက်ချင်း အကြည့်ပြန်လွှဲသွားလေလျှင် –

“မောင် ဘာဖြစ်နေတာလဲ”

“ဘာမှမဖြစ်ဘူး”

“မညာနဲ့မောင်၊ မောင် တစ်ခုခုဖြစ်နေတယ်ဆိုတာ မိုးသိတယ်။ ဘာဖြစ်နေလဲဆိုတာ မိုးကိုပြောပါ။ မိုးကို မကျေနပ်တာရှိသလား။ သူများကို မကျေနပ်တာလား။ တစ်ခုခုတော့ပြောပါ။ အခု မောင်က ဘာစကားမှမပြောဘဲ အဲလိုနေတော့ မိုး မနေတတ်ဘူး သိလား”

မိုးစကားကြောင့် မြတ်သောမောင်ရင်ထဲမှာ ပိုပြီး အောင့်သက်သက်ဖြစ်သွားသလိုပါပဲ။ သူ့ရင်ထဲမှာ စိတ်မဆိုးဘူး၊ ကွဲပြီးတို့ ယ်ဆိုတာမျိုး ဖြစ်နေတာလေ။ ပြီးတော့ ရင်ထဲမှာလည်း စိုးရိမ်စိတ် နှင့်ပေါ့။ အကြောင်းရင်းက ဘာလဲဆိုရင် သူကြားထားတာ မိုး ကောင်လေးတစ်ယောက်နဲ့ တစ်တွဲတွဲဖြစ်နေသည်တဲ့လေ။ အဲဒီကောင် က မိုးအိမ်ကို မကြာမကြာလာသည်တဲ့။

ပြီးတော့ ကောင်လေးက ယဉ်ယဉ်ချောချောလေးတဲ့၊ ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း အသက် ၃၀ ကျော်ပေမယ့် ခန့်မှန်းလို့မရအောင် နု
တာကိုတော့ မြတ်သောမောင် ရခဲ့တဲ့ပေါ်ထိုင်ပြီး နေနိုင်ပါ့မလား
ကိုယ်ကမိုးရဲ့ချစ်သူ၊ ချစ်သူဆိုမှတော့ သဝန်တိုတာပေါ့။ ကိုယ့်ချစ်
အခြားကောင်လေးနဲ့ တွဲသွားတဲ့ကိစ္စအတွက် ဝမ်းသာလိုက်တာ
ပြုံးပျော်ကြည်နူးနေတဲ့သူ ရှိပါ့မလား။

ကိုယ်က ချစ်သူနဲ့အတူနေရဖို့အရေး ကြိုးစားနေရတာ ချ
ဘေးမှာ အမြဲနေမပေးနိုင်။ မိုး စိတ်ပြောင်းသွားရင်လို့ တွေးမိ
ရင်ဘတ်ထဲ အောင့်တက်လာတာပဲလေ။ မကြိုက်တာကို မကြို
ဘူးလို့ ပြောရင်လည်း ကိုယ်ကပဲ သဘောထား သေးသိမ်ရာ
မယ်။

အဲဒီတော့ ဘာမှမပြောဘဲ မျိုသိပ်ထားရတဲ့ဝေဒနာက ဘ
လောက်များ ဆိုးလိုက်ပါသလဲနော်။

"မောင်"

"____"

"မိုးမေးနေတာ ဖြေလေ"

"____"

"မောင် ... မိုးအပေါ် စိတ်ခုစရာရှိလို့လား။ ပွင့်ပွင့်
လင်း ပြောပါ။ အဲလိုကြီးတော့ မနေပါနဲ့"





ဒီတော့မှ မြတ်သောမောင် မိုးမျက်နှာကို တည့်တည့်ကြည့်၍

"ဟုတ်တယ် ... မောင် မိုးကို မေးစရာရှိတယ်။ မောင်
ရင် မိုး စိတ်ဆိုးမှာစိုးလို့ မမေးတာ"

"မေးစရာရှိရင် မေးပေါ့။ ဘာလို့ မျိုသိပ်ထားတာလဲ။ မိုးနဲ့
င်က ချစ်သူတွေလေ။ မကြိုက်ရင် ... မကြိုက်ဘူး။ ကြိုက်ရင်
ကြိုက်တယ်ပဲပေါ့။ ဘာမဆို မျှဝေခံစားရမှာပဲ မဟုတ်ဘူးလား"

"ကောင်းပြီလေ ... ဒါဆို မောင်မေးမယ်"

"အင်း ... မေး"

"မိုးဆီကို ကောင်လေးတစ်ယောက် အဝင်အထွက်များနေ
ယ်ဆို။ ပြီးတော့ ... အပြင်ထွက်ရင်လည်း အဲဒီကောင်လေးနဲ့
စ်တွဲတွဲပဲတဲ့"

မိုး မျက်မှောင်လေးကြုတ်သွားလေ၏။ ဘယ်သူက ချွန်လိုက်
သိမ့်။ လူတွေ တော်တော်ခက်တာပဲ၊ ကိုယ့်အကြောင်း မဟုတ်လည်း
ပါနေကြတာပါပဲလား။

"ဟုတ်တယ် ... သူက မိုးရဲ့ပရိသတ်ပါ။ နာမည်က
နိုမြတ်သော်ဇင်တဲ့"

"ပရိသတ် ... ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ မောင်က သဝန်တိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှာ သဝန်တိုခွင့်ရှိပါတယ်။ မိုးက မောင့်ချစ်သူပဲလေ မောင်မဟုတ်တဲ့ အခြားယောကျ်ားလေးနဲ့"

"တော်တော့မောင်"

မိုးစိတ်ထဲမှာ တင်းခနဲဖြစ်သွားလေ၏။ ဒါ ကိုယ့်သိက္ခာ ကိုယ့်သစ္စာတရားကို ယုံကြည်မှုကင်းမဲ့တာ စော်ကားလိုက်တာနဲ့ အတူပါပဲ။

"သူက မိုးရဲ့ပရိသတ်လို့ ပြောနေတာပဲဥစ္စာ"

"ပရိသတ်ဆိုတာကို မောင်နားလည်ပါတယ်။ ဒါပေမဲ့ အ ဟာက မိန်းကလေးမဟုတ်ဘူးလေ"

"ပရိသတ်ကို ယောကျ်ားလေး မိန်းကလေး ခွဲခြားနေလို့ မရတာမောင်ရဲ့။ မောင်ပဲပြောတော့ မိုးအလုပ်ကို နားလည်ပေးနိုင် တယ်ဆို"

"အလုပ်ကို မောင်နားလည်တယ်။ အခုဟာက ဘာမှမဆို ဘူး။ မိုးရဲ့ပရိသတ်ဆိုတာ ဘာလို့ ယောကျ်ားလေးတွေပဲ များနေ တာလဲ"

"အဲလိုတော့ မပြောနဲ့လေ။ မိုးက မိန်းကလေးစာရေးဆ ဖြစ်နေတဲ့အတွက် ယောကျ်ားလေး ပရိသတ်ဆက်သွယ်တာများနေ ပဲ။ ပရိသတ်က ရည်းစားမှမဟုတ်တာ မောင် သဝန်တိုစရာလား"





"မိုး"

ကိုယ့်ချစ်သူနဲ့ပတ်သက်ပြီး ကိုယ့်မှာ သဝန်တိုခွင့်မရှိဘူးတဲ့ သား။ ကိုယ့်ချစ်သူ ဆိုမှတော့ ကိုယ်ကလွဲရင် သူများစေ့စေ့ကြည့်တာ တောင် မကြိုက်ချင်ဘူးလေ။

ပြီးတော့ အနေနီးလွန်းရင် တာဖြစ်သွားနိုင်တယ်ဆိုတာ သွေးပြီး ဘယ်လိုမှ စိတ်မချနိုင်ပေ။ ဒါ ချစ်လွန်းလို့ ဆိုတာကိုတော့ နားလည်စေချင်သည်လေ။

ကိုယ်က အစွဲအလမ်းကြီးတတ်သူမို့ အခု ကိုယ်ချစ်ရတဲ့မိုးနဲ့ ကိုယ့်ကြားမှာ ပြတ်စရာဖြတ်စရာအကြောင်းကြောင်းတွေ ရှိလာမှာကို မိုးစိုးရိမ်တာလွန်သလား။

"မိုး မောင့်ကို အဲလိုကြီးမပြောပါနဲ့။ မောင် အခု သဝန်တိုတာ မိုးကိုချစ်လွန်းလို့လေ"

"ချစ်ရင် . . . ကိုယ့်ချစ်သူ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ မောင် နားလည်ရမှာပေါ့"

"ကျွတ်"

မြတ်သောမောင် ဟင်းခနဲ သက်ပြင်းချလိုက်မိ၏။ ရှေ့ဆက် ပြောရင် မိုးဘက်က ဒီထက်ပိုပြီးတင်းမာလာတော့မည့်ပုံပါ။ ကိုယ်တင် သလို ဖြစ်မလာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မျှော်လင့်တာက မောင်ရယ် မောင်မကြိုက်ရင် မိုး ဆင်ခြင်ပါ့မယ်ဆိုတဲ့စကားလေး။ ကြားချင်တာမကြားရတော့လည်း –

"ကောင်းပြီလေ . . . မောင် မိုးအပေါ် ဒီထက်ပိုပြီး နားလည် ပေးနိုင်အောင် ကြိုးစားပါ့မယ်။ ဒါပေမဲ့ . . . မိုးလည်း မောင့်စကားကို နားခံပေးပါ"

"ဟင် . . . ဘာလဲ"

"Viber မှာရော၊ Facebook မှာရော နောက်ကို မိုးရဲ့ပုံတွေ လုံးဝမတင်ပါနဲ့။ တင်ထားတာတွေလည်း ဖျက်ပစ်လိုက်ပါ"

"ဘာလို့လဲ"

ဒီစကားကို ပြောချင်နေတာကြာပြီပေမယ့် ကိုယ်ပြောလိုက် ရင် ငြိုငြင်မှာစိုးတာကြောင့် မပြောဖြစ်ခဲ့တာ။ အခုတော့ ပြောလက်စနဲ့ ပြောမိပြီပေါ့လေ။

"မောင့်ချစ်သူပုံတွေကို သူများတွေကြည့်မှာ မောင် မကြိုက် ဘူး"

မိုး လွှန့်ခနဲပြုံးလိုက်မိ၏။ လူကြီးဆန်တတ်တဲ့မောင်က မိုးနဲ့ ပတ်သက်လာတော့ ကလေးဆန်တတ်နေလို့လေ။ ဒါ ချစ်လို့ဆိုတာကို မိုး နားလည်ပေးလိုက်ခြင်းနှင့် –

"ဟုတ်ပြီ . . . မောင် မမြင်ချင်တာ မမြင်စေရဘူး"





ဒီတော့မှ မျက်နှာက လန်းလာပြီး –

"မောင့်စကားကို နားထောင်မယ်ပေါ့"

"အင်း"

"အဲဒါ . . . ဘာလို့လဲ"

မိုးက ခေါင်းလေးခါလေလျှင် –

"မောင်သိပါတယ် . . . အဲဒါ မောင့်ကိုချစ်လို့မဟုတ်လား"

"သိ[illegible]ားနဲ့ ဘာလို့မေးနေသေးလဲ"

"ချစ်သူ့နှုတ်ဖျားက ပြောတာကို ကြားချင်လို့ပေါ့။ ပြောပါ မိုးရဲ့၊ အဲဒီစကားလေး မောင်မကြားရတာကြာပြီ"

"ကိုပို"

မျက်စောင်းလေးထိုးပြီး "မောင့်ကိုအရမ်းချစ်တယ်" လို့ ပြော လိုက်တော့ မြတ်သောမောင့်ရင်ထဲမှာ ဘုရားပွဲလှည့်သွားသည်ပေါ့ လေ။ အချစ်ဆိုတာ လူတွေရဲ့စိတ်ကို အဲဒီလို လှည့်စားတတ်သည် ဆိုတာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဂွတ်မောနင်းပါ ခင်ဗျာ"

"ဟယ်"

အသံနှင့်ထပ်တူ မျက်နှာရှေ့သို့ ရောက်လာတာသည် စံပယ်ပန်းတွေ။ မိုး ပန်းကနေတစ်ဆင့် ပေးသူရဲ့မျက်နှာကိုမော့ကြည့်လိုက်တော့ –

"မိုးစက်မောင်"

"ဟုတ်ကဲ့ပါခင်ဗျာ ... အစ်မတော်ပန်ဆင်ဖို့အတွက် ပန်းဆက်သရန် ကြွရောက်လာကြောင်းပါ ဖလား"

မိုး ပန်းတွေကိုလည်းယူကာ ရယ်လိုက်ပြီး –





"စောစောစီးစီးပါလား"

"ကိုယ့်အစ်မအတွက် ဝီရိယကောင်းတာလေ။ အိပ်ရာကနိုးရုံရှိသေး စံပယ်ပန်းလို့ ခြံရှေ့ကအော်သံကြားလို့ ခေါ်ဝယ်ထားလိုက်တာ။ အခုလာပို့တယ်လေ"

"ဟုတ်ပါပြီ ... ဘာနဲ့ကြွမြန်းလာပါသလဲ"

"စီးတော်"

စကားကိုဖြတ်ပြီး နောက်လှည့်ကာ ဟိုဒီကြည့်၍ –

"စီးတော်ကားနဲ့လား"

"မဟုတ်ဘူး ... စီးတော်ကြွက်နဲ့လာတာ။ ကြွက်မှ နီနီရဲရဲကြွက်ပေါက်ကိုစီးလာတာ"

"ခစ် ခစ်"

"ရယ်တာလားဗျာ ... ရယ်တာကလည်း ပါးစပ်ကြီးဖြဲပြီးတော့"

ရယ်တာ ပါးစပ်ဖြဲမရယ်ဘဲ ဝိတ်ရယ်လို့ရသလားလို့ ပြန်ပြောချင်ပေမယ့် မပြောနိုင်။ သူပြောလေ ရယ်လေပဲ ဖြစ်နေတာလေ။ မိုးက ဒီလို ဟက်ဟက်ပက်ပက် ရယ်ခဲတာပဲဥစ္စာ။ ရယ်ခဲသလို စိတ်လည်းဆိုးခဲ ငိုလည်း ငိုခဲသူပါ။ စိတ်ခတ်နိုင်မာတယ်လို့ပဲ ပြောရမှာပေါ့။ တစ်ခုခုကို ဆုံးဖြတ်ပြီးရင်လည်း နောက်မဆုတ်တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ဖင်လေးကျတော့ ပျော်ပျော်နေသေခဲ့ဆိုတဲ့စကားကို သတိ ကိုင်ထားသူ။ စိတ်ညစ်စရာကိုတွေ့ပြီး ရင်ထဲမှာ ကြာကြာမထားတတ် သလို အပျော်မက်လွန်းလို့ ကိုယ့်ကျင့်သိက္ခာတွေ ထိခိုက်တာမျိုးလည်း မဟုတ်ပေ။ သူ့ဟာသူ ဘယ်သူ့နဲ့ဖြစ်ဖြစ် သမမျှတ သင့်မြတ်အောင် နေတတ်တာလေ။ သူနဲ့သိက္ခာမျိုး ခင်မင်တဲ့လူမှန်သမျှ စိတ်ညစ်စရာ ရှိရင် ဖြေသိမ့်ပေးပြီး ကိုယ့်ကြောင့် သူများကို ပျော်ရွှင်မှုတွေပဲ ရစေ ချင်တာမျိုးပါ။ ဒါကြောင့် သူ့ကို အပြုံးမင်းသား၊ ဟာသမင်းသားလို့ စနောက်ခေါ်ကြ၏။ အခုလည်း မိုးတစ်ယောက် သူနဲ့ခင်မင်ပြီး ပျော်ရွှင် နေရပြီပဲလေ။

"မမ"

"___"

"ပါးစပ်က နားရွက်ချိတ်နေဦးမယ်လေ"

"တော်တော့ မိုးစက်မောင်၊ မမ မျက်ရည်တွေ ထွက်နေ ပြီ"

"ဩော် ... မငိုပါနဲ့မိုးမိုးရယ်၊ လေးလေးက ချစ်လို့စတာပါ ဘာလဲ ဘဲဘဲကိုလွမ်းလို့လား"

"ခစ် ခစ်"

"တော်ပြီ တော်ပြီ ... တော်ကြာ အူတက်တော့မှ ဒီက





ဆရာနဲ့ ဖြစ်နေဦးမယ်။ မမ ခေါင်းမှာ မောင်လေးကိုယ်တိုင် ပန်းပန်ပေး မယ်"

ဖင်လေး စံပယ်ပန်းတွေကို ပြန်ယူပြီး မိုးခေါင်းမှာ ပန်ပေး လိုက်ကာ နောက်ဆုတ်ကြည့်၍ –

"တကယ်လှသွားပြီ"

"ဟင် ... ဘယ်သူနဲ့ နိုင်သင်းကြည်နဲ့လား"

"မဟုတ်ဘူး ... အရှုံးမနဲ့"

"ကြည့်စမ်း ... ခွေးကောင်လေး"

မိုး လိုက်ထုတော့ ကျောကော့ပြီးပြေးတဲ့ဖင်လေး။ မိုးသဲလာ တာနှင့် မိုးသဲကို အကာအကွယ်ယူကာ –

"မမလေး တားတားကိုကယ်ပါဦး"

"ဟဲ့ ဟဲ့"

"မိုးရင်တော့ အသေပဲ"

"တားတားကို ကယ်ကြပါဗျာ"

ပြေးတဲ့သူကပြေး လိုက်တဲ့သူကလိုက်နှင့် ဖင်လေးကိုမိတော့ မိုး ကျောကုန်းကိုထုလေလျှင် –

"စနေသားကွ၊ ကြာသပတေးနေ့မှာ မွေးတာ။ ထုလေမြဲ လေ ငါးဖယ်ပဲ၊ အမယ်လေး ... ကျောညောင်းနေတာ အခုမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားတော့တယ်"

မမခေါ်တဲ့ မိုးစက်မောင်ပေါ့လေ။ မိုးစက်မောင်နဲ့မကိုကြ
ပြီး မိုးသဲလည်း ရယ်တာ တခစ်ခစ်ပါ။ တကယ့် မောင်နှမအရင်း
လို ချစ်ကြပြီး မိုးစက်မောင် သူတို့ဘဝထဲရောက်လာတာနှင့်အ
ပျော်စရာလေးတွေ ဖြစ်ခဲ့သည်ပေါ့။

"ဟော"

ဖင်လေးဖုန်းက ထမြည်လာလေသဖြင့် –

"ဖုန်းလာနေတယ်လေ"

"ဟုတ်ကဲ့ ... ကိုင်မလို့ပါပဲ"

ဖုန်းကိုကိုင်ပြီး နံပါတ်ကိုကြည့်လိုက်တော့ –

"ဘယ်သူလဲ"

"ချစ်ချစ်ဆီက"

"သြော်"

"သဲလို့မခေါ်ဘူးလား"

"မခေါ်ဘူး မမလေးရေ သူများနဲ့မတူအောင်ခေါ်မှာ ဘိလ
မြေလို့"

ရယ်တဲ့သူကရယ်နေပြီး သူကတော့ –

"ဟယ်လို ... ဖြူ ဘာပြောစရာရှိလို့လဲ ပြောလေ"





"ကိုကို ... အခု ဘယ်မှာလဲ"

"ဘာဖြစ်လို့လဲ ဖြူ"

"ဖြူမေးတာကိုပဲ ဖြေပါ။ အခု ကိုကို ဘယ်မှာလဲ"

"ကိုကို့မမအိမ်မှာပါ"

"လာမရှိုးနဲ့နော် ... ကိုကို့မှာ ဘာအစ်မမှ မရှိတာ ဖြူသိတယ်။ ဘာလဲ မမဆိုတာ စာရေးဆရာမ မိုးစက်ပွင့်ကိုပြောတာ ဟုတ်လား"

"ဟုတ်တယ်လေ"

"ထင်သားပဲ"

"ဖြူ ဘာပြောချင်တာလဲ၊ ပြောချင်တာကို ဒဲ့တိုးပြောကွာ ဝေ့မနေနဲ့"

"ကိုကို အဲဒီအိမ်ကို အဝင်အထွက်များနေတယ်လို့ ဖြူ သိရတယ် ကိုကို။ အဲဒါကြောင့် ဖုန်းဆက်မေးတာ။ အခုမေးတောင်မမေးရသေးဘူး ပေါ်နေတာ"

"ဖြူ ... မင်း"

ပြောမယ့်စကားအတွက် မမကို အားနာစွာ လှည့်ကြည့်လိုက်တော့ မမက အလိုက်သိစွာပဲ လှည့်ထွက်သွားတာ မမိုးသဲရောပါပေါ့။ စပီကာဖွင့်ပြောလိုက်မိတာဆိုတော့ အားလုံး ကြားနေတာပဲလေ။ ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ခန့်စကားတွေကြောင့် မမကို အားနာလိုက်တာ။

"ပြောလေကိုကို၊ အဲဒီမမနဲ့ကိုကိုက ဘာတွေလဲ။ ချစ်သူ တစ်ယောက်လုံးကိုကျတော့ ဥပေက္ခာပြုပြီး သူ့ကို ဂရုစိုက်နေတာ ဖြူက ဘယ်လိုနားလည်ပေးရမှာလဲ"

"မင်းတော်တော့ ဖြူ။ မင်းစကားတွေက မမနဲ့ငါ့သိက္ခာကို စော်ကားနေတာ။ တို့ရဲ့ဖြူစင်မှုကို အရောင်ဆိုးပေးနေတာ။ ငါနဲ့မမက ၅၂၈ မေတ္တာနဲ့ မောင်နှမအရင်းလို ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ ချစ်ခဲ့ကြတာကွ။ နားလည်လား"

"ဪ . . . ဟုတ်လား"

ဖြူ့အသံက ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့မှန်း သိသာလှပါသည်။ ချစ်သူ သဝန်တိုတာကိုလက်ခံပါတယ်။ ဒါပေမဲ့ ဘယ်လိုအကြောင်းလဲဆိုတာ သေသေချာချာတော့ စုံစမ်းမေးမြန်းသင့်တာပေါ့။ ခုတော့ ဘလိုင်းကြီး လေ။ မမကိုအားနာစရာဖြစ်ပြီပေါ့။ ဒီလိုခင်မင်ကြတဲ့အထဲမှာ မမက ကိုယ့်ကို လာရောတာလည်းမဟုတ်။

ကိုယ်ကသာ ဒီလို ခင်မင်ချင်လို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ရတာ ပါ။ ဒါကို ခုလိုပြောတော့ မမကို စော်ကားသလို ဖြစ်နေပြီလား။

"မင်း ငါ့ကို မခန့်ရဲ့ဖြူ။ မမနဲ့ငါ ရှိုးသားတယ်ဆိုတာ ငါ သက်သေပြမှာပါ"





"သက်သေပြမယ့်သူက ဖြူ့ကိုတောင် မင်းတွေ ငါတွေနဲ့ ပြောလို့ပါလား။ ဘယ်လိုသက်သေပြမှာလဲ ပြောပါဦး"

"ငါ မင်းကို မမနဲ့ မိတ်ဆက်ပေးမယ်"

"မလိုပါဘူး။ သူ့ဘာသာ စာရေးဆရာမ မကလို့ ရုပ်ရှင်မင်းသမီးဖြစ်ဖြစ် ဂရုမစိုက်ဘူး။ သိလည်း မသိချင်ဘူး ခင်လည်း မခင်ချင်ဘူး။ ကိုယ့်စိတ်ကိုယ်သန့်တယ်ဆိုရင် ဖြူနဲ့လာတွေ့ ဒါပဲ"

ဒါ အမိန့်ပေးတာလား။ အာဏာပြတာလား။ ဘာပဲဖြစ်ဖြစ် သွားချင်းသွားတွေ့ပြီး ဖြေရှင်းမှပါ။ မဟုတ်ရင် ယုန်ထင်ကြောင်ထင် ထင်နေဦးမှာ။ အဲဒီလိုထင်တာ ကိုယ်ကယောကျ်ားလေးမို့ နစ်နာစရာ မရှိပေမယ့် မမက မိန်းကလေးဆိုတော့ မကောင်းဘူးလေ။

ဒါကြောင့် –

"ကောင်းပြီလေ . . . ဒီနေ့လယ် တစ်နာရီမှာ မင်း မျှော်စင်ကွန်းက စောင့်နေ ငါ လာခဲ့မယ်"

ပြောပြီး ဖုန်းလေး ဖုန်းချပစ်လိုက်၏။ တွေ့ဖို့ချိန်းပြီးပြီဆိုမှတော့ ဖုန်းဘေတုန်လို့ ဘာဆက်ပြောနေရဦးမှာလဲ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၄)

ချိန်းထားတဲ့နေရာကိုရောက်တော့ ဖြူက အရင်ကြိုရောက်နေ
သူ။ ဇင်လေးက နောက်ကျရောက်လာသူဖြစ်ပြီး ဖြူ့ဘေးမှာ ဝင်ထိုင်
လိုက်တော့ –

“ကိုကိုရောက်လာတော့ ဖြူက L ဆိုင်းဗီသီချင်းပဲ ဆိုလိုက်
ချင်တော့တယ်သိလား”

“ဘာပြောတာလဲ ဘယ်သီချင်းလဲ”

“ဟိုတုန်းကလိုများ အချစ်ရေ တို့ကိုချစ်သေးလားလို့လေ”

“ဟိုတုန်းကချစ်သလို အခုလည်းချစ်တယ်၊ နောင်လည်း
ချစ်နေဦးမှာပဲ။ အဲဒါကို ဖြူက ဘာလို့မယုံမကြည်ဖြစ်နေရတာလဲ





မမက ကိုကိုလေးစားရတဲ့ စာရေးဆရာမလေ။ မတူတာကို လိုက်မတု
စမ်းပါနဲ့ ဖြူရယ်။ ကိုကို သစ္စာဆိုရဲတယ်၊ ဖြူ့ကို တကယ်ချစ်လို့
ကိုကို လက်ထပ်ဖို့ ရည်ရွယ်ထားတယ်ဆိုတာကိုလေ”

“ကိုကို”

“ဟင်”

အင်း ... လေသံကတော့နည်းနည်းပျော့သွားပြီ။ မာယာ
လက်နက်သုံးတာ မဟုတ်ပါဘူး။ ချစ်တယ်ဆိုတဲ့စကားက ချစ်သူတွေ
ကြား ခွန်အားပဲလေ။

“ကိုကို တကယ်ပြောတာလား”

“ကိုကို့ရုပ်က လူလိမ်လူညာရုပ် ပေါက်နေလို့လား”

“ရုပ်ကမပေါက်ပေမယ့် ခြေထောက်က အခြားရောက်နေလို့
မယုံရဲတာပေါ့”

“ဖြူရယ်”

ဖြူ့နာမည်ခေါ်ကာ ပခုံးလေးဖက်၍ ထွေးပွေ့လိုက်မိသည်။
သူများသိရင်တော့ မနက်က ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ အခုကျ
တော့ တစ်မျိုးပါလားလို့ ပြောကြလိမ့်မည်။ တတ်နိုင်ဘူးလေ၊ ချစ်သူ့
စိတ်ကောက်ရင် ချော့ရမှာ ယောကျ်ားလေးတွေရဲ့တာဝန်တစ်ခုပဲ
မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



မရှော့တတ်ရင် ကွဲကြလေသတည်းဖြစ်မှာပေါ့။ ဒါကြောင့် စိတ်ရှည်ရှည်ထားကာ –

"သံသယဆူးဆိုတာ နုတ်ရခက်တယ် ဖြူရဲ့။ ကိုကိုနဲ့မမက တကယ့်မောင်နှမတွေလို ခင်မင်ရင်းနှီးကြတာပါ။ သံသယမဖြစ်ပါနဲ့နော်။ ဖြူ ကိုကို့ဆီ ဖုန်းဆက်တော့ မမအနားမှာရှိတယ်။ ကိုကို့မှာ ချစ်သူရှိမှန်း သူသိတာပဲဥစ္စာ။ ဖြူက အဲလိုတွေပြောတော့ မမ အားနာဖို့ကောင်းတာပေါ့"

"ဟုတ်လား"

"အင်း"

"အဲဒီမမမှာရော ချစ်သူရှိလား"

"အဲဒါတော့ ကိုကို ဘယ်သိမှာလဲ ဖြူရဲ့၊ မေးရမှာအားနာ စရာကြီးကို"

"ဒါဆို ... ဖြူနဲ့မိတ်ဆက်ပေး"

"နောက်နေ့ကျ ဖြူ့ကို ကိုကို မမဆီခေါ်သွားပြီး မိတ်ဆက် ပေးမယ်လေ ကျေနပ်လား"

"အင်း"

တကယ်တော့ ... ဖြူ သဝန်တိုတာ ကိုကို့ကိုချစ်လို့ပဲလေ အရင်က "ရည်းစားများခဲ့ဖူးတော့ အခုရော ကိုကို ဘယ်အချိန်များ





ဖြူ့အပေါ် သစ္စာဖောက်မလဲ တွေးပူနေရတာက ဒုက္ခ။ အခုလို သူ့ ဘက်က အဖွဲ့အနွဲ့ အသိုင်းအဝိုင်းတွေနဲ့ ချော့လာတော့ ကြည်နူးပီတိ ဖြစ်ရတာက သုခ။

ဪ ... အချစ်ဆိုတာ ရေယ်သီးလိုပါပဲလား။ ပူစပ် ပူလောင် မှန်း သိသိနဲ့ကိုပဲ အဲဒါကိုမှစားချင်လို့ ရှူပြီး အစပ်ခံစားနေကြတာပဲ သော။

"ဖြူတောင်းပန်ပါတယ် ကိုကိုရယ်။ ဖြူ့အပေါ်မှာတော့ သစ္စာ ဖောက်ပါနဲ့နော်။ ဖြူ မခံစားနိုင်လို့ပါ။ ဖြူ ကိုကို့ကို အရမ်းချစ်တယ်"

"ကိုကိုကလည်း ချစ်တာပဲလေ။ သောက်ရမ်းချစ်၊ ပိုးစိုး ပက်စက်ချစ်၊ စပါယ်ရှယ်ချစ်၊ အမြင့်ကတ်လောက်အောင်ကိုပဲ ချစ်တာ"

"အဲဒါတော့ ပိုတာပါနော်"

"ဟောဗျာ"

ဖင်လေး ကျွမ်းသာထိုးလိုက်ချင်တော့၏။ ချစ်တယ်ပြော တော့လည်း ပိုတယ်တဲ့။ မချစ်ဘူးပြောရင် ဆွေ့ဆွေ့ခုန်ဦးမှာ။ မိန်း ကလေးတွေများ မလွယ်ပါလား။ ခုမှ ကတုံးတုံးပြီး ဘုန်းကြီးဝတ်ချင် စိတ်တောင်ပေါက်လာတယ်။ အဲလိုလုပ်ရင် ခုလို ဆံပင်ပုံစံအမျိုးမျိုးနဲ့ ခေတ်မကျမှာစိုးလို့သာပေါ့။

"ဘာ ... ဟောဗျာလဲ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မျှားလေးပဲ ပိုတယ်ဆိုလို့ပါ။ ပိုတာတော့ တကယ့်ကို
နေတာ။ ဖြူ့ကို ကိုကိုချစ်တာထက် ကိုကိုက ဖြူ့ကိုချစ်တာ အ
ပေါင်းများစွာ ပိုတယ်"

"ခစ် ခစ်"

ဒီလိုပြောတော့ ဖြူက သဘောကျစွာ ရယ်လေသည်။ မိန်း
ကလေးတွေရဲ့စိတ်ကိုက မချစ်ဘူးပြောရင်မကြိုက်၊ ညာနေတာလို
ပြီး သိနေရင်တောင် ချစ်တယ်ဆိုလို့ကတော့ ညာတာလေးပဲ ယုံချင်
တယ်ဆိုတာမျိုးလေ။ ပါးစပ်က မယုံဘူးလို့ပြောနေရင်းပဲ စိတ်ထဲ
ယုံကြည်လွယ်တတ်ကြတာ မိန်းကလေးတွေ။

တစ်လောကလုံးမှာ အချစ်ဆုံး။

မိုးလောက်ကြီးချစ်ပါတယ်

မြေလောက်ကြီးချစ်ပါတယ်

နှိုင်းစရာတောင်မရှိပါဘူးဆိုတာတွေ ပြောလို့ကတော့ မ
ချောတိုင်း သဘောတွေ့တတ်ကြသည် မဟုတ်လား။ တကယ်တွေ
ကြည့်ရင် အသည်းနဲ့နှလုံးသားက အဲဒါကြီးတွေနဲ့ ဆန့်မှမဆန့်တ
ဖြစ်နိုင်ပါ့မလားနော်။ သူနဲ့တန်သလောက် ဆန့်သလောက်ပဲ ချစ်လို့
မှာပေါ့။

"ဘာရယ်တာလဲ မယုံဘူးလား"





"ယုံပါတယ် ကိုကိုရယ် ... ယုံပါတယ်။ ကိုကိုညာနေတာ
ဆိုရင်တောင် ဖြူက ယုံကြည်စွာနဲ့ ဆက်ချစ်နေမှာပါ။ အပွန်း ...
ကိုကိုက အပြောချိုလို့ အမျိုးချောတွေ ပိုင်းနေတာ မဆန်းပါဘူး"

"ဟား ဟား ဟား"

ဇင်လေး သဘောကျစွာရယ်လိုက်မိတော့၏။ ဖြူပြောတာ
န်နေတာပဲလေ။ ဒါပေမဲ့ ဒီချစ်သူနဲ့ကျမှ သူမှာလည်း တကယ်ချစ်မိ
သွားတာ ဘယ်လိုဆေးဝါး မန္တရားတွေနဲ့ မန်းမှုတ်ထားသလဲတော့
သိပေ။ ဖြူက သူ့ပခုံးလေးကိုမှီ၍ သူ့မျက်နှာကို မော့ကြည့်ကာ–

"မရယ်နဲ့ ... ဖြူက တကယ်ပြောတာ။ ကိုကိုက သိပ်ချော
တော့ ဖြူ စိတ်မောရတယ်သိလား"

"မမောပါနဲ့ ဖြူရယ် ... ကိုကို ဒီတစ်ခါ အချစ်နဲ့စိန်ပြေး
ဘ်း မကစားတော့ပါဘူးကွ"

"ဒီတစ်ခါပြေးရင် ဖြူက ကိုကို့ခြေထောက်ကို ရိုက်ချိုးမှာ
ပေါ့လို့"

"တကယ်လား"

"အင်း"

"ဒါဆို အခုပြေးကြည့်မယ်လေ"

ပြောပြီး ဇင်လေး ထရပ်တော့ ဖြူက လက်ဆွဲထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိုင်နိုင်းသဖြင့် ထိုင်လိုက်ရသည်တွင် မျက်စောင်းလေးခနဲဖြစ်ပြီ

"ဘာလဲ ... ကိုကိုက ဖြူနဲ့စကားမပြောချင်တော့ဘူးလား"

"မရစ်နဲ့ဖြူရာ ကိုကိုက စတာကိုမသိဘူးလား"

"သိသားပဲ"

"သိရဲ့သားနဲ့"

"ဖြူတို့ ဘယ်တော့လက်ထပ်ကြမလဲ ကိုကို"

ဇင်လေး ဖြူ့ပါးပြင်ကို လိမ်ဆွဲလိုက်ရင်း –

"မကြာတော့ပါဘူး၊ ကိုကို ကိုကို့အိမ်ကို ဖွင့်ပြောလိုက်တော့မယ်နော်"

ဖြူက ခေါင်းလေးညိတ်ပြတော့ ဒုတိယအကြိမ် ပါးပြင်လေးကို လိမ်ဆွဲမိပြန်၏။ ချစ်သူဖြစ်ပြီးမှတော့ လက်ထပ်ဖို့က နောက်မှ ကပ်ပါလာပြီးသားပဲလေ။



## အခန်း (၁၅)

မိုးပုလဲနဲ့မြတ်သောမောင် အင်းယားကန်မှာ ဝက်သားတုတ်ထိုးစားရင်း ဇင်လေးတို့ကို စောင့်နေလိုက်သည်။ အင်း သူမခေါ်တာတော့ မိုးစက်မောင်ပေါ့နော်။ မိုးစက်မောင်က သူ့ကောင်မလေးနဲ့ မိတ်ဆက်ပေးပါရစေဆိုလို့ မိုးလည်း မောင့်ကိုခေါ်လာခဲ့တာပါ။ အဲဒါမှ ဟိုဘက် ဒီဘက် အမြင်ရှင်းကြမှာလေ။

မဟုတ်ရင် ဖြူစင်တဲ့ ချစ်ခြင်း မေတ္တာကိုပဲ သူတို့မှာ မယုံမကြည်နဲ့ အရောင်ဆိုးချင်နေကြတာ။

"မမ"

"ဟော ... လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မမတို့ စောင့်နေကြတာကြာပြီလား"

"မကြာသေးပါဘူး . . . ခုမှ ဝက်သားတုတ်ထိုး သုံးလေးခုပဲ စားရသေးတာ"

"တော်ပါသေးရဲ့၊ အကြာကြီးစောင့်နေရရင် အားနာစရာကြီး"

"ကဲ . . . လာထိုင် ကြိုက်တာစား"

"ကျွန်တော် ရှင်းမှာနော် မမ"

"မဟုတ်တာ"

"ဟုတ်ကိုဟုတ်ရမယ် . . . မဟုတ်ရင် မစားဘူး"

"ကဲပါ . . . သဘော . . . သဘော"

ဒီတော့မှ မိုးစက်မောင်တို့ပါ ထိုင်လိုက်ကြပြီး ဝက်သားတုတ်ထိုးစားရင်းမှ မြတ်သောမောင်က မိုးစက်မောင်ကို အကဲခတ်သလိုဖြူကလည်း မိုးကို အကဲခတ်သည်ပေါ့။ မိုးကပဲ စ၍ –

"မောင်"

"ဟင်"

"သူက မိုးပြောတဲ့ ဘုန်းမြတ်သော်ဇင်လေ။ အခု နာမည်ပြောင်းထားတယ်။ မိုးစက်ပွင့်ရဲ့မောင်လေး မိုးစက်မောင်ဆိုပြီးတော့လေ"



"ကောင်းတာပေါ့။ မိုးစက်မောင်ဆိုတော့ မိုးနာမည်နဲ့ မောင့်အမည်ကို ပေါင်းစပ်ထားတာပဲလေ။ မိုးရဲ့မောင်လေးဆိုတော့ မောင့်ရဲ့ယောက်ဖပေါ့"

"မောင်နော်"

မိုး မျက်စောင်းလေးထိုးလိုက်တော့ ဘာရယ်မဟုတ် ရယ်မိကြလေသည်။ ပြီးမှ မိုး မိုးစက်မောင်ဘက်သို့လှည့်ကာ –

"မိုးစက်မောင်"

"သူက မမရဲ့ချစ်သူလေ၊ နာမည်က . . . မြတ်သောမောင်ပါ"

"ဟုတ် . . . တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို"

"အစ်ကိုလည်း ဝမ်းသာပါတယ်ကွာ"

မိုးစက်မောင် လက်ကမ်းပေးလိုက်တော့ မြတ်သောမောင်က လက်ကမ်းပေးကာ မိတ်ဆက်လိုက်ကြတော့ မိုးစက်မောင်ရင်ထဲမှာ အံ့ဩမှုကြီးပါ။ သူက မမတစ်ယောက်တည်းလာမှာလို့ ထင်တာလေ။ မမှာ ချစ်သူရှိမှန်း သူမှမသိခဲ့တာ။ တကယ်ပြောရရင် မမှာ ချစ်သူ မရှိစေချင်ပါဘူး။

ဘာကြောင့်လဲတော့မသိ ကိုယ်ချစ်တဲ့ အနုပညာသမားတွေ ... သူ့စိတ်က ချစ်သူရည်းစားမရှိစေချင်။ အိမ်ထောင်မပြုစေချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါ အတ္တတစ်ခုဆိုရင် ဘာကြောင့် အဲဒီလို အတ္တကြီးရလဲဆိုတာ သူမသိပေ။ ကိုယ်ထင်သလိုမဟုတ်ဘဲ ဖြစ်ချင်တာတွေ ဖြစ်လာတော့ အပြုံးကိုသာဖန်ဆင်း၍ ရင်ထဲက အောင့်သက်သက်ကိုဖယ်ချကာ–

"ဟုတ်တယ်နော်၊ ကျွန်တော့်နာမည်က ကျွန်တော်ကြိုက်လို့ ရွေးထားတာပေမယ့် မမနာမည်နဲ့ အစ်ကို့နာမည် ပေါင်းစပ်ထားတာ ဖြစ်နေတယ်"

"အဲဒါ မကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါနဲ့ ကျွန်တော်လည်း မိတ်ဆက်ပေးဦးမယ်"

ပြောရင်း ဖြူ့ကိုလှည့်ကြည့်ကာ –

"သူက ကျွန်တော့်ချစ်သူ မေမြင့်မြတ်ဖြူပါ။ ဖြူ . . . ဒါက မမလေ။ နာမည်အရင်းက မိုးပုလဲပေါ့။ အစ်ကိုကတော့ ဖြူကြားတဲ့အတိုင်းပဲ မမရဲ့ချစ်သူလေ"

ဖြူက ရယ်ပြီး ခေါင်းညိတ်ပြလေလျှင် –

"ညီမလေးက ချစ်စရာလေးပဲ"

"မမကျတော့ ယဉ်ယဉ်လေးပဲနော်"

"ဟုတ်လား"

"တကယ်ပြောတာ မမရဲ့၊ အစ်ကိုတော့ မမကို တော်တော်





ချစ်မှာပဲနော်"

မိုးပုလဲ ရှက်မျက်နှာလေးနှင့် မောင့်ကိုလှမ်းကြည့်တော့ မောင်က ကျေနပ်သလို ပြုံးနေသည်။ အစက မိုးစက်မောင် အိမ်မှာ အဝင်အထွက် လုပ်နေတာကိုပဲ သဝန်တိုနေတဲ့မောင်။ ခုတော့ အမြင်ရှင်းသွားလို့ ကျေနပ်နေမှာပေါ့။

အစကတည်းက သဘောထားပြည့်သူဖြစ်ပြီး ချစ်သူနဲ့ပတ်သက်မှ သဝန်တိုတတ်လာတာလေ။

ဒါ ချစ်လို့ပဲဆိုတာ နားလည်ခြင်းနဲ့ မိုး မောင့်ကို အပြစ်မမြင်ခဲ့ပါဘူး။ ကိုယ်နဲ့မိုးစက်မောင်ကလည်း တကယ် ဖြူဖြူစင်စင်တွေပဲမို့ ကိုယ့်လိပ်ပြာ ကိုယ်သန့်ကြသည်ပဲလေ။

"မိုး"

"ဟင်"

"ရေနွေးသောက်ဦးမလား"

"အင်း . . . ကောင်းတာပေါ့"

"နေ နေ . . . ကျွန်တော်ထည့်ပေးမယ်"

မြတ်သောမောင် ရေနွေးဓာတ်ဘူးဆီသို့ လက်လှမ်းလိုက်စဉ်မှာပဲ မိုးစက်မောင်က ဓာတ်ဘူးကို ယူပြီးပြီ။ ပြီး ဖန်ခွက်လေးလုံးကို ရေနွေးတွေ လိုက်ထည့်ပြီးလေလျှင် တစ်ပန်းကန်စီ တစ်ယောက်စီ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ချပေးလေ၏။

မြတ်သောမောင် အလိုမကျတော့ဖြစ်သွားမိ၏။ ကိုယ်က ကိုယ့်ချစ်သူသောက်ဖို့အတွက် ကိုယ်ပဲ ထည့်ပေးချင်တာလေ။ အ ထည့်ပေးခွင့်မကြုံလိုက်ရသည့်အတွက် စိတ်မဆိုးဘူး ကွဲပြီးတို့တယ် ဆိုတာမျိုးပေါ့။

"ကိုကို"

"ဟင်"

"ဟိုဘက်က အသည်းလေး ဒီဘက်ပေးပါဦး။ ဖြူ အသည်း ကြိုက်တာ ကိုကိုသိရဲ့သားနဲ့"

"ဩော် ... အင်း"

"အဲဒါ ယူလို့မရဘူးလေ။ မိုးက အသည်းကြိုက်လို့ စောစော ကတည်းက အစ်ကို မှာပေးထားတာ"

မြတ်သောမောင် ပွင့်ပွင့်လင်းလင်းပြောလိုက်တော့ မိုးစက် မောင် မယူရဲတော့ပေ။ လူကြီးမဆန်ဘူးလို့ ထင်လည်းမတတ်နိုင် ဘူးလေ။

တကယ်ကိုပဲ ကိုယ့်ချစ်သူကြိုက်တတ်တာမို့ ကိုယ်မှာပေး ထားတာပဲဥစ္စာ။

"ရပါတယ် မောင်ရဲ့၊ မိုး ကြိုက်သလို ဖြူကလည်း





ကြိုက်တာ။ အကြိုက်ချင်း တူနေတော့ ကြီးတဲ့သူကပဲ အလျှော့ပေး ရမှာပေါ့။ ယူပေးလိုက်လေ မိုးစက်မောင်"

"ဩော် ... ရပါတယ် မမရဲ့၊ ဖြူက အဆုတ်လည်း ကြိုက် တယ်၊ ဖြူ အဆုတ်ပဲစားလိုက်နော်"

"ဟာ ... ကိုကိုကလည်း အသည်းလည်း စားချင်ပါတယ် ဆို"

"ကျွတ်"

"ကဲပါ ... ယူပေးလိုက်ပါ မိုးစက်မောင်ရဲ့"

မိုးစက်မောင် မမပြောလို့ ယူပေးလိုက်ရသည့်တိုင် စိတ်ထဲမှာ တော့ မကြည်လင်ပေ။ ဒါ ဖြူ သက်သက်ကိုတိုက်တာဆိုတာ သူသိ တာပေါ့။ မမ အသည်းချည်းပဲ စားနေတာမြင်လို့ အသည်းကြိုက်မှန်း သိပြီး တမင်ပြောတာ။

တကယ်ဆို သူ အသည်းထက် အဆုတ်ကို ပိုကြိုက်တာ သူ မသိဘဲနေပါ့မလား။

အစ်ကိုနဲ့မမကို အားနာလိုက်တာ။ ကိုမြတ်သောမောင်က သူချစ်သူမမအတွက် မှာပေးထားတာဆိုတော့ သူများကို ဘယ်ပေးချင် ပါ့မလဲလေ။ ကိုယ်ဆိုရင်လည်း ဒီလိုပဲပြောမိချင် ပြောမိမှာပဲဥစ္စာ။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မိုးတို့ သွားရအောင်လေ"

"အင်း"

ပြောတာနဲ့ ဘယ်အချိန်ကတည်းက ထသွားချင်နေတာ
မသိပါဘူး။ မြတ်သောမောင်က အရင်ထရပ်လေလျှင် –

"သွားတော့မလို့လား အစ်ကိုရ"

"အား"

"ဟာ"

မိုးပုလဲထံမှ အော်သံကြားလို့ မျှာမျှာသလဲကြည့်လိုက်ရာ
သောက်ဖို့ထည့်ပေးထားတဲ့ ရေနွေးပန်းကန်က ဘယ်လိုကနေ ဘယ်
မိုးခြေခုံပေါ်ကိုကျသွားသည် မသိဘဲ မိုး ပြန်ထိုင်ချလိုက်တာ
မြင်လေလျှင် –

"မိုး"

"မမ"

"အရမ်းပူသွားလား"

မိုး ဘာမှပြန်မဖြေနိုင်ပေ။ မြတ်သောမောင်က မိုးရှေ့မှာ
ထိုင်ချလိုက်စဉ်မှာပဲ မိုးစက်မောင်က တစ်ရှူးစတွေကို ယူကာ မ
ခြေခုံကို သုပ်ပေးရင်း ပါးစပ်က တဟူးဟူးမှုတ်ပေးနေချိန်မှာ မိုးမျ





မျက်ရည်လေးဝဲလို့ပါ။

"ဆောရီး ဆောရီး ... ဖြူ တောင်းပန်ပါတယ် မမရယ်နော်။
ဖြူ့လက်နဲ့ မတော်တဆ ထိမိပြီး ပြုတ်ကျသွားတာပါ"

"ဟင်"

ပြိုင်တူကြည့်လိုက်တဲ့ မြတ်သောမောင်နဲ့ မိုးစက်မောင်။
မြတ်သောမောင်က မျက်မှောင်ကြုတ်သွားသလို မိုးစက်မောင်မှာလည်း
ဒေါသရိပ်တို့ စွန်းထင်လျက်ပါ။

ဒါ ဖြူ တမင်သက်သက် လုပ်လိုက်တာပဲ ဖြစ်မှာပေါ့လို့လေ။
ကိုယ့်ချစ်သူ မျက်ရည်လေးဝဲနေတာမြင်တော့ မြတ်သောမောင် မိုး
လက်ကို ဖျတ်ခနဲဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်က မိုးစက်မောင်
လက်ကို တွန်းဖယ်လိုက်ကာ –

"မောင်တို့သွားရအောင် မိုး"

"အစ်ကို"

မိုးစက်မောင်က မြတ်သောမောင်ကိုမော့ကြည့်ပြီး –

"ကျွန်တော် တောင်းပန်ပါတယ်"

"မင်း တောင်းပန်လည်း ဖြစ်တာကဖြစ်ပြီးသွားပြီပဲကွ။ ရှု
လိုက်တဲ့ဒဏ်ရာက ချက်ချင်းပြန်ပျောက်သွားတော့မှာမှ မဟုတ်တာ"

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်"

မြတ်သော်မောင် ဆွဲခေါ်တဲ့နောက်သို့ ပါသွားတဲ့မိုး။ ဖြူ... စိတ်ဆိုးရမယ့်အစား စိတ်မကောင်းလိုက်တာ။ သူတမင်လုပ်လိုက်... မှန်း မိုးသိနေပြီပဲလေ။

✿ ✿ ✿



## အခန်း (၁၆)

မြတ်သောမောင်နှင့် မိုးပုလဲတို့ ထွက်သွားပြီးနောက် မိုးစက်...ောင် (ခ) ဖင်လေး ဖြူ့မျက်နှာကို ကြည့်လိုက်တဲ့မျက်ဝန်းတွေက ...င်းသက်သက်နှင့်ပါ။ မမမှာလည်း ချစ်သူရှိနေတာ သူ မမြင်တာ ...သိတာ မဟုတ်တဲ့နဲ့ သဝန်တိုနေစရာမှမလိုတော့တာ။ ဒါကို ဒီလိုလုပ် ...ိုက်တယ်ဆိုတော့ တစ်ဖက်ကို ဘယ်လောက် အားနာစရာကောင်း ...ိုက်ပါသလဲ။ တမင်လုပ်တာမှန်း သိလိုက်ရတော့ ခွင့်မလွှတ်နိုင်ဘူး ...လေ။

"ဖြူ"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဘယ်လိုလုပ်လိုက်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ"

"မြင်တာက မြင်တယ်၊ ဘာလို့ အဲလိုလုပ်ရတာလဲလို့ မေး
တာ"

"အမြင်ကတ်လို့"

"ဘာ"

ဖြူ မျက်နှာကို ဆတ်ခနဲ မော့ပစ်လိုက်၏။ ချစ်သူတွေကို
နဲ့ ဘယ်လိုပဲ သက်သေပြပြ ကိုကို ဟိုမိန်းမကို ဆက်ဆံနေတဲ့
ဖြူမကြိုက်ပေ။ ဖြူ့ထက်ပိုပြီး ဂရုစိုက်နေသလားလို့လေ။ ပြီးတော့
ဟိုတစ်ယောက်ကလည်း အဖြစ်တွေသည်းလို့ သူတို့မှ ချစ်တတ်သူ
အတိုင်းပါပဲ။

ဒါကြောင့် အမြင်ကတ်ပြီး ဖြူ ရေနွေးခွက်ကို လ
တမင်တိုက်ချပစ်လိုက်တာ အားလုံးသိနေသားပဲ။

"ကိုကိုက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတယ်လို့ မင်းထင်လဲ။ မင်းလုပ်ရပ်က တော
တော် အောက်တန်းကျတာပဲဖြူ။ မမတို့ကို ဘယ်လောက်အားနာ
ကောင်းလဲ"





"အားနာရင် လဲသေလိုက်ပေါ့"

"ဖြူ"

"ကိုကိုနော် ဖြူ့ကို အဲလိုမဆက်ဆံနဲ့ သိလား။ မမဆိုတဲ့
မနဲ့ကျတော့ ကိုကို့မျက်နှာက တစ်မျိုး။ ဂရုစိုက်တာလည်း ဖြူ့
ထက်ပိုတယ်လို့ ဖြူထင်တယ်"

"ဩော် . . . အဲဒါကြောင့် မင်း အဲလိုလုပ်လိုက်တယ်ပေါ့
ဟုတ်လား"

"ဟုတ်တယ်"

"တောက်"

"ဟင်"

ကိုယ့်ချစ်သူက ကိုယ့်ကို တောက်ခေါက်လိုက်တော့ ဖြူ
ဝမ်းနည်းစွာ ရင်ထဲမှာဆို့နင့်နင့်ကြီး ဖြစ်သွားရလေ၏။ တကယ်ဆို
ကိုယ့်ချစ်သူကို မကြိုက် မကြိုက်တဲ့အကြောင်း၊ နောက်မလုပ်ဖို့
ပြောပြောကြောင်း ပြောပါတော့လား။ ခုတော့ သူကပဲကိုယ့်ကို။

"မင်းကိုငါ အထပ်ထပ်ရှင်းပြခဲ့ပြီးပြီဖြူ။ မမက ငါလေးစား
ထားရတဲ့ မမပါလို့။ ငါ လေးစားတဲ့သူကို မင်း မလေးစားချင်နေပါ
စော်ကားပါနဲ့"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ဖြူ . . . မင်းကိုငါ ဖြူစင်တဲ့သူလေးလို့ ထင်ခဲ့မိတာ မှားတာပဲ။ မင်းက နာမည်ကသာ မေမြင့်မြတ်ဖြူ၊ စိတ်ကတော့"

စကားကိုဖြတ်ပြီး ဖင်လေး ခေါင်းခါလိုက်လေလျှင် –

"ကိုကို ဖြူ့ကို အဲလိုမပြောပါနဲ့။ ဖြူ အဲလိုဖြစ်ရတာ ဘာကြောင့်လဲ ကိုကိုသိလား"

"ကိုကို့ကို သိပ်ချစ်လို့ပါဆိုတဲ့ ဆင်ခြေကို မပေးနဲ့ ဖြူ တကယ်ချစ်ရင် မင်း ငါ့စိတ်ကို နားလည်ရမှာ။ ခု မင်းက သံသယ တို့ရဲ့ ဖြူစင်တဲ့မေတ္တာတရားကို စော်ကားနေတာ။ မင်းမသိရင် မှတ်ထားဖြူ။ ၁၅၀၀ သောအချစ်က ဒီတစ်ယောက်မကောင်းရင် နောက်တစ်ယောက် ပြောင်းဖို့ အစားထိုးလို့ရတယ်။ ၅၂၈ မေတ္တာက ခုတ်လို့လည်း မပြတ်၊ ချိုးလို့လည်း မကြေတဲ့ရေပဲ။ အစားထိုးလို့မရနိုင်ဘူးဆိုတာ မင်း နားလည်ထားစမ်းပါ"

"ဟင်"

ဖြူ အံ့လည်းအံ့ဩစွာနှင့် မျက်ရည်က ချက်ချင်းဝေ့တက်လာသည်။ သူ့ရဲ့ခံစားချက်က အဲဒီလိုတဲ့လား။ ဖြူကတော့ သူ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးလေ။ သူကတော့ကိုယ့်ကို ပြောရက်လိုက်တာ ပစ်ပစ်ခါခါပါလား။

ပြီးတော့ . . . ဖြူ့ကိုပြောနေတာ မင်းတွေ ငါတွေနဲ့လေ





...သဝမှာ မိုးပုလဲက ဖြူ့ထက် အရေးပါအရာရောက်နေသတဲ့လား။

"ပြောရက်လိုက်တာ ကိုကိုရယ်။ ဖြူ လုပ်ရပ်မှားတယ်ဆိုရင် ...ောင် အဲဒီအမှားက ဖြူ ကိုကို့ကိုချစ်လို့ မှားခဲ့တာပါ"

"နောက်ထပ် မမှားအောင် မင်း ဆင်ခြင်နိုင်မလား"

ကိုယ်က သူ့ကို အလွယ်တကူ မဖြတ်နိုင်ဘူးဆိုတော့ ဖြူ ...င်းညိတ်လိုက်ရတော့သည်သာ။ သံယောဇဉ်ဆိုတာ နှယ်တစ်ပင် ...က်တစ်ပင်မှ မဟုတ်ပဲလေ။ လွယ်လွယ်နဲ့ ဖြတ်နိုင်မှာတဲ့လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

“ကဲ . . . လက်ကိုလွှတ်ပါတော့ မောင်ရဲ့”

မိုး သူ့လက်ကို ဖယ်ချပြီး ပြောလိုက်တော့ သူ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး မိုးကို ရှုတည်တည်မျက်နှာနှင့် ပြန်ကြည့်ကာ –

“ဖြစ်နိုင်ရင် ဒီလက်နှစ်ဖက်ကို မောင်က မူလီနဲ့စုပ် ကြိုးနဲ့ တုပ်ထားချင်တာ”

“ဟင် . . . ဘာဖြစ်လို့လဲ”

“သည်းခံပါရမီပြည့်ဝလွန်းတဲ့ ခင်ဗျားကို စိတ်မချနိုင်တော့ဘူး လေ။ တော်ကြာ . . . ခေါင်းကဆံပင်ကို ဖိနပ်သဲကြိုးလုပ် အစီးခံနေဦး မယ်”





“မောင်ရယ်”

“မောင်ရယ် မလုပ်နဲ့ . . . တကယ်ပြောတာ။ စောစောကကိစ္စ ထွက် မောင့်ရင်ထဲမှာ အောင့်သက်သက်နဲ့ ဘယ်လောက်အခံရခက်လဲ သိရဲ့လား။ ဒါ . . . တမင်လုပ်တာမှန်း သိသာနေတာပဲ။ မောင်က မောင့်ချစ်သူကို အဲလိုဖြစ်ဖို့မပြောနဲ့ ဆူးခြစ်ရာထင်မှာတောင် စိုးတဲ့ ကောင်လေ”

မိုး သက်ပြင်းသာချလိုက်မိတော့သည်။ ဟုတ်တော့ ဟုတ်ပါတယ်လေ။ တမင်လုပ်တာမှန်းသိသိနဲ့ မိုးကတော့ မပြောရက်ပါဘူး။ ခြံမှာ အခုထိ ပူနေတုန်းပါပဲ။ နာကျင်မှုဝေဒနာကို ခံစားနေရပေမယ့် ကိုယ်ကပြောရင် မောင် ဒေါသထွက်မှာစိုးလို့ မိုး မပြောတာပါ။

အိမ်ရောက်ရင် အဖုများပေါက်လေမလား။ ရေနွေးက သူတို့ ရောက်မှ ကုန်နေတဲ့ဓာတ်ဘူးထဲကို အသစ်ထည့်ပေးထားတာပါ။ အသစ်မှ မီးဖိုပေါ်မှာတင်ထားပြီး ကျက်ကျက်ဆူနေတဲ့ အိုးထဲက ရေနွေးလေ။ ပူတာပေါ့။

“မိုး”

“ဟင်”

“သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုထက် ကျော် လွန်လာရင်မကောင်းဘူး မိုးရဲ့။ ရှင်းရှင်းပြောရရင် မိုး သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်တာ အကောင်းဆုံးပဲ”

“သူတို့က လူငယ်တွေပဲ မောင်ရယ်။ သဝန်တိုစိတ်နဲ့ မှား အခါလည်းမှားမှာပေါ့။ ဒါကို မိုးတို့လူကြီးတွေက နားလည်ပေးနိုင် မယ်လေ။ မိုးနဲ့ မိုးစက်မောင် ဖြူဖြူစင်စင် ခင်ကြတာကို မိုးတို့ပဲသိ လေ။ မောင်တောင် လူကြီးဖြစ်ပြီး သဝန်တိုသေးတာ သူက လူငယ် ဆိုတော့ ပိုဆိုးမှာပေါ့”

“မောင်က အခု နားလည်ပေးနေတာလေ။ မောင်က မော ချစ်တဲ့မိုးကိုပဲ နားလည်ပေးနိုင်မှာ ချစ်လို့။ သူ ဘလိုင်းကြီးလုပ် ကိစ္စတော့ မောင် နားလည်မပေးနိုင်ဘူး”

ခက်လိုက်တာ။ ဟိုဘက်ဒီဘက် နားလည်မှုတွေ လွဲမှားနေ တော့ ကြားထဲမှာ စိတ်ညစ်နေရတာ မိုးနဲ့မိုးစက်မောင်ပဲပေါ့။ ခင်မင် ကြတာကို သံယောဇဉ်ဖြတ်ပါဆို မဖြတ်နိုင်ဘူးလေ။ သံယောဇဉ်ဆို သစ်တစ်ပင်လိုပါပဲ။ အတက်မှာလွယ်ပြီး အဆင်းရခက်တယ်တဲ့

အဲဒီလိုပဲပေါ့။ သံယောဇဉ်ဆိုတာလည်း တွယ်ငင်ရလွ သလောက် ဖြတ်တောက်ဖို့ခက်ခဲလွန်းတာ။ မိုးစက်မောင်က သူ အတွက် ပျော်ရွှင်မှုတွေ ပေးစွမ်းနိုင်တဲ့လူ။ ပြီးတော့ မိုးတို့က ညီအစ် နှစ်ယောက်ဆိုတော့ မောင်လေးတစ်ယောက်လောက် လိုချင်နေခဲ့ တာလေ။ အခု မိုးစက်မောင်အပေါ် သွေးချင်းမရင်းပေမယ့် စိတ်





ရင်းနေတော့ ကိုယ့်မောင်အရင်းလေးလိုပဲ သတ်မှတ်နေမိကြတာပါ။

“မောင် ရှင်းရှင်းပဲပြောမယ် မိုး”

“အင်း . . . ပြောလေ”

“ဖြစ်နိုင်ရင် . . . မိုး သူတို့နဲ့ လုံးဝမပတ်သက်ပါနဲ့။ မောင် မကြိုက်ဘူး”

“ဟင်”

မိုး သူ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်ပြီး –

“ဘာဆိုင်လို့လဲ မောင်ရဲ့”

“ဆိုင်တာတွေ မဆိုင်တာတွေ ခွဲခြမ်းစိတ်ဖြာနေဖို့ မလိုဘူး။ မောင်က မကြိုက်ဘူးဆိုရင် မိုး နောက်ဆုတ်လိုက်ပေါ့”

ဒါ . . . အမိန့်ပေးတာလား။ ချစ်တာက ချစ်တာသပ်သပ်နဲ့ ချုပ် ချယ်တာကျတော့ မိုးမှ မကြိုက်ပဲလေ။

“မောင် မိုးကို အမိန့်ပေးတာလား”

“ဟုတ်တယ်”

“ဟုတ်တယ်ဆိုရင် . . . မိုး ငြင်းရမှာပဲ မောင်”

“ဘာ”

“မိုးစက်မောင်က မိုး မောင်လေးအရင်းလို ခင်ရတဲ့ မိုးရဲ့ အမာခံပရိသတ်ပါ။ ဒါကို မိုးက ဥပေက္ခာပြုထားရမှာလား။ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မိုးရဲ့ကျေးကျေးဇူးရှင်တွေ မောင်ရဲ့"

"ပရိသတ်က ဟုတ်တယ်၊ သူတစ်ယောက်လျှော့သွား[illegible]တော့ မိုးနာမည်ကို ဘာမှမထိခိုက်နိုင်ဘူးမို့လား"

"မောင် အဲလိုမပြောပါနဲ့"

ကိုယ့်ပရိသတ်ကို ထိခိုက်လာတော့ မိုးမခံနိုင်တော့[illegible] ဒါကြောင့် အော်လိုက်မိတော့ မြတ်သောမောင်ကြည့်နေတာ [illegible] မြင်ဖူးတဲ့လူအတိုင်းပါပဲ။ ပရိသတ်တစ်ယောက်အတွက်နဲ့ သူ့ကို [illegible] အော်တာဆိုတော့ ကိုယ်က ပရိသတ်တစ်ယောက်လောက်တော[illegible] မိုးအတွက် အလေးထားအရေးမပါဘူးတဲ့လား။

ယောက်ျားလည်း နှလုံးသားနဲ့မို့ ဝမ်းနည်းတတ်ပါသည်[illegible] ကိုယ်ကတော့ ကိုယ့်မိတ္တနှစ်ပါးကလွဲရင် အချစ်ကို ကိုးကွယ်ပြီး ချစ်[illegible] ကို အလေးထားဆုံးလူပါ။

"ပရိသတ်ဆိုတာ တစ်ယောက်ကနေ တစ်ရာဖြစ်လာတာ[illegible] မောင်။ အဲဒါကြောင့် ပရိသတ်တစ်ယောက်ကလည်း တစ်ယော[illegible] အလိုအလျောက် မိုး လေးစားတန်ဖိုးထားရမှာပဲ။ မိုး ဒီဝါသနာ[illegible] မစွန့်လွှတ်နိုင်သရွေ့ ပရိသတ်ကို ဥပေက္ခာပြုမထားနိုင်ဘူး"

"မိုး"

"___"





"ဒါဆို မိုးအတွက် မောင်က နံပါတ်ဘယ်လောက်မှာမှ [illegible]အရေးပါသလဲ ပြောစမ်းပါဦး"

"မောင်"

အကြည့်ချင်းဆုံကြတော့ ခါတိုင်းလို အပြုံးတွေ၊ ကြည်နူးမှု[illegible]တွေ မပါတော့ပေ။ မြတ်သောမောင် ဟိုကောင်မလေးကို ဒေါသဖြစ်[illegible]ခိုက်တာ။ သူ့ကြောင့် ကြည်နူးရမယ့်အချိန်မှာ မကြည်နူးရဘဲ မလိုအပ်[illegible]တဲ့ စကားတွေပြောနေရတာလေ။

"နံပါတ်တွေ ချိတ်နေရအောင် မိုးရင်ဘတ်က ဘယ်သူက [illegible]ဥတ္တမ ဘယ်သူကအတွင်းရေးမှူး ခွဲခြားခန့်အပ်ထားတဲ့ လူကြီး [illegible]အစည်းအဝေးရုံးခန်း မဟုတ်ဘူးမောင်။ ခေါ်င်းထဲက ဘော[illegible]တစ်သင်းလို နံပါတ်တိုင်းက အရေးပါတယ်။ နံပါတ်တိုင်းက အဓိက [illegible]ကျတယ် မောင်ရဲ့"

စာရေးဆရာမပီပီ စကားကတတ်လိုက်တာမှ ပြောတာ [illegible]အဆိုင်းအနိုင်းတွေနဲ့ပါလား။ မြတ်သောမောင် ဘာပြောရမှန်းမသိကာ–

"ထားပါတော့ . . . ဒါဆို မောင် တစ်ခုပြောမယ်"

မိုးမျက်နှာလေးမော့ပြီး ခေါင်းညိတ်လိုက်တော့ –

"မောင်တို့ လက်ထပ်ကြရအောင်"

"ဟင် . . . ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် မိုးကို စိတ်မချဘူး။ အမြန်ဆုံးလက်ထပ်ချင်တယ်"

"—.—"

"နော် . . . မိုး"

"ခု လောလောဆယ်တော့ နေပါဦးမောင်ရယ်။ မိုး ပရိသတ်အတွက် အချိန်နည်းနည်းတော့ ပေးပါရစေ။ အိမ်ထောင်ကျသွားရင် ခုလောက်ရေးနိုင်တော့မှာမှ မဟုတ်တာ"

"ဟူး"

မြတ်သောမောင် သက်ပြင်းချပြီး ခေါင်းသာခါလိုက်မိတော့၏။ ကိုယ်က တကယ်ပဲ သူ့ရဲ့ပရိသတ်လောက် အရေးမကြီးဘူးဆိုတာ သိလိုက်ပေမယ့် ချစ်တော့လည်း နားလည်ပေးရတော့မှာပေါ့။

❀ ❀ ❀



## အခန်း (၁၈)

"ဘာပုံညှပ်မှာလဲ၊ ဘာရောင်ဆိုးမှာလဲ"

ဖင်လေး သကြဲနိနှားနီးလို့ ဆံပင်ညှပ်ပြီးဆေးဆိုးဖို့ ဆိုင်ကို ရောက်လာတာပါ။ သူ့စိတ်ကူးက ရှေ့ဆံပင်ကိုထောင်ပြီး အရောင်က ခြယ်ဆိုးမယ်ပေါ့။ ဆိုင်ရောက်လို့မေးမှပဲ မမကို ဖျပ်ခနဲသတိရကာ ဆံကိုဖွင့်၍ မမ ဖုန်းနံပါတ်ကို ခေါ်လိုက်တာသည် သူ့ စိတ်ကူးထားတဲ့ ပုံမျိုး မမကြိုက်ပါ့မလားလို့လေ။

မမကို တိုင်ပင်ဦးမှပါ။ တော်ကြာ ဘာပုံစံဖြစ်လာတယ် မသိဘူးဆိုပြီး မခေါ်တော့မှာ စိုးရိမ်နေတာလေ။ မမက မြန်မာဆန်တော့ တိုင်ပင်လိုက်တာ အကောင်းဆုံးပါပဲ။ တော်ကြာ ကိုယ့်ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်စရာ ဖြစ်နေမှာစိုးတာပါ။

"ဟယ်လို"

"မမ"

"အင်း ... ဘာပြောစရာရှိလဲ ပြောလေ"

"ကျွန်တော် အခု ဆံပင်ညှပ်မလို့"

"ဟုတ်လား ... ဘာပုံစံညှပ်မှာလဲ"

"ရှေ့က ထောင်မှာလေ"

"ဟာ ... ဘာလို့ထောင်ရမှာလဲ။ မထောင်ပါနဲ့ ... မထောင်နဲ့။ ထောင်ရင် မိုးကြိုးပစ်လိမ့်မယ် ဒါပဲ"

"ဟား ဟား ဟား ဟား"

ဆံပင်ထောင်တာနဲ့ပဲ မိုးကြိုးပစ်လိမ့်မယ်လို့ ဖျာဖျာသလဲ ပြောလိုက်တဲ့ မမစကားကြောင့် ဇင်လေး သဘောကျစွာ ရယ်လိုက်မိ တော့သည်။ ဒါကိုပဲ ဆိုင်ထဲမှာရှိတဲ့လူတွေက လှည့်ကြည့်ကြလို့ပါ။ ဒီကောင် ရူးနေတယ်လို့များ ပြောကြမလားမသိ။ စိတ်ထဲကလေ။

"ဆံပင်ထောင်တာနဲ့ မိုးကြိုးပစ်ရောလား မမရဲ့"

"မသိဘူး ... ထောင်ရဲထောင်လာကြည့်"

"ဘာလုပ်မှာလဲ"

"မီးနဲ့ရှို့ပစ်မှာ"





ဇင်လေး ရယ်မိပြန်၏။ ပြီးမှ –

"ဟုတ်ပါပြီဗျာ ... မထောင်နဲ့ဆို မထောင်ပါဘူး။ ဒါပေမဲ့ ဆေးဆိုးဦးမှာနော် မမ"

"လာပြန်ပြီတစ်မျိုး"

"မမကလည်း သကြန်နီးနေပြီဗျ။ ဒီလောက်တော့ ရှိုင်းဦးမှ ပေါ့"

"ကဲ ... ဟုတ်ပါပြီ၊ ဘာရောင်ဆိုးမှာလဲ"

"ချွတ်ဆေးရောင်လေ အဖြူပေါ့"

"ဟာ ... ကိုယ်ကမြန်မာလူမျိုးပဲဥစ္စာ။ ဘာလို့ အဖြူရောင် ဆိုးရမှာလဲ။ လုံးဝမဆိုးရင် အကောင်းဆုံးပဲ၊ ဆိုးချင်သပ့်ဆိုရင် ရွှေအို ရောင်ဆိုးပါ၊ အဖြူကြီးမဆိုးစမ်းပါနဲ့"

"အမယ်လေး ... သူ့ကိုတိုင်ပင်မှပဲ အစီအစဉ် လုံးလုံးပျက် ရတော့မယ်။ မရဘူး ဆိုးမှာပဲ"

"ဆိုးလာခဲ့လေ ... ကတုံးတုံးပစ်မှာပေါ့"

"အဲဒါဆို သက်နီးပါဝယ်ထားလိုက်။ သကြန်မှာ လျှောက် ကောဲတော့ဘူး ဘုန်းကြီးပဲ ဝတ်တော့မယ်"

ပြောပြီး ဖုန်းချလိုက်ပေမယ့် စိတ်ကူးကတော့ ပြောင်းသွားပါ ပြီ။ မမ မကြိုက်တာကို တစ်ခုရှောင်ပြီး ကိုယ်ကြိုက်တာတစ်ခုလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဆံပင်ကို မထောင်တော့ဘဲ အရောင်ကို အဖြူနဲ့ရွှေရောင် စပ်မယ်ပေါ့။ အဲဒါမှ ဆင်ခြေပေးလို့ရမှာလေ။

ဖင်လေး သူ့လိုသလိုပြောပြပြီး ဆံပင်ညှပ် ဆေးဆိုးပြီးတာနှင့် မမတို့အိမ်သို့သာ တန်းလာခဲ့လေလျှင် ပထမဦးဆုံးတွေ့ရသူက မမလေးပါ။

"မမလေး"

"ဟင်"

"တားတားလှရဲ့လား ကြည့်ပါဦး ... ဟီး"

"ဟယ်"

မိုးသဲ မျက်လုံးဝိုင်းလေးနှင့် အတန်ကြာကြည့်ပြီးမှ –

"ဒါက ဘယ်လိုဖြစ်လာတာလဲ။ ဘာပုံပေါက်လာမှန်းတောင် မသိဘူး။ အမယ်လေး မမရေ လာကြည့်ပါဦး"

"ဟာ ... မမလေး အသံကြီးနဲ့ဗျာ"

မိုးသဲအသံကြောင့် မိုးပုလဲ စာရေးနေရင်း ဘာဖြစ်တာလဲဟု ထလာခဲ့ပြီးနောက် –

"မိုးသဲ ဘာဖြစ်တာလဲ"

"ဒီမှာ မမရေ အိမ်ထဲကို ဘာကောင်ကြီးဝင်လာမှန်း မသိလို့"





"ဟာဗျာ ... မမလေး"

"ဟင်"

မိုးပုလဲ ဖင်လေးကိုမြင်ပြီး ဟင်ခနဲဖြစ်သွားကာ ပြီးမှ အနားသို့ လျှောက်သွားပြီး –

"ဒါက ဘာပုံလဲ"

"စတိုင်လ်ရှိမှ စတားဖြစ်တာလေ မမရဲ့"

"ဘာစတိုင်လ်လဲ ... လာခဲ့စမ်း"

"အား"

မိုးပုလဲ နားရွက်ကိုဆွဲခေါ်သွားလေတော့ ဖင်လေး ရှုံ့ရှုံ့မဲ့မဲ့ ကြီး ပါသွားလေသည်။ ဘယ်ကိုခေါ်သွားပြီး ဘာလုပ်မယ်မှန်း မသိသော်လည်း ဘာပဲလုပ်လုပ် နာခံဖို့အဆင်သင့်ပါ။ နောက် ကိုယ်လုံးပေါ်မှန်ရှေ့ကိုရောက်တော့မှ –

"မင်းကိုယ်မင်း သိပ်ချော သိပ်လှတယ်ထင်နေသလား။ ကြည့်လိုက်စမ်း မှန်ထဲကို။ နဂိုက ချစ်စရာကောင်းတဲ့ပုံစံ ရှိသေးလို့သာ။ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးလိုက်ဆိုသလို ကိုယ့်ပင်ကိုယ်အလှကို ကိုယ့်ဘာသာပဲ ဖျက်ပစ်တာ ရှုံ့ဖို့ကောင်းလိုက်တာ"

"မမကလည်း"

"ဘာ ... မမကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမပဲ ခုံပင်မထောင်ရဘူးဆိုလို့ ကျွန်တော် မထောင်ခဲ့ဘူးလေ။ မမစကားကို နားထောင်တာပဲဥစ္စာ။ ပြီးတော့ ကျွန်တော်ဆိုချင်တာက အဖြူရောင်လေ။ မမက ရွှေရောင်ဆိုးဆိုလို့ မမစကားလည်း နားထောင်ရာကျ ကျွန်တော့်အကြိုက်လည်း ဖြစ်အောင် နှစ်ရောင်စပ်ဆိုးထားတဲ့ဟာပဲ ဟာပဲကို။ အခုတော့ ဝမ်းနည်းတယ် ... အဟင့်ဟင့်"

သူပြောတာ ဟုတ်နေတော့ မိုးပုလဲမျက်နှာက ပြုံးစိစိဖြစ် သဘောမကျပေမယ့် လူငယ်ပဲလို့ နားလည်ပေးလိုက်ပါသည်လေ။ ရယ်စရာလည်းပြောနေသည်ဆိုတော့ မပြုံးဘဲ ဘယ်လိုလုပ်နေနိုင်မှာတဲ့လဲ။

"မမ"

"---"

"မမဆို"

မိုးပုလဲ မျက်နှာကိုပြန်တင်းထားလိုက်ပေမယ့် ရယ်တော့ရယ်ချင်နေတာပါပဲလေ။

"ခေါ်တာလည်း မထူးဘူး။ အဲလိုတော့မလုပ်ပါနဲ့ မမရဲ့ မမ မကြိုက်ဘူးဆိုလည်း မောင်လေးကို ကတုံးပဲ တုံးပေးတော့ ကတုံးနဲ့ပဲ သင်္ကြန်လည်တော့မယ်"





"တကယ်"

"ဟုတ်"

"ခုမှတော့ နေပါစေတော့။ သင်္ကြန်ပြီးရင်သာ အရောင်ပြန်ပြောင်းကြားလား"

ဒီတော့မှ ဇင်လေးမျက်နှာပြုံးသွားပြီ –

"မမ တကယ်ပြောတာနော်"

"အင်း"

"တော်ပါသေးရဲ့ ... ဒီက တကယ်ပဲ ကတုံးတုံးရပြီ မှတ်တာ"

"ငါက တုံးပစ်ချင်တာ သိလား"

နောက်ကရောက်လာပြီး ပြောလိုက်သူက မိုးသဲပါ။ မမနဲ့မှ တော်သက်ပြီးခင်ရပေမယ့် သူက အစ်မရင်းတွေလို သဘောထားတော့ ကိုယ်တွေစိတ်ထဲမှာလည်း သူ့အပေါ် မောင်လေးအရင်းလိုပဲလေ။ ဒါကြောင့်သာ ဒီလိုပြောရဲတာပေါ့။

"မမလေးကလည်း လာပြန်ပြီ။ သင်္ကြန်မှာ ရောင်းမလို့ပါဆိုမှ"

"ဪ ... အဲဒီပုံစံနဲ့မှ နင့်ကိုကြိုက်မယ်လို့ ဘယ်ကောင်မလေးက ပြောလဲ ... ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဆိုမှ မိုးပုလဲ ဖြူ့ကိုသတိရမိသွားပြီး –

"မိုးစက်မောင်"

"ဗျာ"

"ကလေးကလားနဲ့ ပီအောင်ထူးစမ်းပါ"

"ဗျာ ‥ ဗျာ"

"ဖြူ့ကရော ဒီ ဒီဇိုင်းမျိုးကို ကြိုက်မယ်လို့ထင်လား"

"သူကတော့ ကြိုက်တာပေါ့မမရဲ့။ သူ့ပုံစံကို ကြည့် သူလည်းလန်းနေတာပဲဥစ္စာ။ မမနဲ့ မမလေးသာ ဟိုမင်းတုန်း လက်ထက်က အဘွားကြီးတွေလို"

"ဘာ"

"အား"

နောက်ကနေ မိုးသဲ ထုလိုက်တာမို့ ဇင်လေး အော်တာ ပေါ့။ ခင်မင်မှုမှာ ဝတ်စားဆင်ယင်မှုနဲ့ မဆိုင်လို့မှုပဲ ခင်ခဲ့ကြပြီးပြီ မိုးပုလဲက မြန်မာဆန်ဆန်ဝတ်တာကလွဲပြီး အတွေးအခေါ်က ခေတ်မီနေသားပဲဥစ္စာ။ ချစ်သူရွေးတာကိုလည်းကြည့်၊ မြတ် မောင်က ရှပ်လက်တို လက်ရှည် တီရှပ်တွေဝတ်ပြီး ပုဆိုးကို ဝတ်တတ်သူ။

ပြီးတော့ လူကြီးဆန်တာကိုပဲ သဘောကျခဲ့တာပါ။ ဒါ





နဲ့ပတ်သက်လာရင်တော့ တစ်ခါတစ်ခါ ကလေးဆန်တတ်တာ ချွင်းချက်ပေါ့လေ။

"မမလေးက ရက်စက်တယ်ဗျာ"

"ဘာရက်စက်တာလဲ။ ဖြစ်နိုင်ရင် ခေါင်းကို အရေခွံနွှာပစ် ချင်တာသိလား။ ဟွန်း . . . ခုမှ အီကြာကွေး ထုံးသုပ်ထားတဲ့ရုပ်နဲ့ ပြောလိုက်ချင်ဘူး"

"မပြောနဲ့ ဒီကောင်ကိုက မှားတာပါ၊ အိမ်ရောက်မှ ကတုံး တုံးပစ်ဦးမယ်"

"ကဲပါ မိုးသဲရယ် ပြောမနေပါနဲ့တော့။ သူ့ခေါင်းက လှတာ ဟုတ်ဘူး။ တော်ကြာ . . . ကတုံးတုံးရင် သူ့ကောင်မလေး ထားခဲ့ နေပါဦးမယ်။ မမတို့က ဆိုင်သာဆိုင် မပိုင်တဲ့သူတွေလေ"

"ဟာ . . . မမ"

အဲဒီစကားအတွက် ဇင်လေး ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွား သေး။ မောင်နှမတွေလို့ သတ်မှတ်ထားပြီးမှတော့ ဒီစကားပြောစရာ ဘူး။

"မမစကားကလည်း သူစိမ်းဆန်လိုက်တာ။ မမတို့ မောင်လေးကို ဘာလို့မပိုင်ရမှာလဲ။ မောင်နှမတွေပဲဥစ္စာ။ မမတို့ ပြော ခွင့် ဆိုပိုင်ခွင့် ဆိုဆုံးမပိုင်ခွင့် ရှိပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖင်လေးအသံက ဝမ်းနည်းသံပေါက်နေတာမို့ မိုးပုလဲ ကိုယ်
ပြောမိတဲ့စကားအတွက် စိတ်မကောင်းဖြစ်သွားရသည်။ ဟုတ်တာပေ
ဒီစကားက သူ့အတွက်တော့ သူ့စိမ်းဆန်သလို ဖြစ်သွားမှာက အ
အချာပဲလေ။ ဒါကြောင့် –

"ဆောရီး . . . မမတောင်းပန်ပါတယ်"

❁ ❁ ❁

## အခန်း (၁၉)

ဖင်လေး ဒီနေ့တော့ ကိုကြီးအလုပ်ကို ကူရပြန်ပြီလေ။
ကြွန်နားနီးတော့ လက်ဖြန့်တောင်းရဦးမှာကိုး။ အလုပ်ကို အရင်
က နေ့စဉ်လိုလို ကူညီဖြစ်ပေမယ့် ခုတော့ ကျိုကြား ကျိုကြား
နေတာလေ။ ကိုယ်က အိမ်မှာ အငယ်ဆိုတော့ အလုပ်မလုပ်ရ
ာင်းလားလို့ ဘယ်သူကမှတော့ မဆူပါဘူး။

ဒါပေမဲ့ ကိုယ့်တက်ကတော့ သိတတ်ဦးမှပေါ့။ လိုချင်ကာမှ
က်ဖြန့်တောင်းလို့ကတော့ ပူညံပူညံ ကြားရမှာကြိမ်းသေ။ ဒါကြောင့်
နေ့ မျက်နှာလုပ်နေရတာပါ။

"ဖင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"စကားမစပ် ... မင်းကို ငါ မေးစရာရှိတယ်"

"ဘာများလဲ မေးလေ"

ဘုန်းမြတ်ထက် ညီဖြစ်သူဘက်သို့ တည့်တည့်လှည့်လိုက်ပြ

"မင်းဟာက အခု ဘယ်သူနဲ့လဲကွ။ မေမြင့်မြတ်ဖြူနဲ့လ ဟို စာရေးဆရာမနဲ့လား။ မင်းကိုငါ သတိပေးမယ်နော်။ အဲလွန် ဘီး ချေးပေတယ်တဲ့ကွ။ အခုထိ မင်းဘယ်သူ့ကို လက်တွဲမယ် မဆုံးဖြတ်ရသေးဘူးလား။ ယောကျ်ားလေးဆိုပေမယ့် ယောကျ်ားလေ လည်း ရည်းစားများလွန်းလာရင် မကောင်းဘူးနော်"

"ဟာ ... ကိုကြီးကလည်း ကျွန်တော် ရည်းစားမများပေ ပါဘူးဗျ။ ဖြူကို လက်တွဲမယ်လို့ ဆုံးဖြတ်ပြီးသား။ မမနဲ့က မောင်နှ လို ခင်တာပါဆို"

"ဟုတ်လား"

ဟုတ်လားလို့မေးပြီး ပြုံးလိုက်ပုံက လူကို မယုံသလိုပုံမျိ မယုံစရာကောင်းလောက်အောင်လည်း သူ့ အရင်က ရည်းစားများ တာမကိုး။ ခုလည်း ဒီလိုပဲ ထင်နေဦးမှာပေါ့။ ခြိုခုနှစ်ရှိတဲ့ ခုနှမှာပဲလို့ ထင်မှာပေါ့။

"တကယ်ပြောတာ မယုံမရှိနဲ့"



"မယုံတော့လည်း ပုံပြင်လို့ပဲ မှတ်ရတော့မှာပေါ့"

"ကျွန်တော် တကယ်ပြောတာ ကိုကြီးရေ။ ကျွန်တော် ဖြူကို လက်ထပ်မှာ။ မမနဲ့က တကယ့်ကို ဖြူဖြူစင်စင် ရိုးရိုးသားသား။ ကျွန်တော် သစ္စာဆိုရဲတယ်"

"အေးပါကွာ ... မင်းစိတ်တည်မြဲပါစေလို့ ငါဆုတောင်းပါတယ်။ တော်ကြာမှတော့ ကိုကြီးရေ ဘယ်သူကတော့ ဘာဖြစ်လို့၊ ဘယ်သူကတော့ အနေနီးလို့ဆိုတာတွေ မဖြစ်စေနဲ့ပေါ့"

"စိတ်ချ ... ကျွန်တော် ခေါင်းတစ်လုံးနဲ့ အာမခံရဲတယ်"

ဖင်လေး သူများက ကိုယ့်စိတ်ကို မယုံပေမယ့် ကိုယ်ကတော့ ကိုယ့်စိတ်ကိုယ် ယုံကြည်စွာနှင့် အာမခံလိုက်တာဖြစ်၏။ ချစ်တာချင်းမှ မတူပဲလေ။ ၅၂၈ နဲ့ ၁၅၀၀ အေးချမ်းမှုမတူတဲ့ မေတ္တာနှစ်ခုက ကိုယ့်ရင်ထဲမှာ သီးခြားစီပါ။

"ဖုန်းလာနေတယ်"

ချထားတဲ့ဖုန်းကို ကိုကြီးက အရင်ဦးအောင်ကောက်ကိုင်ပြီး ဖစ်ကလည်းပြော ပေါ်လာတဲ့ဖုန်းနံပါတ်ကိုလည်း ကြည့်လေလျှင်

"ပေး"

ဖင်လေး မြန်မြန်ဆန်ဆန်ပဲ လှမ်းယူလိုက်၏။ ကိုကြီး ဖုန်းနံပါတ်မှတ်ပြီး နောက်ရင် ဘယ်လိုလုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟုတ် ... မမလေး"

"___"

"ဗျာ"

"____"

"ဘာဖြစ်တာလဲ ဖျားတာလား။ အိပ်ရေးတွေအရမ်းပျက်
ထင်တယ်"

"_____"

"ဟုတ်လား"

"____"

"ဟုတ်ကဲ့ ... ကျွန်တော် အခုပဲလာခဲ့မယ် မမလေး"

"____"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဖင်လေး ဖုန်းချပြီး ကိုကြီးကိုကြည့်လိုက်လေလျှင် –

"အရေးထဲ အရာပေါ်လာပြီမဟုတ်လား။ ကြည့်မနေ
သွားဖို့ကတိပေးပြီးရင်သွားပေါ့"

"ဆောရီး ကိုကြီး ... မမ တော်တော်နေမကောင်းလို့
ကျွန်တော် အချိန်မီရင် ပြန်လာခဲ့ပါ့မယ်"





"လုပ်မနေနဲ့ ဟောကောင် ... သွားစရာရှိတာသာ သွား"

နောက်ထပ်စကားအပိုတွေ မပြောချင်တော့တာမို့ ဖင်လေး
အားသော့ကိုယူပြီး ထွက်လာခဲ့တော့သည်။ မမ ဗိုက်အောင့်လို့တဲ့။
ဆုရားသိကြားမလို့ ဘာမှမဖြစ်ပါစေနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အာ ... အမယ်လေး"

"သမီး"

"မမ"

"သေပါပြီ"

ဦးမိုးလွင်နဲ့ မိုးသဲ၊ မိုးပုလဲမျက်ရည်တွေကျလာတဲ့အထိ ဒ[illegible] နေရတာကိုကြည့်ပြီး မကြည့်ရက်စွာ ဘာလုပ်လို့ ဘာကိုင်ရမှန်း[illegible] ပေ။ မိုးပုလဲလက်ကိုသာ ဆုပ်ကိုင်ထားပြီး ဆေးခန်းပဲသွားရမလို[illegible] ဆေးရုံပဲသွားရမလိုလို။ မိုးပုလဲကိုပြောတော့ မလိုက်ဘူး မသွား[illegible] ပြောနေတာလေ။





ဒါကြောင့် ဒေါ်တာကိုပဲထိုင်ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာပါ။

"အား"

"မဖြစ်ဘူး ... ဖေဖေတို့ ဆေးခန်းဖြစ်ဖြစ်သွားပြမှ ဖြစ်မယ် သမီး။ တော်ကြာ အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်ရသလိုမျိုး ဖြစ်နေမယ်"

"ဟုတ်တယ် ဖေဖေ ... သမီးလည်း အဲဒါပြောမလို့ပဲ"

"ကဲ ... ဒါဆို သမီး ကားသွားထုတ်။ သမီးကြီးကို ဖေဖေ ခေါ်လာခဲ့မယ်"

"ဟုတ်ကဲ့ ဖေဖေ"

မိုးသဲ လှည့်ထွက်မလို့ လုပ်စဉ်မှာပဲ –

"မမ"

"ဟယ် ... မိုးစက်မောင်လာပြီ"

"မမ ဘာဖြစ်တာလဲ"

"အရမ်းအောင့်နေတာ။ အဲဒါကြောင့် ခုပဲ ဆေးခန်းသွားမလို့"

"ဟုတ်လား ... တော်တော်အောင့်နေတာလား"

"တော်တော်အောင့်နေတာ။ သူ မပြောနဲ့ တို့ကြည့်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မသက်သာဘူး"

"ဟာ ... ဆေးခန်းသွားရုံနဲ့မဖြစ်ဘူးလေ။ တော်ကြာ အူအတက်ပေါက်တာတွေ ဘာတွေ ဖြစ်နေမယ်။ ဆေးရုံသွားမှ ဖြစ် ပေ့ါ"

"အေး မင်းပဲ တော်သလိုကြည့်ပြီး စီစဉ်ပါတော့ မိုးစက် မောင်ရာ။ ဦးတို့တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုမသိတော့တာ"

"မမလေး ကားထုတ် ... မမကို ကျွန်တော် ပွေ့ခေါ်လာခဲ့ မယ်"

"အေး ... အေး"

မိုးသဲ ပျာပျာသလဲ ထွက်သွားပြီးတဲ့နောက်မှာ မိုးစက်မောင် က မိုးပုလဲကို ပွေ့ချီကာ ခေါ်လာခဲ့သည်တွင် –

"မိုး"

"———"

"ဟင်"

မိုးသဲဖုန်းဆက်လို့ ကြားကြားချင်း ပြေးလာခဲ့ရတဲ့ မြတ်သော မောင် မိုးကိုယ်လေးကို ပွေ့ချီပြီးထွက်လာတာ မိုးစက်မောင်ဖြစ်နေ တော့ ရင်ဘတ်ထဲမှာ အောင့်တက်သွားသည်။ ကိုယ် ဘယ်လောက်ပဲ ဝီရိယကောင်းကောင်း နောက်ကျသွားပြီလေ။ အဲဒီအတွက် စိတ်





ကောင်းဖြစ်ကာ ကြောင်ကြည့်နေစဉ်မှာပဲ –

"အစ်ကို ... လာလေဗျာ၊ ဆေးရုံသွားရအောင်"

"ဩော် ... အေး အေးပါ"

မိုးစက်မောင်ပြောမှပဲ ကားတံခါးကို ဖွင့်ကာ တက်မိတော့

"အစ်ကို နောက်ခန်းကိုတက်၊ ကျွန်တော် ကားမောင်းမယ်။ အစ်ကို စိတ်လှုပ်ရှားနေတာ ကျွန်တော် သိတယ်။ ကားမောင်းလို့ မဖြစ်ဘူး"

မြတ်သောမောင် ရှေ့ခန်းကနေ ပြန်ဆင်းပြီး နောက်ခန်းကို ပြောင်းထိုင်လိုက်တော့ မိုးစက်မောင်က မိုးကိုယ်လေးကို သူ့ရင်ခွင်ထဲ သို့ထည့်ပေးလေသည်။ ဒီလိုတော့လည်း အလိုက်သိသွားပဲလို့ တွေး နေစဉ်မှာပဲ ကားကလေးက သိမ့်ခနဲ ထွက်သွားလေတော့သည်။ နာကျင်ခံစားနေရတဲ့ မိုးမှာတော့ –

ဗိုက်ထဲကအောင့်တဲ့ဝေဒနာကြောင့် မောင့်လက်ကို တင်း တင်းဆုပ်ကိုင်ထားမိ၏။ ချစ်သူ့လက်က သူ့အတွက် ခွန်အားတစ်ခုပဲ လေ။

"အား"

"မိုး"

"အား ... ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုး ... အရမ်းအောင့်နေလားဟင်၊ နေသာရဲ့လား"

မိုးက ဘာမှပြန်မဖြေတော့ မြတ်သောမောင် ကားမောင်းနေ တဲ့ မိုးစက်မောင်ကိုပဲ လှည့်ပင်းရှည်ကာ ကြည့်မိ၏။ ကားမောင်းတာ နှေးနေသလားလို့လေ။

"မိုး"

"ရတယ် ... မိုး နေသာပါတယ်"

စိုးရိမ်လွန်နေမှာစိုးလို့ ပြန်ဖြေလိုက်တဲ့လေသံက ခပ်ပျော့ပျော့ ရယ်ပါ။

ဆေးရုံရောက်တော့ မိုးစက်မောင်ထင်တဲ့အတိုင်းပဲလေ။ အူ အတက်ပေါက်တာတဲ့။ ခွဲစိပ်ခန်းထဲဝင်တော့ အပြင်ကလူတွေမှာ ဇ မထိုင်နိုင်။ အားလုံးပို့သတဲ့မေတ္တာကြောင့် မိုး အဆင်ပြေမှာပါလေ ခွဲစိပ်ပြီးသွားတော့ ဆေးရုံကမဆင်းမချင်း မြတ်သောမောင်နှင့် မိုးစ မောင်ရဲ့ ဂရုစိုက်မှုတွေကြားမှာ မိုး စိတ်ချမ်းသာရသည်လေ။

မိုးသဲကတော့ မမကိုကြည့်ပြီး အားကျလိုက်တာ။ မမလ လူချစ်လူခင်ပေါများသည်လေ။ မိုးသဲကျတော့ အိမ်မှုကိစ္စတွေ တာ ယူထားရတော့ အပြင်လည်း သိပ်မထွက်ဖြစ်၊ အပေါင်းအသင်းလည် များများမရှိဘူးလေ။ ဒါကြောင့် မိုးစက်မောင်ကို မောင်လေးအရင်း ခင်တွယ်နေမိတာပါ။





မိုး ဆေးရုံကဆင်းပြီးနောက် မိုးစက်မောင်နှင့် မေမြင့်မြတ်ဖြူ ပြဿနာဖြစ်ကြပြန်သည်မှာ -

"ဘာ ... မမ ဆေးရုံတက်နေလို့ ဖြူနဲ့လာမတွေ့ဖြစ်တာပါ ဟုတ်လားကိုကို"

"ဟုတ်တယ်လေ ... ဘာဖြစ်လဲ"

"ဒါဆို ... ဖြူရှင်းရှင်းပဲမေးမယ်"

"မေး"

"ကိုကို့ဘဝမှာ ဖြူနဲ့မမ ဘယ်သူကပိုအရေးကြီးလဲ ကိုကို။ အဲဒါကို ကိုကို မှန်မှန်ဖြေ"

"နှစ်ယောက်စလုံး အရေးကြီးတယ်"

"ဘာ"

ဘာဆိုပြီးကြည့်လိုက်တဲ့ ဖြူမျက်ဝန်းထဲမှာ ဒေါသအခိုးအငွေ့ တွေ။ ဟုတ်တယ်လေ ခင်မင်မှုဆိုတာ အချစ်ထက် အရေးကြီးသလား။ သာမန်ဖြူစင်မှုကို ချစ်သူထက် အလေးထားတာ ဒီတစ်ခါပဲ တွေ့ဖူး သေးတယ်။ ဒါကိုပဲ ဖြူ လက်မခံနိုင်။ လေးစားပါတယ်ဆိုပြီး ဦးညွတ် စရာ မလိုတဲ့ကိစ္စမှာ ဖြူ ဒီထက်ပိုပြီး အလျှော့မပေးနိုင်တော့ပါဘူး။

မသေချာမရေရာတော့ဘူးဆိုရင် အချိန်ကုန်ခံပြီး ဘာလို့ မျှော်လင့်နေရဦးမှာလဲ။ ကိုယ့်ဘာသာ သေချာတဲ့တစ်ယောက်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နေတော့မှာပေါ့။

"မမနဲ့ပတ်သက်ပြီး မင်း ဘာလို့ ငါ့ကို ခဏခဏ မြှသည်ရှာနေတာလဲ ဖြူ။ မင်းကို ငါပြောထားပြီးသားပါ။ ချစ်သူဆိုတာ အစားထိုးလို့ရတယ် မိတ်ဆွေကောင်းဆိုတာ အစားထိုးလို့မရဘူးကွ။ မင်းကို ငါ လက်ထပ်ပါ့မယ်လို့ ကတိအထပ်ထပ်ပေးထားတဲ့ကြားက မင်း ဘာလို့ ဖွဖောက်နေတာလဲ။ မင်းသိထားဖို့က ဘုန်းမြတ်သော်ဇင်ဆိုတဲ့ကောင်အတွက် ချစ်သူမရှားဘူးနော်။ မိတ်ဆွေကောင်းပဲ လိုအပ်နေတာ။ အဲဒါကိုနားလည်မပေးနိုင်ဘူးဆိုရင် မင်းကြိုက်သလို ဆုံးဖြတ်"

"ဟင်"

သူက အဲဒီလို ပြတ်သားနိုင်တယ်တဲ့လား။ ဒါ အဖြေပဲလေ။ သူ ဟိုမိန်းမအပေါ် မရိုးသားလို့ ဒီလို ဖြူ့အပေါ် ပြတ်သားနိုင်တာရှိမှာ။ လူတိုင်း လူတိုင်း ချစ်သူနဲ့ပတ်သက်လာရင် အရာရာကို စွန့်လွှတ်နိုင်ကြတယ်တဲ့။ သူကျမှ ကိုယ့်ကိုစွန့်လွှတ်ချင်နေတာ။ ဖြူ့မှာလည်း မာနရှင့်မို့။

"ဒါဆို ကိုကိုက ဘယ်လိုဖြစ်စေချင်လဲ"

"မင်းသဘောပဲ"

"ကောင်းပြီ ... ကိုကိုနဲ့ ဖြူ လမ်းခွဲကြတာပေါ့။ ရှေ့ဆက်လို့မရတော့တာ နောက်ဆုတ်ကြရုံပဲလေ"





"ငါကလည်း ဝမ်းမနည်းဘူး"

"သိနေတယ်လေ"

ပြောပြီးမှ ဖင်လေးရင်ထဲ ရှုံခနဲဖြစ်သွားလေသည်။ တကယ်ချစ်တယ်ဆိုတာကို မယုံတော့ ဘယ်လိုသက်သေပြရမလဲ။ နောင်သံသယနဲ့ချစ်နေမယ့်အစား အခုကတည်းက မုန်းလိုက်ကြတာကောင်းပါတယ်လေ။

"မင်းက ငါ့ကို နားလည်မပေးနိုင်မှတော့"

"ဒီထက်ပိုပြီး နားလည်မပေးနိုင်တော့လို့ပါ"

ပြောပြီး ချာခနဲလှည့်ထွက်သွားတဲ့ ကျောပြင်ကို မကြည့်ချင်စွာ မျက်နှာကို ဆတ်ခနဲလွှဲပြီးနောက် သူကမှ မတွယ်ငင်ရင် ကိုယ်က ခင်တွယ်ရုံပဲပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မိုး စာရေးနေစဉ် ဖုန်းလေးက မြည်လာသဖြင့် ကောက်ကိုင်ပြီး နားမှာကပ်လိုက်ကာ –

"ဟယ်လို ... အမိန့်ရှိပါရှင်"

"အခုပြောနေတာ ဆရာမ မိုးစက်ပွင့်လားရှင်"

"ဟုတ်ပါတယ် ... အခုပြောနေတာ ဘယ်သူပါလဲ"

"အဟွန်း ... ဘုန်းမြတ်သော်ဇင်ရဲ့ချစ်သူ မေမြင့်မြတ်ဖြူမမ"

"ဩော် ... ဖြူလား"

"ဟုတ်တယ် မမ"





ဖြူ ဖုန်းဆက်တာဆိုတော့ မိုးစက်မောင် ဘာများဖြစ်သလဲလို့ စိုးရိမ်စိတ်က ဖြစ်မိသွားသည်။ ကိုယ် နေမကောင်းတုန်းကတောင် မိုးသဲက မိုးစက်မောင်ဆီကို ဖုန်းဆက်သေးတာပဲလေ။

"ဖြူ မမကို ပြောစရာရှိလို့လား။ မိုးစက်မောင် ဘာဖြစ်လို့လဲ"

မိုးစက်မောင်တဲ့။ မိုးစက်ရဲ့မောင်လို့လည်း အဓိပ္ပာယ်ကောက်လို့ရတာပဲလေ။ ဒါကြောင့် အဲဒီနာမည်ကို ခေါ်လိုက်ခြင်းသည် ဖြူအတွက် နားထဲကို သံရေပူလောင်းထည့်သလိုပါပဲ။

"ဖြစ်တော့ဖြစ်နေတာပဲ။ ဒါပေမဲ့ ... ကိုကိုဖြစ်တာတော့ မဟုတ်ဘူး ဖြူဖြစ်နေတာပါ"

"ဟင်"

"အခု ကိုကိုက ဖြူ့ကိုဖြတ်လိုက်ပြီလေ။ မမကြောင့် ပြဿနာဖြစ်ကြတာပေါ့။ မမ ကျေနပ်တယ် မဟုတ်လား။ ဒီပွဲမှာ မမက နိုင်တဲ့သူ ဖြူက အရှုံးသမားလေ။ ပြောတော့လည်း ဖြူဖြူစင်စင် မောင်နှမ သံယောဇဉ်နဲ့ ချစ်ကြတာပါတဲ့။ ချစ်သူကိုတော့ ဥပေက္ခာပြုပြီး မမအနားမှာပဲ အချိန်ပြည့်ရှိနေတတ်တာ ဖြူစင်တာလား။ ပုခက်ထဲက ကလေးကို ပြောပြတောင် သိတယ်။ ကိုယ့်ကို မခင်တွယ်တော့ဘူး ဆိုမှတော့ ကိုယ်ကလည်း တွယ်ငင်စရာအကြောင်း မရှိတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဖြူ . . . မဟုတ်ဘူး"

ကိုယ်ထင်တာကတစ်မျိုး ဖြစ်လာတာက တစ်မျိုးမို့ မိုး ဘယ်ကနေဘယ်လိုစပြီး ဖြေရှင်းရမှန်းကိုမသိတော့ပေ။ ကိုယ့်ကြောင့်ဖြူ ပုဒ်မတပ်တာခံရတာကြောင့် ရင်ထဲမှာ ဘယ်ကောင်းနိုင်ပါတော့မလဲ။ ကိုယ်တွေ ဖြူစင်ရိုးသားကြတာကို ကိုယ်တွေက အသိဆုံးပဲလေ။

"မမတို့က တကယ်ရိုးရိုးသားသားပါ ဖြူရယ်။ မမ ဒီထက် ပိုပြီး မဖြေရှင်းတတ်ပေမယ့် မမ သစ္စာဆိုရဲပါတယ်။ ဖြူတို့ကို လှမ်း ကြစေဆိုတဲ့ ဆန္ဒလည်း မမမှာ မရှိပါဘူးကွယ်"

"ဒါဆို သက်သေပြလေ"

သက်သေပြတဲ့။ မိုး ဘယ်လိုသက်သေပြရမလဲ။ သေပြရမှာလား။ ဒါမှမဟုတ် အဝေးကို ထွက်သွားပေးရမလား။ မိုးစက်မောင်တို့ကို မခေါ်နဲ့ မလာပါနဲ့လို့ ပြောရမလား။

"ဘယ်လိုလဲ မမ . . . မမ ပြန်မဖြေနိုင်တော့ဘူးမို့လား"

မိုး နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းလေးမော့လိုက်မိကာ

"ကောင်းပြီလေ . . . မမ ဘာလုပ်ပေးရမလဲသာ ပြောပါ"

"မမ တကယ်ပြောတာလား"

"မမ မညာတတ်ပါဘူး"

"သေချာတယ်နော်"





"စိတ်ချပါ။ မမ ကတိတစ်လုံးကို လွယ်လွယ်မပေးတတ်ပါဘူး။ ပေးမိတဲ့ကတိကိုလည်း တန်ဖိုးထားတယ်။ ညီမလေး စိတ်ချပါ။ နဲ့ မိုးစက်မောင် လုံးဝ မပတ်သက်တော့ပါဘူး"

"ပြီးတာပဲလေ . . . အဲဒီကတိအတွက် ကျေးဇူးတင်ပါတယ်"

ပြောပြီး ဖုန်းချသွားလေတော့ မိုးပုလဲရင်ထဲမှာ ဆို့နစ်ကြေကွဲသွားရ၏။ သံယောဇဉ်ဆိုတာ တကယ်တော့ အပ်ချည်မျှင်မဟုတ်တဲ့အတွက် တစ်ရ[illegible]ည်း ထောက်ခနဲ ဘယ်ဖြတ်လို့ရမှာလဲလေ။ ဒါပေမဲ့ မိုး ကိုယ့်ရင်ဘတ်ကို ဆုံးမပြီး ရအောင်ဖြတ်မှာပါ။

"မမ"

"———"

"မမ"

"ဟင်"

"မိုးစက်မောင်ရောက်နေတယ် မမ၊ ဧည့်ခန်းထဲမှာ စောင့်နေတယ်"

မိုး ရင်နာနာနှင့် ရက်စက်ပြဖို့အတွက် မျက်ရည်က ဝေ့ခနဲ တက်လာလေတော့၏။ ဒါပေမဲ့ အခု ငိုလို့တော့မဖြစ်သေးပါဘူးဟု စိတ်ကိုတင်းရင်း –

"သူ့ကိုငါ မတွေ့ချင်ဘူး မိုးသဲ။ သူနဲ့တို့ ဘာမှ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်း မရှိဘူး။ ပြန်လွှတ်လိုက်ပါ"

"ဟာ . . . မမကလည်း ဘလိုင်းကြီး ဘာဖြစ်လို့လဲ"

"ငါ့ကိုပြန်မမေးနဲ့ ငါပြောခိုင်းသလိုပဲပြော။ သူနဲ့ မပတ်သ[က်]
ချင်တော့လို့ နောက် ဒီအိမ်ကိုမလာပါနဲ့လို့ သွား"

"မမ"

"သွားနော်"

မမ ဒေါသတကြီးနဲ့ အော်လွှတ်တာမို့ မိုးသဲ ပြန်ထွက်လာ[ခဲ့]
တော့၏။ ဘာဖြစ်တာပါလိမ့်။ မမ မျက်ဝန်းမှာ မျက်ရည်တွေလည်[း]
ဝေ့နေသည်လေ။ ဒါ အကြောင်းမဲ့မှမဖြစ်နိုင်တာ။ မိုးစက်မောင်[ကို]
ဘယ်လိုပြောရမှာလဲ။ သူမ ပြန်ထွက်လာတာမြင်တော့ မိုးစက်မောင်[က]
ထရပ်ကာ –

"မမ လာပြီလား"

"ဟင့်အင်း"

"စာရေးနေတာထင်တယ်"

"မိုးစက်မောင်"

မိုးစက်မောင် သွားမယ်လုပ်တော့ မိုးသဲက ရှေ့မှာပိတ်ရပ်က[ာ]

"မမ ငိုနေတယ်"

"ဟင်"





"မမလေးကိုတောင် ဒေါသတကြီးနဲ့ အော်ထုတ်တာ ထွက်
သွားတဲ့။ ပြီးတော့လည်း မိုးစက်မောင်ကို မတွေ့ချင်ဘူး။ ပတ်လည်း
ပတ်သက်ချင်ဘူး။ နောက် ဒီအိမ်ကို ဘယ်တော့မှ မလာပါနဲ့တဲ့"

"ဗျာ"

"နင်တို့ ဘာတွေဖြစ်ထားကြလဲ။ ငါ့ကိုပြောစမ်းပါဦး"

"ဟင့်အင်း"

ခေါင်းခါပြီး မိုးစက်မောင် တွေခနဲဖြစ်သွားလေသည်။ မမကို
ဘယ်သူက ဘာပြောလိုက်လို့ပါလိမ့်။ ဖြူ ဖြူများလား။ ဟုတ်တယ်
မကိုပဲ ပြဿနာရှာနေတာ။ အခု သူက ဖြူ့ကိုလမ်းခွဲဖို့ ပြောလိုက်ပြီ
ဆိုတော့ မဟုတ်မှလွဲရော –

"မမလေး"

"ဟင်"

"ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား"

"ဘာလဲ . . . ဘာကူညီရမှာလဲ"

"မမဖုန်းကို ခဏလောက်ယူပေးပါလား"

"ဘာလုပ်ဖို့လဲ"

"ကိစ္စရှိလို့ပါ"

"မယူရဲပါဘူးဟယ် . . . တော်ကြာ"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးပါ လိုက်ခဲ့၊ ကျွန်တော် သွားယူမယ်"

ပြောပြီး သူက အရင်ထွက်သွားတော့ မိုးသဲ လိုက်ခဲ့ရတော့သည်သာ။ မိုးပုလဲ အခန်းရှေ့ကိုရောက် မိုးစက်မောင်က မိုးသဲကိုရပ်စောင့်နေလေလျှင် –

"ငါတော့ မယူရဲဘူးနော်"

"နောက်သာ လိုက်ခဲ့စမ်းပါ"

"ဒါဆို သွား"

မိုးသဲပါနေသည်ဆိုတော့ မိုးပုလဲအခန်းထဲကို ဝင်ဖို့ မိုးစက်မောင် စိတ်မလုံစရာမရှိတော့ဘူးလေ။ ဒါကြောင့် အခန်းထဲကို ဝင်သွားတော့ မိုးပုလဲက အိပ်ရာပေါ်မှာ တသိမ့်သိမ့် ငိုရှိုက်နေသည်မို့ မိုးစက်မောင် ဖုန်းယူတာကို မသိလိုက်ပေ။ မိုးစက်မောင်က ဖုန်းထဲမှာ ဝင်ထားတဲ့ call ကို ကြည့်လိုက်တော့ –

"တောက် ... ထင်တဲ့အတိုင်းပဲ"

"ဘာလဲ မိုးစက်မောင်"

"ဖြူ ဖုန်းဆက်ထားတာ"

"ဟင်"

"တွေ့မယ်"

အသံကြားလို့ ခေါင်းထောင်ကြည့်လိုက်တော့ မိုးစက်မောင်





နှင့် မိုးသဲပါ။ မိုးစက်မောင်က လှည့်ထွက်မယ်လုပ်တော့ –

"မင်းမသွားရဘူး မိုးစက်မောင်"

မိုးပုလဲ အိပ်ရာက ကျုံးထပြီး မိုးစက်မောင်ကို တားလိုက်တာမြန်၏။ နဂိုကမှ ကိုယ့်ကို ဖြူက အစာမကြေဖြစ်နေရတဲ့အထဲ သူသွားရင် ပိုဆိုးမှာပေါ့။

ကိုယ့်ကို သတ်ပစ်ချင်စိတ်တောင် ပေါက်မှာပါ။ ချစ်သူနှစ်ဦးကြားမှာ ကိုယ်က အနှောင့်အယှက်မဖြစ်ချင်ပါဘူး။

ဒါကြောင့် –

"မင်း ဖြူကို သွားပြောလည်း မင်းတို့နှစ်ယောက် ရင်နာစရာတွေနဲ့ပဲ ကြုံရလိမ့်မယ်။ ငါက မင်းနဲ့ ပတ်သက်မှာမဟုတ်တော့ဘူး"

"မမ"

"မင်း သူ့ကို လုံးဝဖြတ်လို့မရဘူး မိုးစက်မောင်။ သူ့ကိုမင်း ပြန်ပြီး တောင်းပန်ရမယ် ဒါပဲ"

"အဲဒါက ကျွန်တော့်ကိစ္စပါ"

"မသိဘူး သွား။ မင်းထွက်သွား ထွက်သွား။ ငါ့အိမ်ကိုဘယ်တော့မှမလာနဲ့။ ငါ့ကိုလည်းမခေါ်နဲ့"

"မမ"

"ထွက်သွား ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



မိုးပုလဲတစ်ယောက် မိုးစက်မောင်ကို အတင်းတွန်းထုတ်ပြီး တံခါးပိတ်ပစ်လိုက်လေလျှင် –

“မမ မမ . . . အဲလိုမလုပ်ပါနဲ့”

“––––”

“ဒုန်း ဒုန်း”

“–––”

“မမ အဲလိုမလုပ်နဲ့နော်။ မမကို ကျွန်တော် မခေါ်ဘဲ မနေနိုင်ဘူး။ ချစ်သူဆိုတာ အစားရှာလို့ရတယ် မမရဲ့။ မောင်နှမဆိုတာ အစားထိုးလို့မရဘူး။ မမ”

“မသိဘူး . . . မသိဘူး။ နင့်အသံကို ငါမကြားချင်ဘူး . . . သွား”

“မိုးစက်မောင်”

မိုးသဲ ခေါင်းခါပြီး မိုးစက်မောင်ကို တောင်းပန်သလို ကြည့်လေ၏။ မမ ဒေါသဖြစ် ဝမ်းနည်းနေတဲ့အချိန်မှာ ဘာမှ ပြောပြရမှာမှ မဟုတ်ဘဲလေ။

မမက သည်းခံတတ်သူဖြစ်ပြီး ခံစားစရာရှိရင် ကျိတ်ခံစားတတ်သူ။ ဒါကြောင့် သူမှား စိတ်အနှောင့်အယှက်ဖြစ်မှာကို အရမ်းစိုးရိမ်တတ်သူမို့ –





မိုးသဲကလည်း မမကိုပြန်ပြီး နားလည်ပေးခြင်းနဲ့ စိုးရိမ်နေရသည်ပါ။

ပြီးတော့ မမက သံယောဇဉ်ကြီးတတ်သူ၊ အစွဲအလမ်းကြီးတတ်သူပီပီ မိုးစက်မောင်နဲ့ပတ်သက်ပြီး တော်တော်ခံစားနေရရှာမှာပေါ့။

“ကွာ . . . ကျွတ်”

“စိတ်ကိုလျှော့ပါ မိုးစက်မောင်ရယ်။ အခုချိန်က သွေးပူနေတဲ့အချိန်လေ။ ဒီကိစ္စကို သွေးအေးတဲ့အချိန်ကျမှ ဖြေရှင်းကြတာ အကောင်းဆုံးပါပဲ”

သံယောဇဉ်ဆိုတဲ့ သံယောဇဉ်ကြောင့် မိုးစက်မောင်လည်း မျက်ရည်တွေ ဝေ့တက်လာတာကို ဘယ်လိုမှ တားဆီးနိုင်။ ၁၅၀၀ သော အချစ်ဆိုတာ သစ်ရွက်တွေလိုပါပဲ။ အရွက်ဟောင်းလို့ ကြွေရင် ရွက်သစ်ဝေသလို တစ်ယောက်မကောင်းရင် တစ်ယောက်ပြောင်းလို့ရပြီး ၅၂၈ မေတ္တာအနှစ်ကတော့ တက်တူးထိုးသလို စွဲထင်ကျန်ရစ်နေတာ ဖျက်မရတာမျိုးလေ။

မြူ့ကိုတောင်းပန်ရမယ်တဲ့။ မမကိုမှ သံယောဇဉ်မပြတ်တာ။ ရင်ထဲမှာခံစားရတာ ဒီလိုတစ်ခါမှ မကြုံဖူးတော့ ရူးချင်စိတ်တောင် ပေါက်မိတာတကယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ပြန်တော့နော်"

မိုးသဲက ချော့မော့ပြီး ပြန်လွှတ်လို့ ခေါင်းညိတ်ပြီးပြန်လာ၊ သည့်တိုင် ရင်ထဲမှာ ပူလောင်ရှုညှိုးလျက်ပါလေ။ မမရင်ထဲမှာလည်း ဒီလိုပဲ ရှိနေမှာပါ။

✿ ✿ ✿



## အခန်း (၂၂)

"မင်း ... အဲလိုသွားသောင်းကျန်းလို့မရဘူး ဇင်လေး။ ခင်ဘာက်က တင်းလေ ဖြူက မိုးစက်ပွင့်ကို မုန်းလေပဲ ဖြစ်မှာပေါ့။ မုန်းတယ်ဆိုမှတော့ သူ မှားမှားမှန်မှန် ဝန်ချတောင်းပန်နေမှာမှ မဟုတ်တာ။ အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့။ ဖြူက မိုးစက်ပွင့်ကို တစ်ခုခု လုပ်ဘူးလို့ ပြောလို့ရမလား"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဟ ... ဘာလုပ်ရမှာလဲ။ မင်းလည်း ဖြူ့ကို တကယ်ချစ်လို့ လက်တွဲဖို့ ရည်ရွယ်ထားတာမဟုတ်ဘူးလား"

ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူက ကိုယ့်စိတ်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



နားလည်မပေးနိုင်ပဲလေ။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပြီး နားလည်မှုတွေနဲ့ ပန္နက်ရိုက်မှ ဒီအချစ်ကမ္ဘာလေးက တည်တံ့ခိုင်မြဲ မဟုတ်ဘူးလား။

ခုတော့ ထစ်ခနဲဆို သဝန်တိုဖို့ မမကိုပဲ ပြဿနာရှာနေတာ တစ်ဖက်ကလည်း ခံရပေါင်းများလာရင် ကျောက်စိုင်ကျောက်သား မဟုတ်တာ။ သူ့ဘက်ကိုယ့်ဘက် ချစ်သူတွေ ရှိနေကြတာတော့ သံသယမကင်းနိုင်တာ။ အဲဒီ သံသယဆူးကို ဘယ်လိုနုတ်ရမလဲ။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဖြူ့ကို ကျွန်တော် တကယ်ချစ် တာပါ။ ဒါပေမဲ့"

"ဒါပေမဲ့နဲ့ ညီ၊ မင်း မင်းမမကို စိတ်ချမ်းသာစေချင်တယ် ဆိုရင် ဖြူ့ကိုတောင်းပန်လိုက်ပါ"

"ဗျာ"

"ငါ ပြောသလိုလုပ်၊ တစ်နေ့တော့ သူနားလည်သွား ပါ"

"ကျွန်တော်"

"မင်း အဲလိုမှမလုပ်ရင် မင်းနဲ့မိုးစက်ပွင့်ရဲ့ ပတ်သက်မှု သူထင်သလို သက်ရောက်သွားလိမ့်မယ် ညီ"

"ကျွတ်"





ဖင်လေး သက်ပြင်းချလိုက်မိ၏။ သူ့ရင်ထဲမှာ လေးနေသည်။ အမြဲတမ်း ပျော်ပျော်ပဲနေတတ်တဲ့ကောင်။ အခု စိတ်ညစ်ပြီဆိုတော့ ခံနိုင်ရည်မရှိစွာ ကျူမ်းပဲထိုးချင်သလိုလို၊ သီချင်းတွေပဲ အော်ဆိုချင်သလိုလိုနဲ့ ဝိုလည်မိုချင်နေမိ၏။ လူမြင်မကောင်းမှာစိုးလို့ စိတ်ထင်တိုင်း လုပ်ခွင့်မရတာလည်း ဒုက္ခတစ်မျိုးပေါ့။

မမရယ် ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို မမ သံယောဇဉ်မဖြတ်လိုက်ပါနဲ့။ ကျွန်တော့်ကိုမခေါ်ဘဲတော့ မနေပါနဲ့ မမရယ်။ ကျွန်တော် မခံစားနိုင်လွန်းလို့ပါ။

"ကဲပါ . . . အချိန်ရှိခိုက် လုံ့လစိုက်တဲ့။ ကိုကြီးပြောသလို သာ လုပ်စမ်းပါ။ မင်းအဆင်ပြေသွားလိမ့်မယ်"

"ကျွတ် . . . ကိုယ်မမှားဘဲနဲ့ တောင်းပန်ရမှာလောက် အောက်တာမရှိတော့ဘူး"

"တကယ်ချစ်ရင် အဲလိုမတွက်ကပ်နဲ့လေကွာ။ ပြီးမှ . . . ဖြူ နားဝင်အောင် မင်း သိမ်းသွင်းယူပေါ့။ သဝန်တိုတာ ချစ်လို့ကွ ဝို့ညီရ"

"ကောင်းပြီလေ . . . ကိုကြီးစကားကို ကျွန်တော် နားထောင် ပါ့မယ်"

"အဲဒါဆို . . . ခုပဲ ဖြူ့ဆီကို သွားလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဖင်လေး ထရပ်လိုက်တော့ –

"မိုးက အိတီတီနဲ့ အုံ့နေတာ ထီးယူသွားဦး"

"ရတယ်"

ဒါပဲပြောပြီး ထွက်လာခဲ့တော့၏။ လမ်းမှာ ကားမောင်းရင် အတွေးတွေက ဟိုရောက်ဒီရောက်ပါ။ မမ သူ့ကို တကယ်ပဲ မခေါ် မပြောနေနိုင်သလား။ သံယောဇဉ်ပြတ်နိုင်သလား။ ကိုယ်ကတော့ မမနဲ့ မပတ်သက်ဘဲ မနေနိုင်ပါဘူး။ ဒါကြောင့် အဆင်ပြေအောင် ဘယ်လိုပဲလုပ်ရလုပ်ရ သူ ကြိုးစားမှာပါ။

ဖြူတို့အိမ်ကိုရောက်တော့ ဖြူ့ကို အိမ်ရှေ့က ဒန်းပေါ်မှာပဲ အဆင်သင့် တွေ့လိုက်ရသည်နှင့် –

"ဖြူ"

"___"

"ဖြူ"

"ဟင်"

ဖြူ သူ့ကိုမြင်လိုက်တော့ ထရပ်ပြီး –

"ရှင် ဘာလာလုပ်တာလဲ"

"ကိုယ် ဖြူ့ကို တောင်းပန်ဖို့လာခဲ့တာပါ"

"ဘာအတွက်လဲ"





"ထိုင်ပါဦး"

ဖြူ့လက်ကိုဆွဲပြီး ပြန်ထိုင်ခိုင်းကာ သူလည်း ထိုင်လေတော့ ဖြူကလည်း ပြန်ထိုင်လေလျှင် –

"ကိုကို ဖြူ့ကို အရမ်းချစ်တယ်။ ဖြူနဲ့လမ်းခွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဖြူ့ကို ကိုယ် လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး ဖြူ။ အဲဒါကြောင့် ကိုကို စိတ်လိုက်မာန်ပါ ပြောမိတဲ့စကားကို ပြန်ပြီး ရုပ်သိမ်းပါတယ်။ ကိုကိုတို့ အမြန်ဆုံးလက်ထပ်ကြရအောင်နော်"

"ရှင့်ဟာမကြီးကို သွားပြောပါလား အဲဒီစကား"

"ဖြူ"

ဒေါသက ထောင်းခနဲထွက်သွားပြီးမှ ဖင်လေး ကိုယ့်စိတ်ကိုယ် မနည်းချိုးနှိမ်လိုက်ရသည်။ မမကို စော်ကားရမှ ဖြူက စားဝင်အိပ်ပျော်ရှိနေသလား။ ကိုယ့်မှာလည်း မာနရှိပါ။ မမကို ထိခိုက်လာရင် သူ လုံးဝကိုမကြိုက်တာ။ အခုလာခဲ့တာလည်း အခြေအနေ အရပ်ရပ်ကြောင့်လေ။

ကိုယ့်ဘက်က ဒီလောက်လျှော့နေတဲ့ကြားက ပြောလိုက်ရင် တည့်ပေါက်တွေချည်းပါပဲ။ စိတ်ထဲမှာ အလိုမကျပေမယ့် စိတ်ကို အတတ်နိုင်ဆုံးလျှော့ချပြီး –

"ဖြူကလည်းကွာ၊ မမနဲ့ကိုကိုက မောင်နှမတွေပဲ ဖြူရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားမျိုး ပြောလို့ရမလား။ ကိုကိုက ဖြူ့ကို လက်ထပ်ချင်လို့ ဖြူ

ပြောနေတာလေ"

"ဘာမောင်နှမလဲ၊ ဘာလဲမောင်နှမလား။ တော်ပြီ ...

ကိုဘုန်းမြတ်သော်ဇင်၊ ရှင် ကျွန်မကို အရှုံးမလုပ်ပါနဲ့တော့"

"ဖြူ"

"____"

"ဖြူ"

ဘယ်လောက်ပဲခေါ်ခေါ် ဖြူက လှည့်မကြည့်တော့ပေ။

မှုတာလား။ တကယ်ပြတ်နိုင်တာလား။ သူက တကယ်ပြတ်နိုင်ပြီဆို

ဇင်လေးဆိုတဲ့ကောင်ကလည်း နှလုံးသားကို အလိုလိုက်ပြီး မာန

ချမနှင်းနိုင်။

ဒါပေမဲ့ တတ်နိုင်သလောက်တော့ ကိုယ့်အလွန်မဖြစ်အောင်

ကြိုးစားကြည့်ဦးမှာပါ။ ဒါကိုမှ မရဘူးဆိုရင် ဘာလို ခံယနေရဦးမှာလဲ

"ဖြောက် ဖြောက် ဖြောက်"

"ဟင်"

"ဖြောက် ဖြောက်"

မိုးနှင်းပွဲတွေကျလာပေမယ့် ဇင်လေး ဒန်းပေါ်မှာထိုင်နေရင်

က ထမရပ်မိပေ။ ရွာပါစေ၊ ရင်ထဲက အပူမီးတွေကို ငြိမ်းသတ်ပေး





ရယ်။

မိုး မိုးဆိုတာ အေးချမ်းခြင်းပဲလေ။ မမရယ် အေးချမ်းတဲ့

ဘဝလေးထဲမှာ ကျွန်တော်က မုန်တိုင်းဖြစ်နေပြီလား မမရယ်။

"ဝေါ"

"___"

"ဝေါ ဝေါ"

မိုးက သွန်ချသလို ဝေါခနဲရွာပေမယ့် ရွာချင်သလောက်ရွာ

သတော့ မိုးရေ၊ မိုးဆိုတဲ့နာမည်ပိုင်ရှင် မမကိုမှ သံယောဇဉ်တွယ်မိ

နတော့ ဒီမိုးရဲ့ဒဏ်ကိုလည်း ခံနိုင်ရမှာပေါ့။

"ဂျိမ်း"

"ဝိုး"

"ဂျိမ်း"

"ဟူး ဟူး ဝိုး"

နောက်တော့ မိုးရော လေရော ကြမ်းလာပြီး မိုးချုန်းသံတွေ

ဝါ ပါလာပေမယ့် ဇင်လေးက တုတ်တုတ်မျှ မလှုပ်ပေ။ ခြေထောက်

တွေက သွားစရာမရှိ ဦးတည်ရာမဲ့နေသလိုမျိုး စိတ်မှာခံစားပြီး ကိုယ့်

အတွက် နိုလှုံစရာ ရင်ခွင်မဲ့နေသလိုလို။ မရိုးသားစိတ်နဲ့ မမ မေတ္တာ

ရိပ်မှာ နိုလှုံချင်တာ မဟုတ်ပါဘူး။ ရိုးသားစွာနဲ့ မမရဲ့မေတ္တာကင်းစပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ လှိုင်းပုတ်လို့တင်ကျန်ရစ်တဲ့ ရေမှုန်ရေမွှားလေးအဖြစ်နဲ့ဖြစ်ဖြ
တင်ကျန်ရစ်ချင်တာပါ။

ဖြူ ငါ အခုလို မိုးရေထဲမှာ ငုပ်တုတ်ထိုင်ပြီး ဆန္ဒပြနေတာ
မင်းကိုမှ မရရင် သေသွားနိုင်ဖွယ်ရာရှိလို့ မဟုတ်ဘူး ဖြူ။ မင်းမှာ
နိုင်းဖို့ ကျောပါသလို ငါ့မှာလည်း မင်းကိုကျောခိုင်းထားရစ်ခဲ့ဖို့ သတ္တိ
ရှိပါတယ်။ မင်းပြတ်ရင် ငါလည်းပြတ်နိုင်တယ်။ မင်းမုန်းရင် ငါလည်း
မေ့နိုင်ရမှာပေါ့။

"ဟယ် . . . သမီးရေ ဖြူ"

အသံကြားရာဆီသို့ လှည့်ကြည့်လိုက်တော့ အိမ်တံခါးဝမှာ
ရပ်နေတာ ဖြူ့မေမေပါ။ ဇင်လေး ဘယ်လောက်တောင် အတွေးလွန်
ပြီး မိုးရေထဲမှာ အချိန်ဘယ်လောက်ကြာအောင် နေမိသွားသည်မသိ
ပေ။ ခုမှပဲ တစ်ကိုယ်လုံး အေးစိမ့်လာတာကို သတိထားမိ၏။

"ဟိုကောင်လေး . . . မိုးရေထဲမှာ ငုပ်တုတ်ထိုင်နေတာပဲ
အအေးပတ်ပြီး ဒုက္ခရောက်တော့မှာပဲနော်"

"မေမေ"

"သမီးဖြူ . . . ဘယ်လိုတွေဖြစ်ကြတာလဲကွယ်။ ဟိုကောင်
လေးက ဘယ်သူလဲ၊ အိမ်ရှေ့လာပြီး မိုးရေထဲမှာ ငုပ်တုတ်ထိုင်နေ
တာ"





"ဟင်"

ဖြူက သူ့ကို မြန်သွားပြီးပဲမှတ်တာ။ အဲဒီလောက်အထိ ဇွဲ
ကောင်းနေလိမ့်မယ်လို့ မထင်ပေ။ မြင်လိုက်ရတော့လည်း မနေနိုင်စွာ
ထီးလေးပြေးယူပြီး –

"ကိုကို"

"___"

"ကို"

ဇင်လေးနားထဲမှာ ကိုကိုလို့ခေါ်သံက မကြားတစ်ချက် ကြား
တစ်ချက်နှင့်ပဲ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းပင် မသိပေ။

"ကိုကို ကိုကို . . . ဘာဖြစ်တာလဲ မေမေ လုပ်ပါဦး"

"ဟဲ့"

"လာပါဦး မေမေရဲ့"

"ဪ . . . အေး လာပြီ . . . လာပြီ"

ဖြူ့မေမေမှာလည်း သုတ်သီးသုတ်ပျာနှင့် ထီးပြေးယူပြီး
လာခဲ့တော့ ကောင်လေးက ခေါ်လို့မရတော့ပဲ သတိလစ်သွားလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မမ မမ"

"သား"

"မမ ကျွန်တော့်ကို မမုန်းပါနဲ့နော်၊ မမ ကျွန်တော့်ကိုမ
ပါနဲ့"

"သားရယ်"

သားကို စိုးရိမ်စိတ်နှင့် ခေါ်လှသွယ် ငိုနေတာက တရှုံ့ရှုံ့
မိုးပုလဲဆိုတဲ့ မိန်းကလေးအပေါ် အဲဒီလောက်တောင် သံယောဇဉ်
ရှာသတဲ့လား သားရယ်။ သားကြီးပြောပြလို့ သူမ ဖြစ်ကြောင်းကျ
သိပြီးပြီပဲလေ။





"ကိုကို"

"အား ဟင်း ဟင်း"

"ကိုကို . . . ကိုကို"

"မမ . . . မမ"

ညည်းတွားရင်း ပါးစပ်က ကယောင်ကတမ်း ရွတ်နေတာသည် ကိုယ့်နာမည်မဟုတ်ဘဲ မမဖြစ်နေတော့ ဖြူ ဝမ်းနည်းစွာ ရှက်ရည်ဝဲလာမိ၏။

ရင်ထဲမှာ နာကျင်မှုဝေဒနာတွေနှင့်အတူ တစ်ဖက်က ဖြည့်ရှက်တွေးပေးရရင် သူ ဖြူ့ကိုလက်ထပ်ဖို့ တောင်းဆိုနေတာပဲလေ။ လက်ထပ်ဖို့အထိ ရည်ရွယ်တာ ချစ်လို့ပဲပေါ့။

ကိုယ့်စိတ်ကိုယ်ဖြေပြီး မိုးစက်ပွင့်ကို ခေါ်ပေးဖို့ ဖုန်းကို ခရင်ဖွင့်လိုက်၏။ ကိုယ်ကလည်း မမုန်းနိုင် မမေ့နိုင်ဘူးဆိုမှတော့ နားလည်ပေးနိုင်အောင် ကြိုးစားရတော့မှာပေါ့။

"ဟယ်လို"

"မမ ဖြူပါ"

"ဖုန်းနံပါတ်ကို မြင်ကတည်းက မမသိပါတယ်ကွယ်။ ညီမလေး မမကို မယုံရင် မိုးစက်မောင်ကို မေးကြည့်လိုက်ပါ။ သူနဲ့မမ လုံးဝ ပတ်သက်မှာမဟုတ်ဘူး။ ဖြူ စိတ်ချမ်းချမ်းသာသာနေပါနော်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မောင်ကို မမ အပြတ်ပြောလိုက်ပါပြီ"

"မဟုတ်ဘူး မမ ... ဖြူတောင်းပန်ပါတယ်နော်။ ဖြူပြော တာတွေအတွက် မမကို ဖြူ တောင်းပန်ပါတယ်"

"ဟင်"

မြတ်သောမောင် ဖုန်းပြောနေတဲ့ ချစ်သူမျက်နှာကို ငေးငေး စိုက်စိုက် လိုက်ကြည့်နေမိသည်။ မိုးရဲ့စကားအသွားအလာကို နား ထောင်တာနဲ့ ဘာဆိုတာ သူသိလိုက်ပါပြီ။ မိုးနဲ့ မိုးစက်မောင်ရဲ့ မောင်နှမဆိုတဲ့အချစ်က ဖြူမပြောနဲ့ ကိုယ်တောင် သဝန်တိုမိတာပါ။ ဘယ်နေရာမှာမဆို တစ်ယောက်အပေါ်တစ်ယောက် သိတတ်လွန်း တာတွေ။

ပြီးတော့ ပြီးတော့ ချစ်သူတွေ ကိုယ်စီရှိကြတာတောင် ချစ်သူ ထက် သူတို့နှစ်ယောက် ပိုပြီးအနေနီးတာတွေကို မကြိုက်ပေမယ့် ချစ်တဲ့စိတ်တစ်ခုနဲ့ပဲ အလိုလိုက် နားလည်ပေးနေရတာပဲလေ။

"မမ"

"ဖြူ ... ပြောလေ"

ဖြူ့အသံက ငိုသံပါနေပြီး -

"မမ မမ ... သူ့ဆီကို အမြန်လာခဲ့ပေးပါနော်။ အခုလာခဲ့ပေး ပါ မမရယ်"





"ဘယ်ကိုလဲ ဖြူ"

"ကိုကို့ဆီကို မိုးစက်မောင်ဆီကိုပါ မမ"

"ဘာ ... ဘာဖြစ်လို့လဲ"

စိုးရိမ်စိတ်ကြောင့် အသံက တုန်ခါသွားလေသည်။ သူ ဒီ တနေ ပြန်သွားတုန်းက အကောင်းကြီးပါ။

အေးလေ ... အသက်သွေးခဲ အမြဲမရှိဆိုတော့ ဘာများဖြစ်ပါ သိမလဲ။

"သူ ... သူ့ကို မမက ပြောလိုက်တယ်ထင်တယ်။ ဖြူ့ဆီကို ရောက်လာပြီး တောင်းပန်တယ်လေ။ ဖြူလည်း မူပြီး သူတောင်းပန် တာကို လက်မခံမိဘူး။ အဲဒါကို မိုးရေထဲမှာ ငုပ်တုတ်ထိုင်နေတာ မမရယ်"

"ဟင်"

"အခု သူ အဖျားဖျားပြီး ကယောင်ကတမ်းတွေ လျှောက် ပြောနေတာ မမရဲ့။ မမကိုပဲ တဖွဖွခေါ်နေလို့ မမ လာခဲ့ပေးပါနော်။ ဖြူ တောင်းပန်ပါတယ် မမရယ်။ မမ လာခဲ့ပေးပါနော်"

မိုးရင်ထဲမှာ နင့်ခနဲဖြစ်သွားပြီး ဘာမှ ပြန်မပြောနိုင်လောက် အောင်ကိုပဲ ခံစားသွားရကာ ကြောင်နေမိသည်။ အဲဒီလောက်တောင် ပဲတဲ့လား မိုးစက်မောင်ရယ်။ အဖြူရောင်ကြိုးက အဲဒီလောက် ဖြတ်ရ



www.burmeseclassic.com

www.burmeseclassic.com



ခက်သတဲ့လား။ မမလည်း မင်းနဲ့ထပ်တူထပ်မျှပါပဲကွယ်။

ဒါပေမဲ့ . . . ကိုယ်စီ နှောင်ကြိုးတွေနဲ့မို့ ရွှေမတိုးချင်
ခြေလှမ်းတွေကို မင်း အသက်နဲ့ရင်းပြီး အရောက်ခေါ်ဖို့ သက်သေ
တာလား မိုးစက်မောင်။

"မမ"

"___"

"မမ"

"ဟင်"

"မမ ခုလာခဲ့ပေးပါ၊ လာခဲ့ပေးပါနော် မမ"

"အင်း အင်း . . . မမခုလာခဲ့မယ်"

"ကျေးဇူးပဲ မမ . . . ဒါဆို ဖြူ ဖုန်းချလိုက်တော့မယ်နော်"

"အိုကေ . . . အိုကေ"

မိုး ဖုန်းချပြီး လှည့်ထွက်မည်အပြု –

"မိုး"

"___"

"မင်းမသွားရဘူး မိုး"

"မောင်"

မြတ်သောမောင် လက်ကို ဆွဲထားလေသဖြင့် မိုး ခြေလှမ်း





တွေ ရွှေမတိုးဖြစ်ပေ။ မိုးကိုကြည့်နေတဲ့ မျက်ဝန်းထဲက အဓိပ္ပာယ်
တွေကို မိုးနားလည်တာပေါ့။ ဇာတ်ကောင်တွေ စရိုက်မျိုးစုံကြားမှာ
ပျော်မွေ့နေတဲ့ စာရေးဆရာမပဲလေ။ ဒါကြောင့် လက်ကလေးကို
ရုန်းပြီး . . .

"မိုးကို သွားခွင့်ပြုပါမောင်၊ မိုးကို သွားခွင့်ပြုပါ။ အဲဒီအတွက်
မောင် မကျေနပ်ဘူးဆိုရင်"

"ဘာလဲ လမ်းခွဲနိုင်းမလို့လား မိုး။ မောင် အဲလိုမလုပ်နိုင်ဘူး
နော်။ မိုးကိုမောင်ချစ်တယ်။ ချစ်လွန်းလို့လည်း အရာရာကို ခွင့်လွှတ်
နားလည်ပေးနိုင်အောင် မောင်ကြိုးစားခဲ့တာ။ မောင် ဒီထက်ပိုပြီး
နားလည်မပေးနိုင်တော့ဘူး မိုး။ ဘာလဲ သူက မိုးမခေါ်ရင် သေသွား
မှာတဲ့လား။ အခုဖြစ်တာရော မိုးနဲ့ ဘာဆိုင်လို့လဲ။ သူချစ်သူတစ်
ယောက်လုံး သူ့ဘေးနားမှာရှိနေတာပဲ မိုးရှိနေဖို့လိုအပ်လား။ ပြောပါ
ဦး။ မင်းတို့ကို မောင် ဘယ်လိုနားလည်ပေးရမှာလဲ"

"မောင် ကြိုက်သလိုသာ နားလည်လိုက်တော့မောင်။ လို
အပ်တယ်၊ သူ့ဘေးနားမှာ မိုးရှိဖို့လိုအပ်တယ်။ သူ အခုလိုဖြစ်သွားတာ
မိုးရဲ့ပယောဂ မကင်းဘူး"

"ဘာ"

အကြည့်ချင်းဆုံလိုက်ကြတဲ့ မျက်ဝန်းနှစ်စုံနဲ့ အဓိပ္ပာယ်က



www.burmeseclassic.com

www.burmeseclassic.com



မတူညီပေ။ တစ်ယောက်က တောင်းပန်ကြည့်နဲ့ဖြစ်ပြီး တစ်ယောက်
အလိုမကျမှုများစွာနှင့်ပါ။ မိုး မောင့်ကိုချစ်ပါတယ်။ မတူညီတဲ့ ချစ်
တရားကို ဘာလို့လိုက်ပြီး ယှဉ်ပြိုင်တုပနေကြပါသလဲ။

ဒါကိုတော့ မကြိုက်ပေ။ ချစ်လို့သဝန်တိုတာကို နားလည်
ပေးနိုင်ပါတယ်။ ကိုယ်တွေ ဖြူစင်ကြောင်းကိုလည်း လေးမွှင့်ခိုင်
ဖြေရှင်း သက်သေပြပြီးပြီပဲလေ။ ဒီထက်ပိုပြီး ဘာတွေ ရှင်းနိုင်ဦး
လဲ။

"မောင်ရယ် ... မောင်နဲ့မိုး ချစ်သူဖြစ်ခဲ့ကြတာ ကြာခဲ့ပြီ
မိုးစိတ်ကို မောင်နားလည်ဖို့ ကောင်းပါတယ်"

"မိုးစိတ်ကို မောင်နားလည်တယ်လေ။ ဒါပေမဲ့ ဟိုကောင်
မိုးမှမဟုတ်တာ"

"မောင်"

"____"

"သူမှာလည်း ချစ်သူရှိနေတာပဲလေ"

"ချစ်သူရှိတာ အိမ်ထောင်ရှိတာမဟုတ်ဘူး မိုး"

"တော်တော့မောင်၊ မိုးမှာအချိန်မရှိဘူး။ မိုး သူ့ဆီသွားလို့
အပြစ်ရှိတယ်ထင်ရင် မောင် ကြိုက်သလိုဆုံးဖြတ်ပါ။ မိုး ဒါပဲပြောနိုင်
တယ်"





"မိုး"

မြတ်သောမောင် ချစ်သူ့လက်ကို ဖမ်းဆုပ်ထားလိုက်၏။ မိုးကို
တစ်ယောက်တည်းတော့ သူ မလွှတ်နိုင်ပါဘူး။ နားလည်ပေးရ
ပေါင်းများလို့ပဲ နှလုံးသားက ရင့်ကျက်နေတာလား။ ချစ်လွန်းလို့ပဲ
အရာရာနားလည်ပေးချင်တာလား။

အခုလည်း မကျေနပ်သည့်တိုင် အလျှော့ပေးကာ –

"မောင်လိုက်ပို့မယ်"

သူလိုက်ပို့မယ်ဆိုတော့လည်း မိုးပါလာရသည်သာ။ သူပါ
တော့ ပိုကောင်းတာပဲလေ။

တစ်လမ်းလုံး စကားမပြောဖြစ်ကြဘဲ မိုးစက်မောင်တို့အိမ်ကို
ရောက်တော့ –

"မိုးစက်မောင်"

"သမီးက မိုးစက်ပွင့်လား"

သူမ မိုးစက်မောင်လို့ ခေါ်လိုက်တာနှင့် မိုးစက်မောင်ဘေးနား
မှာ မျက်ရည်စက်လက်နှင့်ရှိနေတဲ့ အန်တီကြီးကမေးလေလျှင် –

"ဟုတ်ပါတယ် အန်တီ"

"အမယ်လေး သမီးရယ် ... သမီးမောင်လေးကလေ သအ
လစ်နေတာတောင် ... မမ-မမ ကျွန်တော့်ကိုမမုန်းပါနဲ့လို့ တွင်တွင်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေရှာတာ သမီးရဲ့"

"ဩော်"

ဩော်သံက တုန်နေပြီး မိုးစက်မောင်မျက်နှာလေးကို ငေးစိုက်ကြည့်၍ ရင်ထဲမှာ အမည်မသိဝေဒနာတွေ။

ဒီလောက်တောင်ပဲ သံယောဇဉ်ကြီးရသလား ကလေးရယ် မမ မင်းကို မမုန်းပါဘူးကွယ်။ ချစ်လို့ပဲ ဒီလိုပြဿနာတွေ ဖြစ်ခဲ့တာပါ။

"ဆရာဝန်မပင့်ဘူးလား အန်တီ"

"နေပါ့မလား သမီးရယ်၊ ဆေးထိုးပြီး သောက်ဆေးတွေလည်း ပေးခဲ့တယ်။ ခုလေးတင်ပဲ ပြန်သွားတာ။ သမီးတို့နဲ့ တွေ့ခဲ့လေးပဲ။ ခဏနေရင် သတိရလာမှာပါတဲ့"

"ဟော"

ဖြူထံမှ ဟောဆိုတဲ့အသံကြောင့် အားလုံး လှည့်ကြည့်လိုက်ကြစဉ် –

"သူ သတိရလာပြီ"

"ဟင်"

မိုး ချက်ချင်းပဲ မိုးစက်မောင်ကို ငုံ့ကြည့်လိုက်ကာ –

"မိုးစက်မောင်"





"___"

"မောင်လေး"

မိုးစက်မောင် မျက်လုံးတွေပွင့်လာပြီး ပထမတော့ ဟိုကြည့် ဒီကြည့်နှင့်ပဲ ဇဝေဇဝါပုံစံ။ နောက် မိုးက သူ့လက်ကို ဆုပ်ကိုင်လိုက်တော့ –

"မမ"

"မောင်လေး"

"မမ ... မမ လာတယ်"

"အင်း ... ကိုယ့်မောင်လေး နေမကောင်းတာ လာရတာပေါ့"

"မမ ... ကျွန်တော့်ကို မမုန်းပါနဲ့နော် မမ"

"ဩော် ... မောင်နှမချင်း ဘာလို့မုန်းရမှာလဲ မောင်လေးရဲ့"

"တော်ပါသေးရဲ့ မမရယ်"

ဖင်လေး အခြားမျက်နှာတွေကိုပါ လိုက်ကြည့်လိုက်စဉ် မြတ်သောမောင်ကိုတွေ့လိုက်ရတော့ –

"အစ်ကိုလည်း ပါလာတာကိုး"

မြတ်သောမောင် ခေါင်းညိတ်ပြလိုက်တော့ မိုးစက်မောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက ပြုံးလို့ပါ။

မရိုးသားတဲ့စိတ်ရှိရင် ချစ်သူပါ ပါလာတာကို ဒီလိုပြုံးပြနိုင်မှ မဟုတ်လားလေ။ စဉ်းစားလို့ကြည့်ကြပါဦးပေါ့။

❁ ❁ ❁

## အခန်း (၂၄)

မိုး မိုးစက်မောင် ကျန်းမာရေး မကောင်းခင်အထိတော့ ဆက်ဆံပတ်သက်နေရဦးမှာပါ။ ကျန်းမာရေးကောင်းမှ မီးစင်ကြည့်က နေတော့မှာပဲလေ။ သံယောဇဉ်ဖြတ်လို့ မရပေမယ့် ထိုသံယောဇဉ်ကို နှင်ထဲမှာပဲ သိမ်းထားတာပဲ ကောင်းပါတယ်လေ။

"မမ"

"ဟင်"

"ဒီနေ့လည်း မမလာသေးတယ်နော်။ ကျွန်တော်က မလာတော့ဘူးလို့တောင် ထင်နေတာ။ ဒီနေ့ အစ်ကို ပါမလာဘူးနော်"

"အော် . . . သူက မမအနားမှာ အမြဲရှိနေနိုင်တာမှ မဟုတ်


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာ မောင်လေးရဲ့"

"နေနိုင်အောင်ကြိုးစားခိုင်းလေ မမရဲ့။ မမအနားမှာ လိုအပ်ရင် အားပေးဖော်အဖြစ် ရင်ဖွင့်ဖို့ ပခုံးတစ်ဖက်လိုတာပေါ့"

မိုး ရှက်ရယ်ရယ်လိုက်ရင်း –

"သူကတော့ လက်ထပ်ချင်နေပါပြီ"

"မမကရော"

"မမက ပရိသတ်အတွက်ကြိုးစားချင်သေးလို့ပါ"

"ဟာ ... ဘာဆိုင်လို့လဲ မမရဲ့။ အိမ်ထောင်ပြုပြီးလည်း စာရေးလို့ ရတာပဲဥစ္စာ"

"မင်းက အဲလောက်ပဲ သိတာကိုး"

မျက်စောင်းလေးထိုးပြောတော့ မိုးစက်မောင်ရယ်လိုက်သည်။ ဟုတ်တာပေါ့။ ကိုယ်တွေးတာထက် မမက ရှေ့ရေးကို ပိုတွေးမှာပေါ့။ အခုက စိတ်ကြိုက် လွတ်လွတ်လပ်လပ် စာရေးလို့ရပြီး အိမ်ထောင်ကျသွားရင် ဘာညာသာရကာ တာဝန်ဝတ္တရားတွေပိလာပြီး အချိန်ဖဲ့ပေးရမယ်ဆိုတာ။

"အိမ်ထောင်ပြုလိုက်ပြီဆိုတာနဲ့ မမ ခုလို ကိုယ့်ကိုယ်ကိုယ် ပိုင်တော့မှာ မဟုတ်တော့ဘူးလေ။ တာဝန်တွေ၊ ဝတ္တရားတွေက ရှိလာဦးမှာ။ အဲဒါတွေအတွက် မမ အချိန်ဖဲ့မပေးနိုင်သေးလို့ပါ"





"အင်း ... ဒါလည်း ဟုတ်တာပဲ"

"ဟုတ်မနေနဲ့ ... ဆေးသောက်လိုက်ဦး။ စောစောက ဘည်းက အန်တီက ဆေးတိုက်ဖို့ ဆေးပေးသွားတာ"

ပြောရင်း မိုးက ဆေးလုံးနှင့်ရေခွက်ထဲသို့ ရေထည့်ပြီး ယူလာပေးလေသည်။ ဒါကို မြူမြင်ရင် ဘာပြောဦးမှာလဲ။ မောင်ကရော မြူလိုပဲ ရှိနေဦးမှာလား။

"ခြေဘ် ... ဆေးသောက်ရမှာ ကြောက်ပါတယ်ဆိုမှ ခုကွာပဲ"

"အဲဒီခုကွာကို မင်းဘာသာပဲ မင်းရှာခဲ့တာလေ။ ခုမှ ညည်းမနေနဲ့ ရော ... သောက်"

"ပေး ပေး ... အဲဒါမမကြောင့်ပေါ့လေ"

"ဟင် ... ဘာဆိုင်လို့လဲ"

"မမစကားနားထောင်ပြီး ဆန္ဒပြလိုက်တာလေ"

"အံမယ် ... လူကို တရားခံမလုပ်နဲ့နော်"

မိုးစက်မောင် ဆေးလုံးကို ယူသောက်လိုက်ပြီး –

"ဘာပဲဖြစ်ဖြစ်ပါ။ ကျွန်တော် ခုလို နေမကောင်းဖြစ်ရတာကို ကျေနပ်တယ်"

"ဟင် ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမတိုက်တဲ့ဆေးတွေ သောက်ရလို့ပေါ့"

"ဟောတော်"

သူမတိုက်တဲ့ဆေးကိုသောက်ရလို့ပဲ နေမကောင်းရကျိုး နပ်သတဲ့လား။

ဖြူကြားရင်တော့ မနာလိုဖြစ်ဦးမှာကြိမ်းသေပါ။ ဖြူ့အကြောင်းတွေးမိမှပဲ –

"ဖြူလာသေးလား"

"ဒီနေ့တော့ မလာသေးဘူးမမ။ ဘယ်အချိန် ပေါ်လာမလဲတော့မသိဘူး"

"ဖြူက မင်းကိုသိပ်ချစ်တာပဲနော်"

"ကျွန်တော်လည်း သူ့ကို ချစ်ပါတယ်"

မိုး ပြုံးလိုက်ပြီး –

"အရေးထဲ ကြော်ငြာက ဝင်နေသေးတယ်။ သိပါတယ်နော်"

"မမကလည်း သူများကိုမပြောနဲ့ မမရဲ့ဘဲဘဲကြီးကရော မမကို မချစ်လို့လားပြော"

"လာပြန်ပြီ"

"ဘယ်ကိုလဲ မမသီကိုလား"

"ကောင်လေးနော် . . . ခေါက်ထည့်လိုက်ရ"





လက်သာရှယ်လိုက်တာ တကယ်မလုပ်ရက်တော့ လက်ပြန်ချလိုက်စဉ်မှာပဲ မိုးစက်မောင်က ရယ်နေသည်။ သူတို့နှစ်ယောက် အဲဒီလို စလိုက်နောက်လိုက်နှင့် အတူရှိနေချိန်ဆို နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ တကယ့်ကို နွေးထွေးလိုက်လှဲ့မှုတွေနဲ့ပါ။

ချစ်သူနဲ့တွေ့ရင်တောင် စကားအပြောမတည့်ရင် စိတ်ညစ်ရတာပါပဲ။ မောင်နှမသံယောဇဉ်ကြားမှာက ဒါတွေရှိလည်း ခဏတာပါ။

"မမ"

"ဟင်"

"နောက်ကို ဖြူ ဘာပဲပြောပြော ကျွန်တော့်ကိုမခေါ်ပဲ မနေဘူးနော်"

မိုး ခေါင်းမညိတ် ခေါင်းမခါနှင့်ပဲ ငြိမ်နေလိုက်၏။ သူမ ကတိပေးလို့မှ မဖြစ်ပဲလေ။ အခြေအနေက ခဏပဲ ရာသီဥတုကောင်းနေတာ။ ကတိဆိုတာ ပေးပြီးရင်တည်မှ။ အခု ဖြူ့ကိုပေးထားတဲ့ကတိ ဖျက်ပြီး မိုးစက်မောင်ဆီလာနေရတာတောင် ကိုယ့်မျက်နှာကိုယ် ဓားနဲ့ လှီးပစ်ဖို့ကောင်းနေပြီ။

"မမ"

"——"



www.burmeseclassic.com

www.burmeseclassic.com



"နော်လို့"

"မမစာအုပ်က ဇာတ်သိမ်းခန်းရောက်နေလို့ ရေးရဦးမယ် မိုးစက်မောင်။ မမပြန်တော့မယ်နော်"

"မမ"

"မမ နောက်နေ့မှပဲ ထပ်လာခဲ့တော့မယ်"

ပြောပြီးတာနှင့် မိုး ခပ်သုတ်သုတ်ပဲ ထွက်လာခဲ့တော့၏ မမကို ကတိမတောင်းပါနဲ့ မောင်လေးရယ်။ အဲဒီကတိကို မမ မပေးနိုင်လို့ပါ။

❁ ❁ ❁



## အခန်း (၂၅)

"ဘယ်လို မိုး . . . ပြင်ဦးလွင်ကို သွားမယ်ဟုတ်လား"

မိုး ပါးစပ်နဲ့ဖြေနိုင်တဲ့ခွန်အားမရှိလို့ ခေါင်းပဲညိတ်ပြလိုက်မိသည်။ သူမ ဒီမှာဆက်ရှိနေရင် သံယောဇဉ်ကြိုးတွေကရှုပ်ကုန်ဦးမှာလေ။ ဒီတော့ မိုးစက်မောင်ကို သံယောဇဉ်ဖြတ်ဖို့အတွက် သူမ သူနဲ့ဝေးရာကို ရှောင်ထွက်သွားမှဖြစ်မှာပါ။ ဒါမှ အနေဝေးရင် သွေးအေးသွားကြမှာမဟုတ်လား။

သံသယမျက်ဝန်းတွေနဲ့ အကြည့်ခံနေရမယ့်အစား ရင်နာနေရမှာချင်းအတူ ဝေးကြတာပဲကောင်းပါတယ်လေ။ မမကို ခွင့်လွှတ်ပါတော့ မိုးစက်မောင်။ ဖြူစင်တဲ့မေတ္တာကို အရောင်ဆိုးချင်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ တို့မောင်နှမ အတူရှိနေလို့ မဖြစ်တော့ဘူးလေ။

ဒါကြောင့် တို့တွေ မခေါ်သာ တော်ရာအရပ်မှာပဲ အလွမ်းကျ
ကိုယ်စီထမ်းပိုးထားကြရဦးမှာပါ။

"ကိစ္စရှိလို့ သွားမှာလား"

"မိုး အနားယူပြီးရင် စာအုပ်တစ်အုပ်လောက် ရေးလာမယ်လို့
စိတ်ကူးထားလို့ပါ။ မျော်ရင်လည်း နှစ်လ သုံးလလောက် ဆက်နေ
မယ်လေ"

"မသွားပါနဲ့လား မိုးရယ်"

"ဟင် … ဘာဖြစ်လို့လဲ မောင်ရဲ့"

မြတ်သောမောင် နောက်ကနေ မိုးကိုယ်လေးကို သိုင်းဖက်
လိုက်ပြီး ပါးပြင်လေးကို ဖွဖွနမ်းမိကာ –

"မောင် လွမ်းနေရမှာပေါ့ ချစ်သူရဲ့။ မောင်နဲ့ဝေးရာကို ဘာ
လို့ သွားချင်ရတာလဲ။ ဒီမှာဆိုတော့ ခဏခဏတွေ့လို့ရတယ်လေ
ဟိုရောက်သွားရင် မောင်က အလုပ်တစ်ဖက်နဲ့ ဘယ်လိုတွေ့လို့ရမှာလဲ
မောင် မိုးနဲ့ အကြာကြီး ခွဲမနေနိုင်ဘူး။ လက်ထပ်ချင်ပြီ"

"မိုးပြန်လာမှာပဲဥစ္စာ မောင်ရဲ့"

"ဖြစ်နိုင်ရင် … မောင်က တစ်စက္ကန့်လေးတောင် ခွဲမနေချင်
တာ"





"အဲဒါတော့ ပိုတာပါ"

"တကယ်ပြောတာ ချစ်သူရဲ့"

"ဟွန်း"

မျက်စောင်းလေးဝင့်ပြောတာကိုပဲ မြတ်သောမောင်မှာ မချင့်
ရဲနိုင်ပါ။ လက်ထပ်ချင်ပြီပေမယ့် မိုးက နေရွှေ့ညရွှေ့ ရွှေ့နေတာ
ကြာတော့ စိတ်မရှည်ချင်တော့ပေ။

"မိုး"

"ဟင်"

"မသွားနဲ့နော်"

"မသွားလို့မဖြစ်ဘူး မောင်ရဲ့။ မိုးက ဆုံးဖြတ်ပြီးရင် နောက်
ဆုတ်တတ်မှန်း မောင်သိရဲ့သားနဲ့။ ဘာလဲ မောင်က အဝေးပြေးကွင်း
ထဲ လိုက်ပို့ရမှာတောင် မပို့ချင်ဘူးလား"

"မောင်က လိုက်မပို့ချင်လို့မှ မဟုတ်ဘဲ မိုးရယ်"

မိုး သက်ပြင်းလေးချလိုက်မိ၏။ ဟုတ်တော့ဟုတ်ပါတယ် လေ။
မောင်ကတော့ ဘယ်သွားစေချင်ပါ့မလဲ။ ရန်ကုန်မှာရှိနေကြ တော့
အလုပ်မအားတဲ့အဆုံးတောင် တစ်ပတ်တစ်ခါလောက်တော့
တွေ့ဖြစ်ကြသည်ပဲလေ။

"လွမ်းရင် ဖုန်းဆက်ပေါ့ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်လို့ရမှန်းတော့ သိတာပေါ့။ ဖုန်းဆက်ရင် အသံပဲ ကြားရမှာ၊ မျက်နှာမြင်ရတာမှ မဟုတ်တာ"

"မောင် နည်းနည်းတော့ သည်းခံလိုက်လေ။ မိုးပြန်လာရင် လက်ထပ်ကြတာပေါ့ ဘယ်လိုလဲ"

"ဟင်"

မြတ်သောမောင် မျက်နှာပြုံးသွားလေပြီး –

"မိုး တကယ်ပြောတာနော်"

"အင်း"

"ဝမ်းသာလိုက်တာ မိုးရယ်"

မြတ်သောမောင်ရင်ထဲမှာ တကယ့်ကို အတိုင်းမသိပါ။ သူက လက်ထပ်ချင်နေတာ ကြာပြီလေ။ အသက်တွေကလည်း ငယ်မှမငယ် ကြတော့တာ။ သူများတွေဆို ဒီအရွယ်မှာ သားတွေ သမီးတွေတောင် ငါးတန်း ခြောက်တန်းရောက်ကုန်ကြပြီ။ သူများမိသားစုတွေဘဝကို အားကျပေမယ့် ကိုယ်က ဒီတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်မိလို့ သစ္စာရှိရှိနဲ့ စောင့်နေတာလေ။

တကယ်ချစ်မိပြီဆိုရင် အခြားတစ်ယောက်မှ အစားထိုးလို့ မရတာ စိတ်ရှည်ရတော့မှာပဲပေါ့။

"ဒါဆို မိုးပြန်လာရင် မောင့်ကို တကယ်လက်ထပ်မယ်ပေါ့"





"ဟုတ်ကဲ့ပါရှင်"

"ချစ်လိုက်တာ မိုးရယ်"

ဒုတိယအနမ်းတစ်ပွင့်က ပါးပြင်ထက်မှာ နူးညံ့ညင်သာစွာ။ ခြော် . . . မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

### ငါမုန်းတယ်

မနာလိုသူတွေရဲ့သွေးထိုးစကားတွေသာ
ယုံနေမယ်ဆိုရင်
ချစ်သူတွေရဲ့ကြားမှာ
ပျော်ရွှင်မှုဆိုတာရှိလာခဲ့မှာတောင်မဟုတ်ဘူး။
အချစ်ဆိုတာ
နားလည်ပြီးချစ်နေဖို့လို့သတ်မှတ်ခဲ့တဲ့ငါ
နင့်အပေါ်





နားလည်ပေးပြီးချစ်ခဲ့သလောက်
ငါ့အပေါ်နှင်
ဘာလို့နားလည်ပြီးချစ်မပေးနိုင်ရတာလဲ
ကိုယ်
သိပ်ချစ်လို့ရွေးချယ်ခဲ့တဲ့ချစ်သူကို
ယုံကြည်မပေးတာ
ငါမုန်းတယ်။
သူများပြောတိုင်း
လွယ်လွယ်ယုံတတ်တဲ့နင့်ကို
ငါမုန်းတယ်။
ငါ့အပေါ်
နာကျင်မှုတွေပေးလိုက်တဲ့နင့်ကို
ဆက်ချစ်နေသေးတဲ့ငါ့ကိုယ်ငါလည်း
ငါမုန်းတယ်။

ဖင်လေး ရင်ထဲရှိတဲ့အတိုင်း ရေးချလိုက်တဲ့ကဗျာလေး တစ်ပုဒ်ပါ။ ဘယ်သူတွေ သွေးထိုးလို့ ဖြူ သူ့အပေါ် အမြဲတမ်း သံသယမျက်လုံးတွေနဲ့ ကြည့်တာလဲ။ သူနေမကောင်းတုန်းက ဖော နေသည့်တိုင် ကျေနပ်နားလည်ပေးနိုင်သည့် အရိပ်အယောင်တော့



www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။

ကိုယ့်ကိုမယုံတဲ့သူကို ဘာလို့ ဆက်ချစ်နေရဦးမှာလဲ။ ဆက်ချစ်နေသည့်တိုင် ဆက်မဖြစ်ဖို့အတွက် ကိုယ့်နှလုံးသားကိုပဲ ကိုယ်အသေသတ်ရတော့မှာပဲပေါ့။ ကိုယ့်ဘက်က သက်သေပြပြီး အထပ်ထပ်လည်း တောင်းပန်ခဲ့ပြီးပြီလေ။ နောက်ထပ်အောက်ကျို့ခံပြီး တောင်းပန်ရဦးမယ်ဆိုရင် ကိုယ့်လောက်ညံ့တဲ့သူ ရှိပါဦးမလား။

လွမ်းလို့သေတဲ့သူမှ မရှိဘဲလေ။ အခု အလုပ်အလိုမှုခံစားနေရရင်တောင် တစ်နေ့ထက်တစ်နေ့တော့ ပပျောက်သွားမှာပါ။

"ဟော့ကောင်"

"___"

"ဟော့ကောင် ဖင်လေး"

"ဗျာ"

"ဖုန်းလာနေတယ်"

"ဗျာ . . . ဪ . . . အင်း"

ကိုကြီးပြောမှပဲ ကယောင်ကတမ်းနှင့် ဖုန်းကို ဟိုရှာ ဒီရှာပါ။ နံပါတ်ကိုတောင် မကြည့်ဖြစ်ဘဲ နားမှာကပ်လိုက်ကာ –

"ဟယ်လို"

"____"





"ဪ . . . မမလေး ဘာပြောစရာရှိလို့လဲ ပြောလေ"

"___"

"ဗျာ"

"____"

"ဘယ်ကိုသွားမှာတဲ့လဲ"

"___"

"ပြင်ဦးလွင်ကို ဟုတ်လား။ ဒါ မမရှောင်ထွက်သွားမယ့်သဘောပေါ့"

"____"

"ကျွတ် . . . မမ အလုပ်မဟုတ်တာကို လုပ်ပြန်ပြီ"

"____"

"ကျွန်တော် အခုပဲ လာခဲ့မယ် မမလေး။ မမကို မမလေး နည်းနည်းအချိန်ဆွဲပေးထား"

"___"

"အိုကေ . . . အိုကေ"

"___"

"ဒါဆို . . ဒါပဲနော်"

ဖင်လေး ဖုန်းချလိုက်စဉ်မှာပဲ –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"မမလေး မိုးသဲပါ။ မမရဲ့ညီမ"

"ဘာတဲ့လဲ"

"ကျွန်တော် အခု ကိုကြီးကို ရှင်းပြနေဖို့ အချိန်မရဘူး။ ပြန်လာမှပဲပြောပြတော့မယ်"

ပြောပြောဆိုဆိုပဲ ကားသော့ကိုယူပြီး ဇင်လေးထွက်လာခဲ့တော့သည်။ အပြင်ရောက်လို့ ကားပေါ်တက်ခါနီးမှ ခြံထဲသို့ ကားတစ်စီးဝင်လာပြီး ကားပေါ်က ဆင်းလာသူက ဖြူပါ။

"ကိုကို"

"___"

"ကိုကို ဘယ်သွားမလို့လဲဟင်"

"မမ ပြင်ဦးလွင်ကို သွားမလို့တဲ့"

"ဟုတ်လား ... ကိုကို လိုက်ပို့ရမှာလား"

"မဟုတ်ဘူး ... မမက ငါမသိအောင် ရှောင်သွားဖို့ ကြိုးစားတာ။ အဲဒါကိုရအောင် သွားတားမလို့"

"ဖြူ့ကို မင်းတွေ ငါတွေ သုံးပြီး မစိမ်းကားပါနဲ့ ကိုကိုရယ်။ ကိုကိုသွားချင်သွားလေ။ ဖြူပါလိုက်ခဲ့ပြီး မမကို ကူပြောပေးပါ့မယ်။ ဖြူ ကိုကိုနဲ့ မမအပေါ် နားလည်ပေးနိုင်အောင် ကြိုးစားနေပါတယ်





ကိုကိုရယ်"

"သဘောပဲ"

ဇင်လေး ကားပေါ်တက်လိုက်တော့ ဖြူပါတက်ပြီး ပါသွားလေတော့သည်။ နားလည်ပေးနိုင်ဖို့ ကြိုးစားနေတယ်ဆိုတော့ ကိုယ်က လျှော့ပေးရဦးမှာပေ့ါ။ မှားမှန်းသိလို့ ပြုပြင်ချင်သူကို ပြင်ဆင်ခွင့်တော့ ပေးရဦးမှာပေါ့လေ။

ဒီလိုမှမဟုတ်ရင် တည်ဆောက်ထားတဲ့ အချစ်ကမ္ဘာကို ကိုယ်ပဲ လွယ်လွယ်နဲ့ ဖျက်ဆီးလိုက်သလိုဖြစ်သွားမှာ။ အရင်တုန်းက ရည်းစားများပေမယ့် အခု သူမျက်နှာမများချင်တော့ပါဘူး။ ကိုယ့်အလှည့်ကျမှ မချိအောင် နာတတ်တဲ့ဇင်လေး။ ကြော် ကိုယ့်ကို တကယ်ချစ်တဲ့သူတွေ ကိုယ်ထားခဲ့တုန်းက လွယ်လွယ်လေးပါပဲ။

သူတို့ခမျာ အခု ကိုယ်ခံစားရသလို ခံစားရမှာပေါ့လို့ တွေးမိတော့ စိတ်မကောင်းဖြစ်လိုက်တာ။

"ပေး ... အိတ်တွေ မောင်သယ်ခဲ့မယ်"

"မသယ်ပါနဲ့ မောင်ရဲ့၊ ထဘီတွေ ပါတာကို"

"ဘာဖြစ်လဲမိုးရဲ့၊ လက်ကဆွဲတာပဲ ပခုံးပေါ်ထမ်းတာမှ မဟုတ်တာ"

မမ သွားတော့မယ်ဆိုတော့ မိုးသဲ လည်တဆန့်ဆန့်နှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မောင် ဘယ်အချိန်လာမလဲလို့လေ။ မိုးသဲက မမကို လွှတ်ချင်တာမှ မဟုတ်တာဆိုတော့ –

"မိုးသဲ"

"ရှင် မမ"

"လည်တဆန့်ဆန့်နဲ့ ဘယ်သူ့ကို မျှော်နေတာလဲ"

"မမျှော် . . . ဟော"

မမျှော်ဘူးလို့ပြောမလို့လုပ်ရင်းကနေ ခြံထဲသို့ မိုးစက်မောင်ရဲ့ ကားလေးဝင်လာတာ မြင်တော့ မိုးသဲ မျက်နှာလေး ပြုံးသွားလေသည်။ မမကို တားဆီးပေးမယ့်သူပေါ့။ ကားလေးရပ်သွားသည်အထိ အားလုံး ငေးနေမိရာမှ မိုး သတိဝင်လာကာ –

"မောင် သွားမယ်လေ"

"နေပါဦး မိုးရဲ့"

"ဘာလို့နေရမှာလဲ သွားမယ်"

"မိုးစက်မောင်ကို နှုတ်ဆက်လိုက်ဦးလေ"

"မလိုဘူး . . . သွားမယ်"

မိုး ကားပေါ်တက်ဖို့ ပြင်လိုက်စဉ်မှာပဲ –

"မမ"

"––––"





"မမ"

မိုးစက်မောင်က မိုးလက်ထဲ အိတ်ကိုအတင်းဆွဲထားကာ–

"မမ ဘယ်သွားမလို့လဲ"

မိုး မျက်မှောင်လေးကြုတ်သွားပြီး –

"မင်းသိဖို့မလိုဘူး ထင်တယ်"

"မမ"

"ငါ ပြင်ဦးလွင်သွားမလို့ . . . ဖယ်"

မမလေသံက မာနေတာမို့ ဇင်လေးလည်း မျက်နှာတင်းသွားလေသည်။ သူ နေမကောင်းတုန်းကတော့ ဒီလေသံမဟုတ်ပါဘူး။ အခုတော့ လေသံမာမာနဲ့ ကိုယ့်ကို သံယောဇဉ်ပြတ်ဖို့ ကြိုးစားနေသည့်ပုံ။ ဒါကို သူလက်မခံနိုင်ပါဘူး။ ဒါကြောင့် –

"မမ မသွားရဘူး"

"ဘာ"

"မမသွားမယ်ဆိုရင် ကျွန်တော့်ကို သတ်ပြီးမှသွား"

"မိုးစက်မောင်"

"မမ"

ဒီတစ်ခါ မမလို့ခေါ်ပြီး အနားရောက်လာသူက ဖြူပါ။ မိုးတို့ ကြည့်လိုက်တဲ့မျက်ဝန်းတွေက ခါတိုင်းလိုမဟုတ်ဘဲ နူးညံ့နေတဲ့မျက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေသလိုပါပဲ။ ဘာကိုတောင်းပန်တာလဲ။ ဘာအတွက်လဲ။ သူ့ဘက်ကလျှော့ပြီးဆိုရင် ကိုယ်ကအကြီးပဲမို့ နားညှော်တတ်သူပီပီ အမှု ပေးရဦးမှာလားလေ။

"ဖြူ တောင်းပန်ပါတယ် မမရယ်၊ ကိုကိုနဲ့မမတို့ကို ဖြူ နားလည်ပါပြီ၊ မမရှောင်ထွက်သွားဖို့ မလိုပါဘူး။ ဘယ်ကိုမှ မသွားပါနဲ့ မမရယ်နော်"

"————"

"ဖြူ တကယ်ပြောတာပါ မမရဲ့၊ မမ မသွားပါနဲ့နော်။ မမ သွားရင် ဖြူ တကယ်စိတ်မကောင်းဖြစ်ရမှာ။ ကိုကိုလည်း စိတ်ထိခိုက် ရမှာ။ အဲဒါကြောင့်"

စကားကိုဖြတ်ပြီး မိုးလက်ထဲက အိတ်ကို ဆွဲယူလိုက်တော့ မိုး မျက်လုံးလေးစုံမှိတ်ပြီး သက်ပြင်းချတာကို မြင်ရလေ၏။ ခွင့်လွှတ်ဖို့ တောင်းပန်နေသူကို ကိုယ်ကပဲ နားလည်ပေးရတော့မှာပေါ့။

"နော် မမ"

"ကျွန်တော်ကလည်း မယုံမရှိနဲ့နော်မမ၊ မမသွားမယ်ဆိုရင် ကျွန်တော့်ကို မမကားနဲ့ တိုက်သတ်သွား။ ဖွတ်တိုးသွားကြည့် ကျွန်တော် တကယ်သေပြမှာ"

"တကယ်လား"





ဝင်မေးလိုက်သူ မြတ်သောမောင်ပါ။

"အစ်ကိုမယုံဘူးလား"

"————"

"မယုံရင် အစ်ကို မမကိုခေါ်ပြီး ကားကိုမောင်းသွားလိုက် လေ"

မြတ်သောမောင် မမဲ့မိအောင် မနည်းသတိထားလိုက်ရ၏။ ဒီကိစ္စက အသေးနဲ့ရင်းရလောက်အောင် ကြီးကျယ်တာမှ မဟုတ်တာ။ ပြီးရင် ပြန်တွေ့ကြမှာကိုပဲ အကဲတွေပိုလို့လေ။ ဒါလား ဖြူစင်တဲ့အချစ် ဆိုတာ။

မောင်နှမအရင်းလည်းမဟုတ်တဲ့နဲ့ ဒီလောက်အဖြစ်သည်းတာ ကို သူ မယုံချင်တော့ပေ။

မောင်နှမအရင်းတွေတောင် ဒီလောက်အကဲပိုကြတာမှ မဟုတ်တာ။ မိုးကလည်း အစကတော့ ဒီခရီးကို မသွားမဖြစ်ပုံစံ။ ခုကျတော့ လက်ထဲကအိတ်ကို လွှတ်ပေးပြီး ကိုယ့်တားတုန်းက မရခဲ့တာ။

အခုတော့ နာခံတော့မည့်ပုံပဲလေ။

"မင်းက မိုးနဲ့ပတ်သက်လာရင် စွန့်စားရဲတယ်ပေါ့။ ဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"မောင်က မေးကြည့်ရုံပါ မိုးရဲ့"

"အဲဒီစကား ဘာမှမေးစရာမလိုဘူး"

"ကျွန်တော်ဖြေရဲတယ် မမ"

"မင်းလည်း ဘာမှဖြေစရာမလိုဘူး ပြန်တော့"

"မမ"

ဖျူက မိုးလက်ကလေးကိုဆွဲထားပြီး –

"မမ မသွားတော့ဘူးမို့လားဟင်"

"မိုး"

မောင့်ခေါ်သံက မာနေသည်ထင်ပါရဲ့။ မိုး လှည့်ကြည့်လိုက်တော့ –

"သွားမှာလား၊ မသွားဘူးလား"

"မသွားရဘူးနော် မမ"

"ကျွန်"

ဒီပွဲမှာ မိုးသဲက ပွဲကြည့်ပရိသတ်ပါပဲ။ မမ ဘယ်လိုလုပ်မလဲ စောင့်ရတာ ရင်တထိတ်ထိတ်နှင့်ပါ။ ကိုယ်ကတော့ မသွားစေချင်လို့ တားမယ့်သူကို ဖုန်းဆက်ပြီး ခေါ်လိုက်တာ။

"ဟင်"





မိုး ချာခနဲလှည့်ပြီး အိမ်ထဲကိုပြန်ဝင်သွားလေတော့ မြတ်သောမောင် စိတ်ထဲမှာ တင်းခနဲဖြစ်သွားလေသည်။ သူက ဒီလိုတဲ့လား။ သူ့မျက်နှာညှိုသွားပေမယ့် မိုးစက်မောင်က ပြုံးနိုင်သူ။ ကိုယ် ရှုံးသွားပြီပေါ့။

ရပါတယ် မိုးပုလဲ။ မင်းက အဲဒီလိုဆိုတော့ ငါကလည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မိုး ရွှေရာ အထိမ်းအမှတ်ထုတ်ဖို့ စာမူပို့ပြီး စာပေတိုက်ထဲက ထွက်လာခဲ့သည်။ စာအုပ်တွေလည်းဝယ်၊ ပြီးတော့ ဖေဖေ့ညီမလေးအတွက် အဝတ်အစားဝယ်ပြီး အိမ်မှာလိုအပ်တဲ့အရာတွေဝယ်ဖို့ မားကတ်ထဲမှာ လျှောက်ကြည့်နေစဉ် –

"ဟင်"

သူငယ်ချင်းရဲ့ညီမလေး နှင်းဆီနီကို မွေးနေ့လက်ဆောင် ဘာဝယ်ပေးရမှန်းမသိလို့ စိတ်ကြိုက်ဝယ်ပေးနိုင်အောင် မွေးနေ့ရှင်ကို ခေါ်လာခဲ့တာလေ။ မိုးနဲ့မှ တည့်တည့်တိုးရတယ်လို့။ ဒါ သူ့အတွက် အခွင့်အရေးပဲပေါ့။ စိတ်ခုတာတွေများခဲ့ပြီး အခု သူ့ရင်ထဲမှာ ရှိနေတာ





သည် ချစ်လွန်းလို့ နားလည်ပေးဖို့ထက် ယောကျ်ားမာနတွေသာ။

ပြောတော့ သူ့မဘဝမှာ ဘောတစ်သင်းလို နံပါတ်တိုင်းက အရေးပါတယ်တဲ့။ အခုက ကိုယ်သည်ဘောအသင်းထဲမှာတောင် မပါဝင်တော့တဲ့နံပါတ် ဖြစ်နေပြီလေ။ ကိုယ့်ချစ်သူထက် သူများကို ဦးစားပေးတာလောက် အသည်းနာစရာကောင်းတာ ဘာရှိဦးမှာတဲ့လဲ။ ဒီတော့.ကိုယ် ဘယ်လိုခံစားရလဲဆိုတဲ့ တန်ပြန်သက်ရောက်မှုလေး သူသိရအောင် –

"နှီနှီ"

"ရှင် ကိုကြီး"

"ဟိုမှာတွေ့လား။ ရှေ့မှာ ပေဒါရောင်ဝမ်းဆက်လေးနဲ့ တစ်ယောက်"

"အင်း . . . တွေ့တယ်လေ ဘာဖြစ်လို့လဲ"

"အဲဒါ ကိုကြီးရဲ့ချစ်သူ စာရေးဆရာမ မိုးစက်ပွင့်ပေါ့"

"ဟုတ်လား"

"အင်း"

"အရေးထဲ ကြော်ငြာက ဝင်နေသေးတယ်"

"ငါက အကြောင်းရှိလို့ပြောပြတာပါ။ နှင် ငါ့ကို တစ်ခု ယောက်ကူညီပါလား"

www.burmeseclassic.com

www.burmeseclassic.com



“ပြောလေ ဘာကူညီရမလဲ”

“နင် ငါ့လက်မောင်းကို ဖက်ထားပေး။ သူတစ်မျိုးမြင်သွားအောင်ပါ။ ငါ ခံစားရတဲ့ ခံစားချက်ကို သူ ကိုယ်ချင်းစာတတ်အောင် ပါးပါးလေးထည့်ပေးချင်လို့”

“ရှင်”

နီနီက နားမလည်သလိုလေး သူ့ကို မော့ကြည့်လေ၏။ သူ ကူညီရမှာတော့ ဝန်မလေးပါဘူး။ ဒါပေမဲ့ ရွှံ့ရင်းစောင်းရင်းချစ်သူတွေကြားမှာ တစ်မျိုးတစ်ရုံတွေ ဖြစ်သွားမှာကိုပဲစိုးတာပါ။

“ဘာဖြစ်ထားကြလို့လဲ ကိုကြီးရဲ့”

“နောက်မှ ငါရှင်းပြမယ်။ အခု ငါပြောသလိုပဲ လုပ်စမ်းပါဟာ”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်ဆိုဟာ”

ပြောရင်းပဲ မြတ်သောမောင် နီနီ့လက်ကလေးကိုဆွဲပြီး သူ့လက်မောင်းကြားမှာ ညှပ်လိုက်သည်။ မင်း ခံစားကြည့်လိုက်စမ်းပါ မိုးရယ်။ မင်း သူများကို မောင့်ထက် ဦးစားပေးခဲ့လို့ မောင့်ရင်ထဲမှာ ဘယ်လောက်ခံစားနေရလဲဆိုတာကိုပေါ့။

“ခုထိ လိုချင်တာ မတွေ့သေးဘူးလား နီနီရဲ့၊ ဒါမှမဟုတ်





နီနီလိုချင်တဲ့ပစ္စည်းက ဈေးကြီးနေလို့လား။ ဈေးကြီးလည်း နီနီလိုချင် ရင် ကိုကြီးက ဝယ်ပေးမှာပါကွ။ အားနာမနေနဲ့လေ၊ သူစိမ်းတွေမှ မဟုတ်တာ”

“မဟုတ်ပါဘူး ကိုကြီးရဲ့၊ နီနီ ဘာဝယ်ရမှန်းမသိကို ဖြစ်နေ တာ”

“ဒါဆိုကြည့်လေ . . . ကြိုက်တာတွေ့ရင် ကိုကြီးကိုပြော”

ကြားဖူးတဲ့အသံမို့ မိုးလှည့်ကြည့်လိုက်တော့ –

“ဟင်”

ကြားဖူးမှာပေါ့ သူမ သိပ်ချစ်ရတဲ့မောင်ပဲကိုး။ ကောင်မလေး တစ်ယောက်က သူ့လက်မောင်းကိုဖက်လို့ပါလား။ ဪ မိုးကိုတောင် မမြင်နိုင်ရအောင် ပြုံးပျော်နေတဲ့မောင်။ ဒါပေါ့လေ၊ ကောင်မလေးက ငယ်ငယ်ချောချောလေးဆိုတော့ ဘာပဲဖြစ်ဖြစ် မောင်ပျော်နေတယ် ဆိုရင် မိုး ကျေနပ်ပါတယ် မောင်ရယ်။

မိုး လက်ထဲမှာကိုင်ထားတဲ့ ဖန်ခွက်ကလေးကို ပြန်ချပြီး မိုး လှည့်ထွက်လိုက်စဉ် –

“မိုး”

“____”

“မိုး”



www.burmeseclassic.com

www.burmeseclassic.com



မိုး ခြေလှမ်းတွေရပ်တန့်သွားစဉ်မှာ သူက အနားရောက်လာပြီး –

"ဈေးလာဝယ်တာလား"

"ဟုတ်ကဲ့"

"မိုးနဲ့မိတ်ဆက်ပေးရဦးမယ်"

ပြောပြီး ကောင်မလေးလက်ကိုဆွဲခေါ်၍ –

"ဒါ ကျွန်တော့်သူငယ်ချင်းရဲ့ညီမလေးလေ။ နာမည်က နှင်းဆီနီတဲ့။ နီနီ သူက စာရေးဆရာမ မိုးစက်ပွင့်လေ၊ မှတ်ထားနော်"

"တွေ့ရတာဝမ်းသာပါတယ် မမ၊ နီက မမ့စာအုပ်တွေဆို အရမ်းကြိုက်တာသိလား။ လစဉ်မလွတ်တမ်းကိုဖတ်တာ"

"ဪ ... ဟုတ်လား။ ကျေးဇူးတင်ပါတယ် ညီမလေးရယ်"

နီနီက စိတ်ရင်းမှန်နဲ့ ရွှန်းရွှန်းဝေအောင်ပြောပေမယ့် မိုးကတော့ အောင့်သက်သက်နင့်ပါ။ ချစ်သူကို ချစ်သူအဖြစ်နဲ့ မိတ်ဆက်ပေးတာမဟုတ်ဘဲ စာရေးဆရာမအဖြစ်နဲ့ပဲလေ။ ပြီးတော့ မောင်လို့ သုံးရမယ့်အစား ကျွန်တော်တဲ့၊ ဒါပေါ့လေ ငယ်ငယ်ချောချော ကောင်မလေးရှေ့မှာကိုး။

ဪ ... ကျွန်တော်တဲ့လား မောင်ရယ်။





မောင် မိုးအပေါ် စိတ်ပြောင်းသွားပြီဆိုရင်လည်း မိုး ကျေနပ်နေပါ့မယ်မောင်ရယ်။ မိုးမှာလည်း အပြစ်ရှိခဲ့ပါတယ်။ ဖြူစင်တဲ့မေတ္တာနဲ့ မိုး မိုးစက်မောင်အပေါ် သံယောဇဉ်မဖြတ်နိုင်တာကိုက မိုးအပြစ်ပါ။

ဒီတော့ –

"ကိုမြတ်သောမောင်"

"ဟင်"

"မိုးကို သွားခွင့်ပြုပါဦးနော်"

"နေပါဦးလားမိုးရဲ့ ... ကျွန်တော်တို့နဲ့ တစ်ခုခုလိုက်စားပါလား"

"နေပါစေ ကိုမြတ်သောမောင်။ မိုး စောစောကပဲ စားခဲ့ပြီးပါပြီ၊ ခွင့်ပြုပါဦးနော်"

သူ ခေါ်းမညိတ်ခင်မှာပဲ မိုးက လှည့်ထွက်သွားလေပြီ။ သူ့လုပ်ရပ်အတွက် မိုး ဘာမှ မခံစားရဘူးလား။ မျက်နှာက ပကတိ တည်ငြိမ်နေလို့လေ။ မင်းအသည်းက ဒီလောက်တောင် မောင်နဲ့ ပတ်သက်ပြီး မာကြောနိုင်သတဲ့လားမိုးရယ်။

"ကိုကြီး"

"ဟင်"

"ဆရာမက ဘာမှမဖြစ်သလိုပဲနော်၊ မျက်နှာကတည်ငြိတည်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်နဲ့ပဲ လှည့်ထွက်သွားတာ။ ဒါပေမဲ့လေ စာရေးဆရာမဆိုတော့ ရင့်ကျက်နေမှာပေ့ါ"

မြတ်သောမောင်ရင်ထဲမှာ ပူလောင်လောင်ကြီး ဖြစ်သွားရင်း မောင်နဲ့ပတ်သက်ပြီး မင်းရင်ထဲမှာ ချစ်ခြင်း မုန်းခြင်းတွေ ဘာတစ်ခု မရှိတော့ဘူးလား မိုးရယ်။

"ငါ့အတွက်တော့ သိပ်ချစ်မိလို့ စိတ်ညစ်စရာတွေချည်းပဲ ကြုံနေရတယ် နီနီရယ်"

✿ ✿ ✿



## အခန်း (၂၈)

**မောင်**

အချစ်ကိုအယောင်ပြပြီး
ငါ့နှလုံးသားကိုအမှောင်ချသွားခဲ့တာ။
တောင်စွယ်မှာကွယ်တော့မယ့်နေလို
မာနအောက်ကွယ်မှာ
ငါ့အချစ်တွေကွယ်ပျောက်ရတော့မှာလား။
တမလွန်ရွာမှာ
ဘဝတောင်းကိုမေ့ဖို့
မေ့ပင်အောက်ကိုဝင်ရတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုမေ့ဖို့

ငါ

မသေခင်ဘဲ

မေ့ပစ်အောက်ကိုဝင်တော့မယ်။

ကဗျာလေးကို အဆုံးသတ်ပြီး မိုးရင်ထဲမှာ မချိသောဝေဒနာက ဘယ်နေရာကနေ နာကျင်မှန်းပင်မသိပေ။ မျက်ရည်က ဝေ့တက်လာပြီး စာရွက်ပေါ်သို့ကျသွားတဲ့မျက်ရည်ကို မထိန်းလိုက်နိုင်။ ဒီကဗျာလေးရေးနေချိန်မှာ နှလုံးသားတွေပဲကြွေကုန်ပြီလား။ ချစ်တယ်လို့ အထပ်ထပ်ပြောပြီး –

အသစ်တွေ့တော့လည်း မသိတဲ့သူတွေလို ခပ်စိမ်းစိမ်းရယ်ပါ။ မိုးတုန်းကတော့ မိုးစက်မောင်နဲ့ ကိုယ့်လိပ်ပြာကိုယ်သန့်လို့ သူ့ကို ချစ်သူအဖြစ်နဲ့ပဲ မိတ်ဆက်ပေးခဲ့တာပါလေ။ အခု သူ့ကျတော့ သုံးတာတောင် ကျွန်တော်တဲ့။ အဲလောက်တောင် စိမ်းနိုင်ပြီလားမောင်ရယ်။

"မမ"

"-----"

"မမ"

မိုး မျက်ရည်တွေကို ကမန်းကတမ်းသုတ်ပြီး ကြည့်လိုက်တော့ မိုးသဲကလည်း မျက်စိလျှင်သူပီပီ မြင်ဖြစ်အောင်မြင်လိုက်ကာ–





"မမ ... မမဘာဖြစ်လို့လဲဟင်"

မိုး ခေါင်းပဲခါလိုက်ပြီးနောက် –

"နင် ဘာပြောစရာရှိလို့လဲ မိုးသဲ"

"မိုးသဲက မမကို ထမင်းစားဖို့လာခေါ်တာ။ မမ တစ်ခုခုဖြစ်နေတာ မိုးသဲသိပါတယ်နော်။ မမ ဘာဖြစ်နေတာလဲပဲ ပြောစမ်းပါ"

"ဘာမှမဖြစ်ပါဘူး"

"မမ"

"ငါ မစားချင်သေးဘူး မိုးသဲ"

"နည်းနည်းဖြစ်ဖြစ်လာစားပါ မမရဲ့။ ဟိုမှာ မိုးစက်မောင်နဲ့ မြလည်း ရောက်နေတယ်။ မမနဲ့မှ အတူတူစားမယ်တဲ့။ အားနာစရာကြီး"

"ဟင်"

မိုးစက်မောင်နဲ့မြ ရောက်နေတယ်တဲ့။ သူတို့အဆင်ပြေနေချိန်မှာ ကိုယ့်အပူ လူမသိစေချင်ပါဘူး။ ကိုယ့်အကြောင်း မသိစေချင်တာကြောင့် ဟန်ဆောင်မျက်နှာဖုံးစွပ်ရဦးမှာပေါ့လေ။

"အေး အေး ... ငါလာခဲ့မယ်"

"တစ်ခါတည်း လိုက်ခဲ့လေ မမရဲ့"

"ငါ မျက်နှာသစ်မလို့ပါ။ ပြီးရင် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒါဆို မြန်မြန်လာခဲ့နော်"

"အေးပါ"

မိုးသဲထွက်သွားတော့ မိုးပုလဲလည်း ရေချိုးခန်းထဲသို့ ဝင်ခဲ့ပြီး မျက်နှာသစ်လေသည်။ ဘာလို့လဲဆို မျက်ဝန်းမှာ မျက်ရည်တွေစို့စွတ်နေမှာစိုးလို့လေ။ မိုးပုလဲက ခံစားစရာရှိရင် ကျိတ်ခံစားပြီး ကိုယ့်ခံစားမှုတွေ သူများကို မျှဝေပေးလေ့မရှိပါဘူး။ ဒါကြောင့် ကိုယ့်ရင်ထဲကကိစ္စ ကိုယ့်ရင်ထဲမှာသာ။

ရပါတယ်မောင်။ မိုးက ထားခဲ့ရင်နေခဲ့မယ့်သူပါ။ ဘယ်သူ့ကိုမှလည်း သဝန်တို ပြဿနာမရှာဘူး။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲပေါ့။ အသက်ကလည်း ငယ်တော့တာမဟုတ်တော့ ကလေးကလားလုပ်နေစရာမှ မလိုပဲလေ။

"ဟော ... မမလာပြီ"

"မမ"

"ဘယ်အချိန်ကရောက်နေကြတာလဲ"

"ခုလေးတင်ပဲ မမ။ မမလေးက ထမင်းစားတော့မယ် တစ်ခါတည်းဝင်စားဆိုလို့ နေရာယူထားတာလေ ... ဟီး"

ဖင်လေး စပ်ဖြဲဖြဲလုပ်လေတော့ ဖြူက မျက်စောင်းလေး ဝင့်ကာ –





"ဘာဟီးလဲ မြင်းလား"

"မဟုတ်ဘူး ... ဗိုလ်အောင်ဒင်"

"ဗိုလ်အောင်ဒင်က အဲဒီလိုရယ်လို့လား"

"အင်း ... မှားလို့ ဟား ဟား ဟား ဟား"

ဖင်လေးရယ်ပြတော့ ထမင်းစားခန်းထဲကိုဝင်လာတဲ့ ဦးမိုးလွင်ပါ ဘုမသိ ဘမသိနဲ့ရယ်လေသည်။

"မင်းက ဗိုလ်အောင်ဒင်လုပ်မလို့လားကွ"

"အမယ်လေး ... ကျွန်တော် ဓားပြတိုက်ရင်လား။ ကိုယ့်သေနတ်သံကို သူများဆီကမရခင် ကိုယ်ပဲ ရင်တုန်ဖင်တုန်ဖြစ်လို့ သေးရုံအရင်ပြေးရမှာ အန်ကယ်လ်ရ"

"ဟော"

"သတ္တိရှိကြောင်းကြွားတာ"

"သတ္တိကတော့ မပြောနဲ့။ လုံနဲ့ထိုး လုံကျိုး။ ဓားနဲ့ထိုး ဓားကျိုးပဲ။ သွေးထွက်လွန်ချင်တော့ ဟိုဟာနဲ့ကျမှလေ"

"ဘာနဲ့တုံး"

"အပ်ထိုးမိမှပဲ"

"ဟား ဟား ဟား ဟား"

အားလုံးရဲ့ရယ်သံတွေ ဆူဆူညံညံပေမယ့် မိုးကတော့ပြုံးရုံ



www.burmeseclassic.com

www.burmeseclassic.com



မျှသာ။ စိတ်ပြေလက်ပျောက်တော့ အရှိသားပေါ့။ ရယ်စရာတွေ အဲဒီလိုပြောတတ်လို့လည်း သူမ မိုးစက်မောင်ကို သံယောဇဉ်ရှိခဲ့သည် ထင်ပါရဲ့။ မိုးစက်မောင်က အဲလို ရယ်စရာတွေပြောလို့ပဲ သူမ ရယ်ခဲ့ ရသည်လေ။ ပျော်လည်းပျော်ခဲ့ရသည်ပေါ့။

မိုးစက်မောင် ခုမှပဲ မမျက်နှာကို သေသေချာချာကြည့်မိတော့ ခါတိုင်းဆို အမြဲတမ်း သနပ်ခါးပါးကွက်ကလေးနဲ့ ယဉ်စစရှိနေတဲ့ မမ။ ခုတော့ မျက်နှာက ပြောင်သလင်းခါနေလို့ပါ။ ဘာလို့ သနပ်ခါး မလိမ်းတာလဲလို့ ဒဲ့မေးရင် ဖြေချင်မှဖြေမှာလေ။ စိတ်ညစ်စရာတွေ ရှိနေတယ်ဆိုရင်ပေါ့။ ဒါကြောင့် –

"မမ"

"ဟင်"

"စာတွေ တော်တော်ကြိုးစားပြီး ရေးနေတယ်ပေါ့ ဟုတ်လား"

"အင်းပေါ့ . . . စာရေးဆရာမပဲ စာကိုကြိုးစားရေးရတာပေါ့"

"ဟုတ်မှာပါ၊ သနပ်ခါးတောင် မလိမ်းနိုင်ဘူး"

မိုး ကိုယ့်မျက်နှာလေးကိုယ်ပြန်စမ်းကြည့်မိပြီး ကိုယ့်မျက်ချေးကို မြင်သွားတဲ့ မိုးသဲကို မလုံမလဲနှင့် ကြည့်လိုက်မိတော့ မိုးသဲက





ဘာမှမသိသလို လုပ်နေလို့ တော်သေးတာပေါ့။ မှသားမပါ လက်ာ မချောဆိုတဲ့အတိုင်း –

"စာအုပ်က ဖတ်သိမ်းပိုင်းရောက်နေပြီလေ၊ ဒီနေ့အပြီးရေး မယ်ဆိုပြီး စိတ်စောနေလို့ မလိမ်းဖြစ်သေးတာပါ။ ပြီးရင် လိမ်းမလို့ပါပဲ"

"နေ့လယ်စာပဲစားနေပြီ၊ ခုမှတော့ လိမ်းမနေပါနဲ့တော့ မမ ရယ်။ သနပ်ခါး မလိမ်းတဲ့ တို့မမက ကြည့်ကောင်းပြီးသားပါ"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ"

"ငါးချဉ်မဟုတ်ပါဘူး မမရဲ့၊ သကြား။ မမ မျက်နှာရော အသံရောက ချိုနေတာပဲဥစ္စာ"

"ဟုတ်လား"

"ဟုတ်ပ့ါ"

"စား စား မလောက်ငှပုံပေါက်ရင် မမ ထသွားပေးမယ်"

"ဟာ . . . မမကလည်း မောင်လေးက တကယ်ပြောတာကို"

အသံတိတ်သွားပြီး ထမင်းကိုသာငုံ့စားနေတဲ့ ဖြူ့ဆီကို မိုး အကြည့်က ရောက်သွားပြီး –

"ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အသံတိတ်လှချေလား။ စကားလေးဘာလေး ပြောပါဦး ဖြူရဲ့"

မိုးပြောလိုက်မှပဲ ဖြူ ခေါင်းလေးမော့ကာ ပြုံးလိုက်ပြီး –

"ဖြူ ဘာပြောရမှန်းမသိလို့ပါ မမရဲ့"

"စကားတွေပြောပေါ့"

မိုးလည်း ရယ်စရာမဟုတ်ပေမယ့် စနောက်ပေးလိုက်တာ စိတ်ပြေလက်ပျောက်ပါ။ ဪ အရင်က မိုးထင်ခဲ့တာ အသည်းကွဲရှင် အနုပညာသမားတွေအတွက် အနုပညာဖန်တီးမှု ပိုပြီးရသမြောက်မယ်လို့ ထင်ထားခဲ့တာလေ။ တကယ်တမ်းမှာ သူမ စာတောင်ကောင်းကောင်းမရေးနိုင်ခဲ့ပါဘူး။

နောက်များမှာတော့ သင်ခန်းစာတွေ တစ်ပွေ့တစ်ပိုက်နဲ့ အတွေ့အကြုံတွေ ရင့်ကျက်မှုနဲ့ ရသမြောက်လာမှာပါ။ ခုလောလောဆယ်တော့ ရသမမြောက်နိုင်သေးတာ တကယ်။ ဪ အချစ်ဆိုတဲ့ အချက်က ကိုယ့်အတွက်တော့ ပူလောင်မှုတွေပဲလား။

"စားနေတဲ့ တို့ကဆိတ် တို့ကနန်းနဲ့ စားမကောင်းဘူးလား သမီးရဲ့"

"ဪ ... ဟို တကယ်က သမီးမဆာသေးဘူး ဖေဖေရဲ့





မဆာတဲ့ဝင်စားလိုက်တော့ စားမကောင်းဘူးပေါ့"

"ဟင် ... ဖြူတို့ကြောင့် မမဝင်စားတာလား။ မမကို အားနာလိုက်တာ"

"ရပါတယ် ညီမလေးရဲ့။ ခုလို လူစုံတက်စုံက စားရခဲတယ်လေကွယ်"

"ဖြူ ထည့်စားလေ၊ မိုးစက်မောင် မင်းချည်းပဲစားမနေနဲ့လေ။ ဖြူ့အထဲကို ဟင်းတွေခပ်ထည့်ပေးဦးမှပေါ့"

"ဟုတ်ကဲ့ မမလေး။ ဒါဆို အားမနာတော့ဘူးနော်"

"ဟဲ့ ... အားနာစရာလား။ တို့က မောင်နှမတွေလေ။ ကိုယ့်ယောက်မလေးကို စားစေချင်တာပေါ့"

"ကဲ ... ဟုတ်ပါပြီဗျာ၊ ကဲ ... ဖြူ ရော့စား"

မိုးစက်မောင်၊ ဖြူ့ပန်းကန်ထဲသို့ ဟင်းစုံအောင် နည်းနည်းစီ ခပ်ထည့်ပေးတော့ ဖြူ့ရင်ထဲမှာ ကျေနပ်ခြင်းများစွာနဲ့သာပေါ့။

သူမ လိုချင်တာ ကိုကို့ဆီက အဲဒီလို ဂရုစိုက်မှုတွေပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

မိုး အရင်လို နေရာတကာမှာ မိုးစက်မောင်ကို လိုက်ပိုနိုင်ပြီး ခေါ်သွားတာမျိုး မလုပ်ချင်ပေ။ ဒါကြောင့် သူငယ်ချင်းဖြစ်သူ မွေးကိုပဲ ဖုန်းဆက်လေတော့ –

"အံမယ် ...မိန်းမ ခုမှပဲ ငါ့ဆီဖုန်းဆက်ဖော်ရတယ်။ ပြောပါဦး ဘာတွေဆက်ဆံရေးကျဲနေတာလဲ"

"ဩော် ... နင်ကရော ငါ့ဆီ ဘယ်နှစ်ခါဆက်လဲ ပြောပါဦး"

"ငါ အလုပ်မအားလို့ပါဟာ"

"ငါလည်း နင့်လိုပဲပေါ့"





"ဟုတ်လား ...အေးပါ၊ အခုရော သတိရလို့ဆက်တာလား ပြောစရာရှိလို့ ဆက်တာလား"

ဟုတ်သားပဲ။ ပြောစရာရှိလို့ ဆက်ဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် မိုး စိတ်မလုံဖြစ်သွားရ၏။

"သတိရလို့ဆက်တာပေါ့၊ ပြောစရာလည်း ရှိတယ်"

"ထင်သားပဲ"

"မထင်နဲ့ ... ဒီနေ့ နင်အားလား မွေး"

"အင်း ... ဒီနေ့တော့ အားပါတယ်၊ ဘာဖြစ်လို့လဲ"

မိုး ချက်ချင်း ပြန်မဖြေဖြစ်တော့ –

"ဟဲ့ ... ပြောလေ"

"နင်နဲ့ မတွေ့တာကြာတော့ အတူတူ လျှောက်လည်ရအောင်လေ ဖြစ်လား"

"အင်း ... ဖြစ်ပါတယ်၊ နင် ငါ့ကိုလာခေါ်လေ။ ငါစောင့်နေမယ်"

"ဒါဆို အိုကေ"

"ငါ ဖုန်းချလိုက်တော့မယ် အလုပ်ပြင်ဦးမှ"

"လုပ်မနေပါနဲ့ဟာယ်၊ နဂိုရှိမှ နဂိုင်းထွက်တာပါ"

"ဩော် ... နင်ကတော့ ဟုတ်တာပေါ့။ ဒီက မုတ္တမပကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့မယ်"

"မပြောနဲ့ ငါဖုန်းချပြီ"

"အေးပါ . . . အေးပါ"

"တီ"

တစ်ဖက်က ဖုန်းချသွားပြီမို့ မိုးလည်း အပြင်သွားဖို့ ပြင်ရ လေသည်။ မိုးကချောတဲ့လှတဲ့စာရင်းထဲမှာ မပါပါဘူး။ ယဉ်တာပါ။ ရွှေညိုရောင်ဝမ်းဆက်ကလေးဝတ်ပြီး ဆံပင်တွေကို ရှေ့ ကပိုကရို ကာ နောက်ကိုတော့ ခေါင်းစီးကွင်းရွှေညိုရောင်လှလှလေးနဲ့ စီးလိုက်ရ နဲ့ အလှပြင်ခြင်းကိစ္စက ပြီးမြောက်သွားပါပြီ။

ကားကို ကိုယ်တိုင်မောင်းလာတာဖြည်းဖြည်းပါ။ မိုးကဲ ကား မောင်းရင်တော့ ကြောက်တတ်တယ်လေ။ ကြောက်တတ်ရင် ဝန်ကင်း တာပေါ့။ မွှေးကိုဝင်ခေါ်ပြီး မိုက်အရင်ဖြည့်ကြသေး၏။ ပြီး ဘယ်သွား ရမှန်းမသိသေးတော့ မွှေးကပဲ –

"ကဲ . . . မိုး"

"ဟင်"

"ဘယ်သွားမယ် စိတ်ကူးထားလဲ"

မိုး စဉ်းစားသလိုလေးလုပ်ပြီးမှ –

"ရွှေတိဂုံဘုရားကို အရင်သွားဖူးမယ်လေ။ ပြီးမှ နောက်ထပ်





သွားဖို့ စဉ်းစားကြတာပေါ့"

"အိုကေ"

အရင်တုတည်းက တစ်ယောက်ခါဆို တစ်ယောက်က မငြင်း ခဲ့တဲ့အတိုင်း ရွှေတိဂုံဘုရားသို့ အရင်သွားခဲ့ကြသည်။ ဘုရားကို ဖူး လိုက်တော့ ဝေဒနာအပူမီးတွေ တစ်ဝက်ငြိမ်းအေးသက်သာသွားသလို ပါပဲ။ ဒါပေမဲ့လေ ဒီဝေဒနာမျိုးကို လောကကြီးမှာ သူမတစ်ယောက် တည်းခံစားရတာမှ မဟုတ်ဘဲ။

အချစ်ကိုကိုးကွယ်သူတိုင်း၊ သစ္စာတရားကို တန်ဖိုးထားသူ တိုင်း ဒီခံစားမှုမျိုးနဲ့ ကြုံရမှာ မြေကြီးလက်ခတ်မလွဲပဲလေ။ မိုး ကိုယ်ပိုင် အချစ်ဇာတ်လမ်းကို ကိုယ်တိုင်ပဲ အဆုံးသတ်ရတော့မလား။

"ဟဲ့ . . . မိုး"

"ဟင်"

"ဟိုမှာ ကြည့်စမ်း"

မွှေး လက်ညှိုးထိုးပြရာသို့ လှမ်းကြည့်လိုက်တော့ မြတ်သော မောင်နှင့် နှင်းဆီနီဆိုတဲ့ မိန်းကလေးပါ။ ကိုယ့်ချစ်သူနဲ့တွဲတဲ့ မိန်း ကလေးဆိုတော့ တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိတာပေါ့။

"ကောင်မလေးနဲ့ပါလား"

ရင်ထဲမှာ ရှုးနင့်သွားရပြီး မိုး ချက်ချင်းပဲ အကြည့်လွှဲပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်မလေးက သူ့လက်မောင်းကို ချိတ်ပြီး ရယ်လို့ မောဖို့ ပဲလေ။

"နင်တို့ အဆင်မပြေကြဘူးလား မိုး"

မိုးကမဖြေ။

"မြတ်သောမောင်ကို ငါသွားတွေ့မယ်"

"မွှေး"

မိုး မွှေးလက်ကို ဖမ်းဆွဲထားလိုက်ပြီး –

"ဘာလို့သွားရမှာလဲ။ သူများအပျော်တွေကို မဖျက်ဆီးစမ်းပါနဲ့။ သူ့ကို ငါသိတယ်။ နာမည်က နှင်းဆီနီတဲ့။ သူသူငယ်ချင်းရဲ့ ညီမလို့ ပြောတာပဲ"

"ဟယ် . . . နင်က သူပြောတိုင်းယုံတာပဲလား"

"မယုံပါဘူး။ မယုံလို့လည်း ဖြတ်ဖို့ ငါကြိုးစားနေတာ။ အဲဒီကိစ္စကြောင့် ငါညစ်နေတာလေ။ အဲဒါကြောင့် ဆေးကြောဖို့ နင်နဲ့အတူတူ လျှောက်လည်တာပေါ့"

"အခုရော"

"ဟင် . . . ဘာလဲ"

"ဝေဒနာသက်သာလားလို့ မေးတာ"

"ဘုရားဖူးလိုက်ရတော့ တစ်ဝက်သက်သာသွားပါပြီ။ ဝဋ်





အတွက် နင် ဘာမှ စိတ်မပူနဲ့။ ငါ့မှာ ဖြေစရာ ဆေးရှိပါတယ်"

သူ ဘာပဲပြောပြော မွှေးကတော့မယုံပေ။ ဒီဝေဒနာမျိုးက လတ်တလောအဖို့မှာ ခံရအခက်ဆုံးပဲဥစ္စာ။ အချို့ဆို ရူးချင်စိတ် သေချင်စိတ်တောင်ပေါက်ကြတာ။ ကိုယ်လည်း ဟိုအရင်က ခံစားခဲ့ဖူး တော့ သိနေတာပဲလေ။ သူ မာနနဲ့ဖုံးကွယ်ထားတာ ဖြစ်မှာပါ။

မိုးကိုသိပ်ချစ်ပါတယ်ဆိုတဲ့ မြတ်သောမောင်။ အခု ဘယ်လို များဖြစ်သွားပါလိမ့်။ ဒါပေါ့လေ ယောကျ်ားတွေက ဒီလိုပဲ အပြောင်း အလဲမြန်ကြတာပဲ ဥစ္စာ။ မိန်းကလေးအများစုကတော့ သူတို့သင်ပေး လို့ပဲ ချစ်တတ်ကြ၊ သူတို့သင်ပေးလို့ပဲ မုန်းတတ်ခဲ့ကြရတာ။ လက်ထပ် ဖို့အထိ မရည်ရွယ်ဘဲ အပျော်တွဲတဲ့ မိန်းကလေးဆိုလည်း သူတို့ ကြောင့်ပဲ ရင့်ကျက်ခဲ့ကြလို့ပေါ့။

"နင်က ငါ့ထက်သာတယ် သိလား မိုး။ ငါ့တုန်းကတော့ ငိုလိုက်ရတာ မပြောပါနဲ့တော့"

မိုး မွှေးမျက်နှာကို ခပ်ငေးငေးလေးကြည့်လိုက်မိ၏။ မိုး ငိုတာကို သူမမြင်ပဲလေ။ မိုးကရော ကျောက်ခဲနှလုံးသားပိုင်ရှင်မှ မဟုတ်တာ။

"တို့သွားရအောင် မွှေး"

"အေးပါ . . . တို့သွားတာ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မွေးက အားပေးသလို မိုးလက်ကို ဆုပ်ကိုင်ပြီး ထွက်လာခဲ့ကြစဉ် –

"မိုး"

"____"

"မိုး"

ခေါ်သံကြားပေမယ့် မိုးစိတ်ကိုတင်းပြီး ဆက်လျှောက်လာခဲ့ရာ –

"မိုး နေပါဦး"

"ဟင်"

နောက်ကလိုက်လာပြီး လက်ကိုဖမ်းဆုပ်ထားတာမို့ မိုး ခါထုတ်လိုက်ပြီး သူ့ကိုမော့ကြည့်လိုက်စဉ် –

"မိုး"

"ဩော် . . . ကိုမြတ်သောမောင်"

"မိုး မောင့်ကို ဘယ်လိုခေါ်လိုက်တာလဲ"

"အဲဒါ ရှင်ပြောင်းလဲပေးတဲ့ သတ်မှတ်ချက်ပဲလေ။ နာ ဝမ်းနည်းမနေပါနဲ့"

"မဟုတ်ဘူး မိုး။ မောင် ရှင်းပြပါရစေ"

"ကျွန်မ ရှင့်ကို ဘာမှမပြောမိသေးပါဘူး"





"ဟုတ်ပါတယ်၊ မိုး ဘာမှမပြောပေမယ့် မောင် သိနေတယ်။ မောင် မှားတာပါ၊ မောင်မှားခဲ့တာကို ဝန်ခံပါတယ် မိုးရယ်။ မောင် မိုးအပေါ် သဝန်တိုတဲ့စိတ်နဲ့ နီနီနဲ့ တစ်မျိုးထင်အောင် တွဲပြခဲ့တာ။ အခု မိုး ဥပေက္ခာပြုနိုင်တာကို မြင်လိုက်ရတော့ မောင် မခံစားနိုင်ဘူးကွာ"

ယုံလိုက်ရမှာတဲ့လား။ မိုးရင်ထဲမှာတော့ နွေပေါင်းများစွာ ခနေခဲ့တာပဲလေ။ နောက်ထပ် နီနီပါ အနားကိုရောက်လာပြီး –

"ဟုတ်တယ် မမရဲ့၊ ကိုကြီးနဲ့နီက မောင်နှမအရင်းတွေလို ခင်ကြတာလေ"

"မိုးနဲ့မိုးစက်မောင်လိုပေါ့"

"ဩော်"

ဒီလိုရှင်းပြတော့ မိုး ငိုချင်စိတ်ပေါက်သွား၏။ သူညာနေတာ ဆိုရင်တောင် ချစ်တဲ့စိတ်က ညာတာလေးပဲ ယုံချင်တယ်ဆိုတာမျိုး ပေါ့လေ။

"ကိုကြီး . . . နီနီ ကိုယ့်ဘာသာပဲ ပြန်တော့မယ်၊ မမကိုချော့လိုက်ပါဦး"

"အင်း"

တော်တော်ငြင်းရှာတာပဲ အင်းတဲ့၊ မိုး ယုံလိုက်ရတော့မလား



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်။ မွှေးကလည်း ပွဲကြည့်ပရိသတ်လို ဘာမှမပြောတော့ဘေ
ငိုခဲ့ရတဲ့မျက်ရည်တွေအတွက် မကျေနပ်ချင်ပေမယ့် သံယောဇဉ်ဟာ
မပြတ်နိုင်ဘူးဆိုတော့လေ။

"မိုး"

"___"

"မိုးတို့ ဘယ်သွားမှာလဲ၊ မောင်လိုက်ပို့ပေးမယ်နော်"

"ကျွန်မမှာ ကားပါတယ်"

"မိုးရယ် . . . အဲဒီ ကျွန်မ ရှင်ဆိုတာကြီးတွေ မသုံးစမ်းပါနဲ့
မောင် မခံစားနိုင်ဘူး"

"တော်စမ်းပါ"

မိုး ထွက်လာခဲ့တော့ သူက နောက်မှလိုက်လာပြီး စကား
တွေပြောတာ တတွတ်တွတ်နှင့်ပါ။ မိုးက အင်းတစ်လုံးပဲခတ်ကာ ဘာမှ
ပြန်မပြောတော့။

မွှေးကပဲ -

"မိုးရယ် . . . နင်ကလည်း စကားလေးဘာလေး ပြန်ပြောပါ
ဦးဟဲ့"

"မပြောဘူး"

"မွှေးသူငယ်ချင်းက ငှက်ပျောဖူးစားချင်တယ်တဲ့။ ရှာကျွေး





ဦးမှ ထင်တယ်"

"ငှက်ပျောဖူးမကျွေးနဲ့ ကြက်ဖင်ကျွေး . . . ခစ် ခစ်"

သူတို့နှစ်ယောက်ရယ်တော့ မိုးက ပြုံးမိတာကိုပင် မျက်နှာလွှဲ
ထားလိုက်မိတယ်။ မွှေးက အခုတစ်မျိုး တော်ကြာတစ်မျိုးလို့ ပြောချင်ပြောမှာ
လေ။

အပြောမခံနိုင်ပါဘူး။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"စံပယ်ပန်းလေး ဖြူစင်သလို စံပယ်ပန်းလေးမွှေးသလို စံပယ်ပန်းလေး လှသလို မောင့်ချစ်သူလေးလို လှနိုင်ကြပါစေ"

မြတ်သောမောင်တစ်ယောက် မိုးခေါင်းမှာ စံပယ်ပန်းလေးတွေ ပန်ပေးရင်း "စံပယ်ပန်း" သီချင်းကို ဟိုမစပ် ဒီမစပ်ဆိုလေတော့ . . .

"မောင့်သီချင်းကလည်း အစမရှိ အဆုံးမရှိနဲ့ ဘာကြီးလဲ တစ်ပုဒ်လုံးမရဘူးလား"

"ရတယ်လေ . . . စံပယ်ပန်း ပန်ပေးလို့ ပါးစပ်ထဲတွေ့ရာဆို တာကို။ မိုး နားထောင်ချင်လို့လား။ မိုးနားထောင်ချင်ရင် မောင်





ဆိုပြမယ်လေ"

"နားထောင်ချင်တာပေါ့ မောင်ရဲ့၊ မိုးက ကိုယ့်ချစ်သူဆိုတဲ့ သီချင်းသံကို နားမထောင်ချင်ဘဲနေပါ့မလား။ ဆိုပြလေ"

"အင်း . . . ဆိုပြမယ် နားထောင်"

"အင်း"

"အဟမ်း . . . အဟမ်း"

မိုး မောင့်မျက်နှာကို မော့ကြည့်ရင်း နားလေးစွင့်ထားမိလေသည်။ နားစွင့်နေတုန်းမှာပဲ –

(ဖြူဖွေးသောစံပယ်ပန်းလေး xxx မြင်သူပြေး xxx မွှေးချင်တာ xxx သူ့ဘာဝ သူ့အလှ သူ့ကံကြောင့်သာ xxx မာနမပါ စင်ကြယ်သော xxx ကောင်းသောဂုဏ်သတင်းများနဲ့ လူတိုင်းချစ်တာပါ xxx အရောင်အသွေးလည်း မဆန်းကြယ် xxx အဖြူရောင်လေးနဲ့ လှတယ် xxx ပျို့မေတွေကြိုက်တဲ့ ချစ်စရာစံပယ်လေးရယ်)၂

(ရှင်တော်ဘုရားမှာ ပူဇော်တာ စံပယ်ပန်းလေးပါ xxx ဘုရားပွဲမှာ ပူဇော်တာ စံပယ်ပန်းလေးပါ)၂ xxx မြတ်နိုးစရာများနဲ့ xxx တန်ဖိုးထားကြပါတော့ xxx လေယူရာရနံ့သင်းသော ++ စံပယ်ပန်းလေးကို xxx (လူတွေ တော်တော်ခေါင်းပေါ်မှာ ပန်ဆင်ထားကြတာ xxx ပျို့ပျို့တွေလည်း ခေါင်းပေါ်မှာ ပန်ဆင်ထားကြတာ xxx)၂



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာရှိသော သန့်ရှင်းသော ××× အလှတရားများနဲ့ လောကကြီးကို အလှဆင်တယ် ××× စံပယ်ပန်းလေးဖြူနေသလို ××× စံပယ်ပန်းလေးမွှေးသလို ××× စံပယ်ပန်းလေး လှသလို ×××

အားလုံးလည်း လှနိုင်ကြပါစေ ×××

အားလုံးလည်း လှနိုင်ကြပါစေ ×××

အားလုံးလည်း လှနိုင်ကြပါစေ ×××

အားလုံးလည်း လှနိုင်ကြပါစေ ×××

သီချင်းဆုံးသွားလို့ မြတ်သောမောင် မိုးမျက်နှာလေးကို ငုံ့ကြည့်လိုက်တော့ သူ့ကိုမော့ကြည့်ပြီး ပြုံးနေတာ အသည်းယားစရာပါ။ နောက် ချက်ချင်းမျက်နှာလွှဲသွားတာကိုပဲ သူ ပြန်ဆွဲလှည့်ကာ–

"ဘယ်လိုလဲ မောင်ဆိုတာ နားထောင်လို့ကောင်းရဲ့လား"

"အရမ်းနားထောင်လို့ကောင်းတယ်"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို ဆုချလေ"

"ဘာဆုချရမလဲ။ မောင်လိုချင်တာပြောလေ"

"အာဘွား"

"အာဘွားတော့မရဘူး လက်ဝါးပဲရမယ်"





"ဟင်"

"အဲ"

လွှတ်ခနဲထွက်သွားပြီးမှ မိုး မောင့်ကိုအားနာလိုက်တာ။ ဘာလို့လဲဆို ဝတ္ထုထဲမှာ ဇာတ်ကောင်တွေ မတည့်ကြတဲ့အခန်းဆို တစ်ယောက်နဲ့တစ်ယောက် ဒိုးခနဲ ဒေါက်ခနဲ ထော်လော်ကန့်လန့် ပြောတတ်တာတွေ ရေးရတော့ မေ့ပြီးပြောလိုက်မိတာပါ။ ဒါကို မောင် များ ကြိုက်ပါ့မလားဆိုပြီး–

"ဆောရီး ဆောရီးနော်မောင်"

"ရပါတယ် မိုးရဲ့၊ မောင်နားလည်ပါတယ်"

တော်ပါသေးရဲ့။

"မိုး ရိုက်ရက်ရင် ရိုက်လေ။ ရိုက်ပြီးရင်တော့ ဖြေဆေးပေးရမယ် ဘယ်နှယ်လဲ"

"မောင်နော်"

ရှက်ဝဲဝဲမျက်နှာလေးက ဟိုလွှဲ ဒီလွှဲဖြစ်သွားပြီ။ ရင်ထဲမှာ လိုက်ခနဲ ဖြစ်သွားတာသည် မိုးက မောင် အဲဒီလောက် စကားမတတ်ဘူးလို့ ထင်ထားတာ။ အချစ်နဲ့ပတ်သက်လာရင် သူ့အလိုလို တတ်လာကြတဲ့ ရင်ထဲကစကားတွေလို့ မှတ်ယူလိုက်ပြီး–

"မောင် အရင်လိုမဟုတ်တော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာဖြစ်လို့လဲ မောင့်ချစ်သူရဲ့"

"စကားတွေ တတ်နေလို့ပါ"

"အဲဒါ အချစ်နဲ့ပတ်သက်ပြီး တတ်လာတာလေ။ ဒါမျိုးက သင်စရာမှမလိုတာ မိုးရဲ့"

"ကဲ . . . ဟုတ်ပါပြီ"

"မဟုတ်တာက ဘာလဲ"

"မောင်ပေါ့"

ပါးစပ်ထဲတွေ့ရာပြောလိုက်တာကိုပဲ –

"မောင်က ဘာလုပ်နေလို့လဲ"

"မိုးကို ညာလို့ပေါ့။ ဒီမှာ ဘယ်လောက်ငိုလိုက်ရလဲ . . . သိလား"

"ဟုတ်လား . . . အဲဒီကိစ္စအတွက် မောင် တောင်းပန်ပါတယ် မိုးရယ် တကယ်ပါ။ မောင်လည်း ခံစားရတာပဲလေ"

တကယ်ပါလေ။

အဲဒီတုန်းက ကိုယ့်တာသာညာပြီး မြတ်သောမောင် လိပ်ပြာမလုံခဲ့ပေ။ လိပ်ပြာမလုံတာထက် ကိုယ်လည်း ခံစားရတာ အလူး အလိမ့်ပါ။ မိုး စိတ်ခုသွားမှာကိုမလိုလားသလို ကိုယ်တိုင်လည်း မိုးကိုမမေ့နိုင်။





"နောက်ကို အဲလိုမျိုး စိတ်မစမ်းပါနဲ့ မောင်ရယ်။ မိုး မခံစားနိုင်လို့ပါ"

"အင်းပါ"

"တကယ်နော်"

"မောင့်ကို ဘယ်လောက်ချစ်လဲ"

သူမေးချင်တာကိုပဲ ဖွတ်မေးလိုက်တော့ မိုးကမဖြေ။ ဝတ္ထုတွေထဲမှာသာ ချစ်တယ်ဆိုတဲ့စကားတွေ အပ်ကြောင်းထပ်အောင် ရေးခဲ့ပေမယ့် တကယ်ကိုယ်တိုင် ပါးစပ်ကထုတ်ပြောဖို့ကျတော့ မိုး ရှက်ရွံ့နေသည်သာ။

"ဖြေလေ မိုးရဲ့"

"ဟင့်အင်း . . . မဖြေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

မြတ်သောမောင် ချစ်သူ့မေးစေ့လေးကိုကိုင်ပြီး မျက်နှာလေးကို မော့ယူလိုက်ကာ –

"ဖြေပါမိုးရဲ့ . . . ချစ်သူချင်း ဘာရှက်စရာရှိလို့လဲ။ မဖြေရင် ဖက်နမ်းမှာနော်"

"မောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုဖြေ"

"ဖြေမယ် . . . ဖြေမယ်"

မိုး သူ့လက်ကို ဖယ်လိုက်ပြီး –

"နှမ်းစေ့လောက်"

"ဟင်"

ဖြေပြီး မိုးက ရယ်နေ၏။ ချစ်သူနဲ့အတူရှိနေပြီး ချစ်စကားတွေ ပြောလို့မကုန်နိုင်အောင် ရှိနေတဲ့ အပျော်ကတစ်မျိုး။ မောင်နှမချစ်နဲ့ အတူရှိနေပြီး စလိုက်နောက်လိုက် အချိန်မှာဖြစ်တည်လာတဲ့ အပျော်က တစ်မျိုး။

အပျော်တောင်မှ သီးခြားစီပါ။

ဒါကို ဘာလို့ နားမလည်နိုင်ကြပါလိမ့်။

"မိုးက မောင့်ကို တော်တော်ချစ်တာပဲ။ မောင်ကတော့လေ မိုးထက် အမြဲပိုတယ်သိလား။ မိုးနဲ့ပတ်သက်လာရင် သဘောထား ပြည့်ပါတယ်ဆိုတဲ့ မောင့်စိတ်တွေ တစ်ခါတစ်ခါ ဘာဖြစ်မှန်းကို မသိတော့ဘူး"

"ဟုတ်လား"

"ဒါပေါ့"

မိုးလည်း ဒီအတိုင်းပါပဲဆိုတဲ့ စကားက ပါးစပ်ထုတ်မပြော





ဖြစ်တဲ့ ရင်ထဲမှာသာ။ တစ်ခါတစ်ခါ အချစ်က လူကိုလှည့်စားတတ်သည် လေ။

ဒါကြောင့် ယုံလို့မရတဲ့ ကံကြမ္မာကို အလိုမကျစွာနှင့်ပဲ စကား တွေ အလွန်အကျွံမပြောချင်။

"ဒါနဲ့ လာမယ့်ကြာသပတေးနေ့ဆို မိုး မွေးနေ့နော်"

"ဟုတ်တယ်လေ၊ မောင်က ဘာလက်ဆောင်ပေးမှာလဲ"

"အဲဒါတော့ surprise လေ မိုးရဲ့"

မိုး ထပ်မမေးတော့ပေ။ မွေးနေ့မှာ ချစ်သူက ဘာ လက်ဆောင်ပေးမလဲလို့ တွေးရင်း ရင်ခုန်ရတာ အရသာတစ်မျိုးမို့ပါ။ ဘာပဲပေးပေး အချစ်ရဲ့အငွေ့အသက်တွေ ထုံမွှမ်းထားခြင်းနဲ့ တန်ဖိုး ဖြတ်လို့ ရမှာမှမဟုတ်တာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဒီနေ့ မမရဲ့မွေးနေ့ပါ။

ဒါကြောင့် မိုးစက်မောင် လက်ဆောင်ကို ဘူးလေးနဲ့ ပါဆယ်ထုပ်လာခဲ့တာ။ Surprise လုပ်ချင်လို့လေ။ ကိုယ်နဲ့အတူပါလာတဲ့ ဖြူတောင် အထဲမှာ ဘာရှိလဲမသိလို့ သိချင်နေတာပေါ့။ ဒါကြောင့် သိချင်စိတ်နဲ့ ဘူးလေးကို တကြည့်ကြည့်ဖြစ်ပြီး –

"ကိုကို"

"ဟင်"

"အထဲက ဘာပစ္စည်းလဲသိချင်လို့ ပြောပြပါ ကိုကိုရဲ့"

"ဟိုရောက်ရင် သိရမှာကို"





"ဟင့်အင်း ... အခုသိချင်တာ ပြောပြ"

"အသေသတ် မပြောပြဘူး"

"ကိုကို"

စိတ်မရှည်သံလို ခေါ်ပြီး ဖြူ နှုတ်ခမ်းစူသွားလေတော့၏။ ကိုယ့်တုန်းကတော့ ရိုးရိုးရှင်းရှင်း ရေမွှေးပုလင်းပဲ ပေးခဲ့တာလေ။ ခုမှ ဘယ်လိုစိတ်ကူးနဲ့ ဘာတွေ ထွင်လာတယ် မသိပါဘူး။ မကျေနပ်တာပြောပြရင် စကားများရမှာစိုးလို့ ဖြူ မပြောတော့ပါဘူး။ ဒါကြောင့် နှုတ်ဆိတ်၍ပဲ နေလိုက်တာပါ။

ဇင်လေးကတော့ မမအတွက် သူပေးမယ့်လက်ဆောင်လေးကို သဘောကျစွာနှင့် ပြုံးနေမိသည်သာ။ ဖြူတုန်းကတော့ ချေးများတတ်သူမို့ ဘာပေးရမှန်းမသိဖြစ်ကာ ရေမွှေးပဲ ပေးဖြစ်ခဲ့သည်လေ။ မမကတော့ ဘာဖြစ်ဖြစ် အနုပညာသမားဆိုတော့ သူ့အမိပ္ပာယ်နဲ့သူ သဘောကျမှာပါ။

"ဟော ... မမရေ ဟိုမှာ မိုးစက်မောင်တို့လာပြီ"

"လာ လာ ... မောင်လေး"

"အစ်ကိုရော ရောက်ပြီလား"

"ရောက်ပြီလေ ...ဟိုမှာ ထိုင်စောင့်နေတယ် သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"မိုး"

"ဟား ဟား ဟား"

ဟုတ်ဆိုရင် မိုးတောက်တာလားလို့ ပြန်မေးတဲ့စကားကို သူတို့နှစ်ယောက်ပဲ သိတာမို့ မိုးစက်မောင်ရယ်လိုက်တာဖြစ်၏။ မွေးနေ့က မိုး ဘာပွဲမှလုပ်တာမဟုတ်ပါဘူး။ မြတ်သောမောင်နဲ့ မိုးစက်မောင်တို့အဖွဲ့ကိုသာမှာပြီး အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်ကျွေးတာလေ။

"နောက်ကျလှချေလားကွ"

"အစ်ကိုက စိတ်စောနေတာပါဗျာ"

"အင်း . . . ဟုတ်တာပေါ့"

"ကဲ . . . မိုးသဲရေ ပြင်တော့ဟေ့။ ငါ ဖေဖေ့ကို သွားခေါ်လိုက်ဦးမယ်"

"နေပါဦး မမရဲ့ စောပါသေးတယ်။ မွေးနေ့လက်ဆောင် အရင်ပေးကြမယ်လေ"

"ဟုတ်သားပဲ မိုးရဲ့"

"သဘော . . . သဘော"

ပြောပြီး မိုး ပြန်ထိုင်လိုက်၏။ ဟုတ်တော့ဟုတ်ပါတယ်။ အချိန်ကစောနေသေးတာလေ။ မိုးသဲကစ၍ –





"ကဲ . . . ဘယ်သူကအရင်ပေးမှာလဲ ပေးလေ။ ဒီကသိချင်လှပြီ"

"အစ်ကို အရင်ပေးလေ"

"မင်းပဲ အရင်ပေးပါ"

"ဟာ . . . မဟုတ်တာ၊ အစ်ကို အရင်ပေးမှပေါ့"

"မင်းပေးပါ"

"ကဲ ကဲ . . . မောင်ပဲ အရင်ပေး"

လက်ဆောင်ပေးဖို့ စကားဖန်လိုက်တာ ဖြူလေ။ ဘာလို့လဲဆို ကိုကို့လက်ဆောင်က ဘာလဲဆိုတာ သိချင်လို့ပါ။ အခု ကိုမြတ်သောမောင်က အရင်ပေးမယ်ဆိုတော့ စောင့်ရုံးမှာပေါ့။

မြတ်သောမောင် ကိုယ်ယူလာတဲ့လက်ဆောင်လေးကို ထုတ်ပြီး မိုးလက်ထဲကိုထည့်လိုက်တော့ –

"ဟယ် . . . ထီးလေးပါလား"

"မိုး သဘောကျရဲ့လား"

"သဘောကျတာပေါ့ မောင်ရဲ့။ ထီးဆိုတာ အရိပ်တစ်ခုပဲလေ"

"ဟုတ်တယ်၊ မောင်ကလည်း မိုးဘဝကို အရိပ်မိုးပေးမယ့် ထီးလေးပဲဖြစ်ချင်တာ။ အဲဒါကြောင့် ထီးလက်ဆောင်ပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့စိတ်ကူးက ကောင်းပါတယ်။ ကျွန်တော်နဲ့တော့ စိတ်ကူးက မတူဘူး။ ကျွန်တော်က မမ ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီးကို လျှောက်နိုင်အောင်လို့ ပေးတာဒီမှာ"

"ဘာလဲဟင်"

"ဖွင့်ကြည့်ပေါ့"

မိုးစက်မောင်ကမ်းပေးတဲ့ဘူးလေးကို လှမ်းယူပြီး ဖွင့်ကြည့်တော့ မိုးသဲကပါ ကူဖွင့်ပေးလေလျှင် –

"ဟယ် ... ဖိနပ်ကလေးတော့"

"လှလိုက်တာ"

ဖိနပ်က နောက်ခုံအမြင့်လေးဖြစ်ပြီး အနက်ရောင်စိုစိုလေး ပေါ်မှာမှ ကျောက်ပွင့်အဖြူရောင်လေးတွေနှင့် တဖျတ်ဖျတ်လက်နေလို့ပါ။ မိုးစက်မောင်က ထသွားပြီး –

"မမကြိုက်လား။ အနက်ရောင်ဆိုတာ သူ့ကို ဘာရောင်ဲ လာနှောနှော သူ့အရောင်ပျောက်မသွားဘဲ ကြံ့ခိုင်တဲ့အရောင်မမရဲ့။ သတ္တိရှိတာပေါ့"

"အင်း ... မမလည်း အနက်ရောင်ကြိုက်ပါတယ်"

"ကျွန်တော်ကိုယ်တိုင် စီးပေးမယ်"

"မဟုတ်တာ"





"ပေးစမ်းပါ"

မြွတ်သောမောင် မျက်နှာပျက်သွားလေ၏။ ဘယ်လိုပဲ သဘောထားကြီးနိုင်ဖို့ ကြိုးစား ကြိုးစား မိုးနဲ့ပတ်သက်လာရင် ဒီကောင်လေးက ကိုယ့်ထက် ဉာဏ်ရည်ကွန့်မြူးနေတာလေ။ ကိုယ်က အရိပ်လို မိုးပေးချင်လို့ ထီးလေးပေးတော့ သူက အနင်းခံပြီး လိုရာခရီးကို လျှောက်လှမ်းနိုင်မယ့် ဖိနပ်တဲ့။

အစကတည်းက သူ ထီးရော ဖိနပ်ပါ ဝယ်လာခဲ့ရင် အကောင်းသားပေါ့။

မြူ ဘယ်လိုနေမလဲ လှမ်းကြည့်လိုက်တော့ ကိုယ့်ထက် တောင် ပိုဆိုးပါသေးသည်။ မိုးစက်မောင်က ကျောခိုင်းထားလို့ မမြင်ပေမယ့် မြူက မိုးစက်မောင်ကို ကြည့်နေတာ ဒေါသမျက်ဝန်းနှင့်ပါ။

"မမခြေထောက်နဲ့ ကွက်တိပဲနော်"

"မမဖိနပ်နံပါတ်ကို မှတ်ထားတာကိုး မမလေးရဲ့"

"ဟုတ်လား"

သူတို့ ပြုံးပျော်ကြည်နူးနေတာကိုကြည့်ပြီး မြူ ဘယ်လိုမှ မခံစားနိုင်တော့ပေ။ ကိုယ့်မွေးနေ့တုန်းကတော့ ဘာပေးရမှန်းမသိလို့ ဆိုပြီး ရေမွှေးလေးနဲ့ပဲ ပြီးသွားခဲ့တာ။ အခုကြည့်စမ်း။ ဒီမိန်းမအတွက်ကျတော့ စိတ်ကူးတွေ ကွန့်မြူးနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုကြည့်ပြီး ဖြူ ငြိမ်းနေနိုင်ပါ့မလား။ ဖိနပ်ကိုတောင် ခြေထောက်ကိုင်ပြီး ကိုယ်တိုင်စီးပေးလို့။

"တောက်"

"ဟင်"

တက်ခေါက်သံကျယ်ကျယ်ကြောင့် အသံကြားရာဆီသို့ ကြည့်လိုက်ကြတော့ ဖြူ နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး မျက်လုံး တွေက စူးစူးရဲရဲပါ။

"ဖြူ"

"ဒီလောက်အထိ အဖြစ်သည်းနေတာ ရိုးသားသတဲ့လား ကိုဘုန်းမြတ်သော်ဇင်။ ဒီတစ်ခါ ဘယ်လိုဖြေရှင်းချက်ပေးဦးမလဲ။ ချေးစားပြောတောင် ကြိုက်လို့စားတာလို့ သတ်မှတ်လိုက်မယ်။ ရှင့်ကို ကျွန်မ လုံးဝမယုံတော့ဘူး သိလား။ ပြောတော့ မောင်နှမချစ် မောင်နှမ ချစ်နဲ့ လူကွယ်ရာအမှောင်မှာ ဖြစ်ချင်တိုင်းဖြစ်တော့ရော ဘယ်သူက လိုက်ကြည့်နေနိုင်မှာမှတ်လို့။ တော်ပြီ ဒီတစ်ခါတော့ ရှင်နဲ့ကျွန်မ တကယ်ပြတ်ပြီပဲ"

"အို ... ဖြူ"

အကုန်လုံးထရပ်မိလျက်သား ဖြစ်သွားပြီး မြတ်သောမောင် တစ်ယောက်သာ ထိုင်နေလျက်ပါ။





ဇင်လေးက ဖြူ့ရှေ့ကို ပြေးရပ်လိုက်ပြီး –

"မင်း ဘယ်လိုပြောလိုက်တာလဲ ဖြူ။ မင်းစကားတွေက ဝိသိက္ခာဆိုတာထား မမသိက္ခာကို အရမ်းစော်ကားလွန်းသွားပြီနော်။ မင်း မမကို မကြည့်ညို့ မလေးစားရင်နေ မစော်ကားပါနဲ့။ မင်းမသိရင် မှတ်ထား။ ၁၅၀၀ အချစ်ဆိုတာ ဖြူ နီ ဝါ ပြာ ဘယ်ကာလာပဲဆိုဆို အရောင်ဆိုးရတာလွယ်တယ်ကွ။ ၅၂၈ အဖြူရောင်အချစ်က ဘယ်သူ က ဘာရောင်နဲ့ပဲ လာခြစ်ခြစ် အောက်မှာ အဖြူရောင်က အဖြူရောင် အဖြစ် ကျန်ရစ်နေသေးတယ်။ ဒါကိုမှ မင်းမယုံဘူးဆိုရင် ကြိုက်သလို သာ ဆုံးဖြတ်၊ ငါရပ်ကျန်ခဲ့မယ်"

"ဪ ... ရှင်က ဒီလိုလား"

"ဟုတ်တယ်"

ဖြူ မျက်ရည်မကျအောင် အံကြိတ်ထားလိုက်မိ၏။ ကိုယ့်ရဲ့ အချစ်စစ်နဲ့ မထိုက်တန်တဲ့လူ။ ရှေ့မဆက်ကြတာ အကောင်းဆုံးပဲ ပေါ့။ ကမ်းတဲ့လက်ကို ရိုက်ချပြီးဆိုမှတော့ ကိုယ်က ငုပ်တုတ်အမှန် ရမှာလား။ သူရိုက်ရင် ကိုယ်က ပြန်ကိုက်ပြီး ကျောခိုင်းထားခဲ့ရုံသာ။

"ရှင်က အချစ်စစ်နဲ့ မထိုက်တန်တဲ့လူ"

"မင်း ထင်ချင်သလို ထင်"

"ရှင်နဲ့ ထိုက်တန်တာကလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဟာ"

လျှင်လိုက်တဲ့လက်၊ ရှောင်ချိန်တောင်မရလိုက်ပေ။ ဖင်လေး ပါးတစ်ဖက်ကို လက်ဝါးနဲ့အုပ်ပြီး ပြန်လှည့်လိုက်စဉ်မှာ ဖြူက ထွက် သွားပြီဖြစ်ကာ –

"ဖြူ"

မိုး ဖြူ့နောက်သို့ ပြေးလိုက်သွားလေ၏။ လက်ကိုထောင် ကြည့်သလို ကိုယ့်ဘက်ကကြည့်တော့ လက်ဝါး၊ သူ့ဘက်ကကြည့် တော့ လက်ခုံ အားလုံးက မှန်နေတာပဲလေ။ ဒါကြောင့် မဖြစ်သင့်တာ မဖြစ်ရအောင် ဒီတစ်ခါတော့ မိုးဘက်ကပဲ ပြတ်သားမှဖြစ်တော့မည်။ သူများချစ်သူတွေကြားမှာ ကိုယ်က အတားအဆီးဖြစ်နေပြီဆိုရင် ခလုတ်တိုက်ခံရလွန်းလို့ ကိုယ့်မာနတွေ ကြိုးကြေကုန်တော့မှာပါ။

"ဖြူ"

"___"

"ဖြူ ... နေပါဦး"

ဖြူ့နောက်ကို သဲကြီးမဲကြီးလိုက်နေတဲ့မိုး။ ဖြူ့ကိုမိဖို့က လွဲရင် ဘာကိုမှ ဂရုမစိုက်နိုင်ပေ။

"ဖြူ"





"____"

"ဖြူ ခဏနေပါဦး"

"မမ မလိုက်နဲ့"

နောက်ကနေ ဆက်တိုက်လိုက်လာသူတွေမှာ မြတ်သော မောင်၊ မိုးစက်မောင်နဲ့ မိုးသဲရောပါ။ မိုး လမ်းကို ဖြတ်ကူးချိန်မှာ အနီရောင်ကားတစ်စီးက အရှိန်နှင့်မောင်းလာတာမို့ –

"ဟာ"

"မမ"

"မိုး"

"ဒုန်း"

"အား"

အားလုံး ကြောင်ပြီး ခြေလှမ်းတွေရပ်တန့်မိသွားကြပြီးမှ–

"မိုး"

အရင်ဆုံး သတိပြန်ရပြီး ပြေးသွားသူက မြတ်သောမောင်ပါ။ သူ မိုးကိုယ်လေးကို အတင်းပွေ့လိုက်တော့ ခေါင်းမှ သွေးတွေဖြာခနဲ ထွက်လာပြီးနောက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မိုးတစ်ယောက် ကားတိုက်ခံရပြီး ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် အခုဆိုရင် လူမသေပေမယ့် ဘဝသေသွားခဲ့ပါပြီ။ သူများကျွေးမှစား သူများပေးမှယူ ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းမသိတဲ့ဘဝပါ။ အနီးကပ် ပြုစုနေရသူတွေက မိုးသဲနဲ့မိုးစက်မောင်ပဲပေါ့။ မိုးစက်မောင်မှာ မမအတွက် ယူကျုံးမရဖြစ်နေရတာလေ။

ကိုယ်လေးစားတန်ဖိုးထားရတဲ့ စာရေးဆရာမတစ်ယောက်က ခုတော့ ကိုယ့်ကြောင့်ပဲ စာမရေးနိုင်တဲ့ ဒုက္ခိတဘဝကို ရောက်သွားတာ ဘယ်လိုမှကို ဖြေလို့မရနိုင်။

မမရယ် မမ ကျွန်တော်နဲ့သာ မပတ်သက်မိရင် ခုလိုထျ





ဖြစ်လာမှာမဟုတ်ဘူးနော်။ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ မမ။

"မိုးစက်မောင်"

"ဗျာ . . . မမလေး"

"မမကို ဆေးတိုက်လိုက်ပါဦး"

"ဟုတ်ကဲ့ မမလေး၊ ကျွန်တော် ခုပဲ တိုက်မလို့ပါ"

"အေး အေး . . . ဒါဆို ငါ ချက်စရာရှိတာ ချက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

မိုးသဲ ပြန်လှည့်ထွက်သွားတော့ မိုးစက်မောင် မမကို ဆေးတိုက်လိုက်သည်။ မမကိုကြည့်ပြီး ရင်နင့်နေရတဲ့ ဝေဒနာက ဘယ်တော့မှ ပျောက်သွားမှာ မဟုတ်တော့ပါဘူး။

"မမ"

မမဆိုတော့ ကြည့်လိုက်တာ သူ့ကိုသိလို့ မဟုတ်ပေ။

"မမ ငှက်ပျောသီးစားမလား"

"____"

"ငှက်ပျောသီးလေ သိလား"

"မသိဘူး"

"ချိုတဲ့အသီးပေါ့ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မစားဘူး မစားဘူး ... အီး ဟီး"

"ဟာ ... မငိုနဲ့လေ မမရဲ့။ မစားချင်ရင်လည်း မစားပါနဲ့ဗျာ ငိုတော့မငိုပါနဲ့နော်"

မိုးကို မိုးစက်မောင်က ကလေးလိုချော့နေရတာကိုပဲ စိတ်မကောင်းစွာ ရပ်ကြည့်နေသူက ဦးမိုးလွင်နဲ့ မြတ်သောမောင်ပါ။

"မိုးရယ်"

မြတ်သောမောင် ရင်ထဲကနေ ချစ်သူနာမည်လေးကိုခေါ်ပြီး ညည်းတွားလိုက်မိ၏။ ကံကြမ္မာက ရက်စက်လိုက်တာ။ လူတစ်ယောက်ရဲ့ အတ္တကြောင့် လူတစ်ယောက်ရဲ့ဘဝ သေဆုံးသွားခဲ့ပြီလေ။ ရှေ့ဆက် ဘာတွေဖြစ်ကြဦးမှာလဲ။ မြတ်သောမောင် နိုင်မာတဲ့ဆုံးဖြတ်ချက်နှင့် လာခဲ့တာမို့ –

"ဦး"

"ဟင်"

"ကျွန်တော် မိုးကိုလက်ထပ်ပါရစေ ဦးရယ်။ မိုးဘဝကို ကျွန်တော် အရိပ်လို မိုးပေးပါရစေ"

"မဖြစ်ဘူး မြတ်သောမောင်"

"ဗျာ"

ဦးမိုးလွင် လေးတွဲ့စွာခေါင်းခါပြီး သက်ပြင်းချလိုက်မိသည်။





ဖြစ်မှမဖြစ်နိုင်ကြတော့ပဲလေ။

"ဘာဖြစ်လို့လဲ ဦးရယ်"

"ဘာဖြစ်ရမှာလဲ ... ဦးသမီးက အကောင်းပကတိမှ မဟုတ်တော့တာ။ မင်း အခုနေသာ ကရုဏာဒေါသောနဲ့ စိတ်ရှည်သည်းခံနိုင်ပေမယ့် တစ်နေ့မဟုတ် တစ်နေ့တော့ စိတ်ပျက်မိမှာပါ။ ဦးသမီးကို ဘယ်သူမှ ငြိုငြင်တာမျိုးဖြစ်မှာ မခံနိုင်လို့ ဘယ်သူ့လက်ထဲကိုမှ ဦး ထည့်မပေးနိုင်တာပါ။ ဦးကိုခွင့်လွှတ်ပါ မြတ်သောမောင်"

"ဦး"

"နောက်ထပ်မပြောပါနဲ့တော့၊ မင်းပြန်ပါတော့ကွာ။ နောက်လည်း ဒီကိုမလာပါနဲ့တော့"

"မဟုတ်ဘူးလေ"

ဦးမိုးလွင် ထပ်မပြောဖို့ လက်ကာပြပြီး ထွက်သွားလေတော့၏။ ဒါ ဘယ်လိုမှ လက်မခံနိုင်တဲ့သဘောပဲလေ။

"မိုးရယ်"

မိုးရယ်လို့ တစ်ခါခေါ်မိတိုင်း ရင်ထဲမှာက နွေပေါင်းများစွာ ခနေခဲ့ပါပြီ။ အသက်ရှင်လျက်နဲ့ ဝေးရပြီပေါ့မိုးရယ်။ ကိုယ့်ချစ်သူကို အနီးကပ်ပြုစုချင်တာတောင် ပြုစုခွင့်မရတော့ပါလား။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ဖြူပါ။

"ဩော် . . . မင်း"

ဒါပဲပြောပြီး မျက်နှာချင်းမဆိုင်ချင်စွာ လှည့်ထွက်လာခဲ့တော့၏။ ရင်ဘတ်တစ်ခုလုံး ဗုံးတစ်လုံး အကျဲခံရသလို လွင့်ထွက်မတတ်ပါပဲမိုးရယ်။

"အစ်ကို"

"ဟင် . . . ဩော် မိုးသဲ"

"အစ်ကိုကိုမြင်လိုက်လို့ မိုးသဲ ထွက်လာတာ။ အစ်ကို့ကို ပေးစရာလေးရှိလို့ပါ"

"ဘာများလဲ မိုးသဲ"

"ဒီမှာ မမ ရေးထားတဲ့ကဗျာလေး။ အစ်ကို့ကို ဖတ်စေချင်လို့ပါ။ အစ်ကို အခြားမိန်းကလေးတစ်ယောက်နဲ့ တွဲပြတုန်းက မမ ဒီကဗျာလေးစပ်ရင်း ငိုခဲ့တယ် အစ်ကို။ အဲဒါကို အစ်ကိုသိစေချင်လို့ပါ"

မြတ်သောမောင် ကဗျာစာရွက်ကလေးကို လှမ်းယူပြီး ဖြန့်ကြည့်လိုက်စဉ်မှာပဲ မိုးသဲက ပြန်လှည့်ထွက်သွားလေသည်။ မြတ်သောမောင် ကဗျာလေးကို ဖတ်လိုက်တော့ –

**မောင်**

အချစ်ကိုအယောင်ပြပြီး





ငါ့နှလုံးသားကိုအမှောင်ချသွားခဲ့တာ။

တောင်စွယ်မှာကွယ်တော့မယ့်နေလို

မာန်နောက်ကွယ်မှာ

ငါ့အချစ်တွေကွယ်ပျောက်ရတော့မှာလား။

တမလွန်ရွာမှာ

ဘဝတောင်းကိုမေ့ဖို့

မေ့ပင်အောက်ကိုဝင်ရတယ်တဲ့။

နင့်ကိုမေ့ဖို့

ငါ

မသေခင်ဘဲ

မေ့ပင်အောက်ကိုဝင်တော့မယ်။

ကဗျာလေးဆုံးသွားတော့ မြတ်သောမောင် မျက်ရည်တွေဝဲလာမိ၏။ မိုးရယ် မောင်လေ မိုးကို မလိမ်မညာခဲ့ပါဘူး။ ဒီကဗျာကို မိုး စပ်ခဲ့တာ နိမိတ်ဖတ်ခဲ့တာလား။ အခု မိုးရေးထားသလိုပဲ မောင့်ကို မေ့တဲ့ မေ့ပင်အောက်ကို မိုးဝင်သွားခဲ့ပြီပေါ့။ မောင်ကတော့ ဒီတစ်သက် မိုးကိုမမေ့ဘူး။

မောင့်နှလုံးသားထဲမှာ မိုးအမြဲရှိနေမယ်ဆိုတာ ယုံပါ မိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"____"

"ကိုကို"

"ဟင်"

မိုးစက်မောင် ခေါ်သံကြားလို့ လှည့်ကြည့်ပြီး ဖြူ့ကို မြင်လိုက်တဲ့ မိုးစက်မောင် မျက်နှာက တင်းခနဲဖြစ်သွားပြီး –

"မင်း ဘာလာလုပ်တာလဲ မေမြင့်မြတ်ဖြူ"

"ဖြူ ဖြူ . . . တောင်းပန်ပါတယ် ကိုကိုရယ်"

"ဘာ . . . တောင်းပန်တယ် ဟုတ်လား။ မင်း တောင်းပန်လို့ မမဘဝ အကောင်းပကတိပြန်ဖြစ်မလာနိုင်တော့ဘူးကွ။ မင်း ထွက်သွား သွားပါ။ မမဘဝအတွက် ငါ့မာနနဲ့ ငါ့သိက္ခာ၊ ဒါတွေအားလုံး အတွက် မင်းကို ငါ့နှလုံးသားထဲကနေ ထုတ်ပစ်လိုက်ပြီ"

"ဖြူ မှားပါတယ် ကိုကိုရယ်။ ဖြူ့ရဲ့ အတ္တတွေကြောင့် မမ ခုလိုဖြစ်သွားရတာပါ။ အဲဒီအတွက် ဖြူ ပြန်ပြီးပေးဆပ်ပါရစေ ကိုကို ရယ်နော်"

"မလိုတော့ဘူး မေမြင့်မြတ်ဖြူ။ အခုအချိန်ကစပြီး မမက ငါ့ရဲ့အမေ ငါ့ရဲ့အစ်မ။ ငါ့ဘဝကို မမအနားမှာ မြှုပ်နှံသွားဖို့ ငါ ဆုံးဖြတ်ပြီးပြီ။ ငါ့ရင်ထဲမှာ မင်းလည်းမရှိတော့ဘူး။ အဲဒီတော့ မင်းနဲ့





လည်း ပတ်သက်စရာအကြောင်း မရှိတော့ဘူး။ မင်း ဒီအိမ်ကို နောက်ထပ် လုံးဝမလာပါနဲ့"

"ကိုကို"

တကယ်ပဲ ရက်စက်နိုင်ပြီလား။ တကယ်ပဲပြတ်သားနိုင်ပြီလား ကိုကိုရယ်။ ဖြူ ဖြူ ရင်ထဲမှာ မီးတောက်နေပါပြီ။ ဖြူ့ရဲ့အမှားကြောင့် ကိုကို ခွင့်မလွှတ်နိုင်တာ သဘာဝကျပါသည်လေ။ ဖြူ နားလည်ပါပြီ ကိုကို။ မမ ခုလိုဖြစ်ရတာ ဖြူ့ အတ္တတွေကြောင့်ပါ။ ဖြူ့မှာ အပြစ်ရှိပါတယ်။ ဖြူ နောင်တရပေမယ့် နောက်ကျသွားပါပြီ ကိုကို ရယ်။

"မင်း မသွားသေးဘူးလား မေမြင့်မြတ်ဖြူ"

"____"

"သွားလေ"

ဖြူ ကိုကို့ကို ငေးကြည့်ရင်း ရပ်နေဆဲမှာ –

"မမ"

"___"

"မမ လမ်းလျှောက်ရအောင် ခြံထဲသွားမယ်နော်"

ခုမှ ဘာမှမသိနားမလည်တဲ့ ကလေးတစ်ယောက်လို သူများ ထိုင်ခိုင်းရင်ထိုင် သူများထခိုင်းရင်ထနေရတဲ့ဘဝမှာ မိုးစက်မောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးတွယ်တာစရာ ဖြစ်နေခဲ့ပြီလေ။

မိုးစက်မောင် မမ လက်ကလေးကိုဆုပ်ကိုင်လိုက်တော့ ဖြူကလည်း အနားရောက်လာပြီး ကျန်တဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်လေလျှင် –

"ငါ့မမကို မင်းကိုင်စရာမလိုဘူး"

ဖြူ့ လက်ကို ဖယ်ချပြီး မိုးစက်မောင် မမကိုထရပ်စေကာ...

"မင်း လိုက်မလာနဲ့နော်၊ လိုက်လာရင် ငါ့အဆိုးမဆိုနဲ့ ဘုန်းမြတ်သော်ဇင်ဆိုတဲ့ကောင် မင်းဘဝထဲကထွက်သွားပြီ။ သေပြီလို့သာ မှတ်လိုက်တော့"

ဒါ နိုင်မာသောဆုံးဖြတ်ချက်ပါ။ မိုးစက်မောင် တကယ်ပဲ အချစ်ဆိုတာကို ကြောက်ရွံ့စွာနှင့် မမဘေးနားမှာ မမကိုပြုစု စောင့်ရှောက်ရင်း အချစ်နဲ့ဝေးအောင် ရှောင်တော့မည်လေ။

တကယ်တော့ အချစ်ဆိုတာ ချစ်မိတာနဲ့ မီးကိုထိသလို ပူတတ်သည်လေ။ ပြီးတော့ အတ္တတွေ မာနတွေနဲ့ လှောင်ပိတ်ခံထားရတဲ့ အကျဉ်းသားတစ်ဦးလိုပါပဲ။

ဒါကြောင့် ၁၅၀၀ သောအချစ်ဆို ဝေးဝေးကရှောင်ပါလေ။

ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ

အလင်းသစ်

၂၀၁၅
ဩဂုတ်လတွင် ဖတ်နိုင်ပါပြီ

# မမသဒ္ဒါမောင်

အကြီးကြီးပဲ မုန်းပစ်မယ်

# ကြယ်စင်မှူးဝေ

တောနဲ့တောင်စွယ် အချစ်နဲ့အမုန်းရယ်

# မယ်ခိုင်

သမုဒ္ဒရာမဖြစ်သော ဝိရောဓိများ

# မိုးစက်ပွင့်

အချည်မှားတဲ့ ကြိုး

# အလင်းသစ်

ဖြတ်မရတဲ့ကြိုး (ငွေရတုအထိမ်းအမှတ်)

# ခေတ်ပါဖြူ

# ဆိုင်းကြာဖြူ (လားရှိုး)

ဆုံမှတ်တစ်နေရာ၌

www.burmeseclassic.com